# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြ၏**
>
> ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြ၏။
>
> ပုပ္ဖဝဂ် (ဓမ္မပဒ - ၅၄)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၀၆၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကတ္တမန္ဒူးမြို့၌ ကျင်းပသည့် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီး ဒီဇင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ နေပြည်တော်သို့ ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး မစ္စတာ အစ်ရှ်ဝါပိုကာရယ်၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး သီရိပျံ့ချီ ဦးထွန်းနေလင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါ ဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး၊ မြန်မာသံရုံးမိသားစုများနှင့် တာဝန်ရှိသူများက ကတ္တမန္ဒူးမြို့ ထရီဘူဗန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။ သတင်းစဉ်

## (၂၁) ရာစု ပင်လုံညီလာခံ လူထုကြိုဆိုထောက်ခံပွဲ တိုင်းရင်းသားရိုးရာအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ဈေးပွဲတော်ဖွင့်



**ရန်ကုန် ဒီဇင်ဘာ ၂**

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နိုးကြားစေရန် ရည်ရွယ်၍ (၂၁) ရာစု ပင်လုံညီလာခံကို လူထုမှ ကြိုဆိုထောက်ခံသောအားဖြင့် တိုင်းရင်းသားတို့၏ ရိုးရာအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ မြကျွန်းသာရှေ့တွင် ကျင်းပခဲ့သည်။

ပြည်ထောင်စုတိုင်းရင်းသားများအားလုံး ပါဝင်သော ၂၁ ရာစု ပင်လုံညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုဘဝ မြင့်မားရေးအတွက် ပြည်တွင်းစစ်အပြီးတိုင်ချုပ်ငြိမ်းရေး၊ တောင်ပေါ်မြေပြန့်တိုင်းရင်းသား *စာမျက်နှာ ၁၂ ကော်လံ ၁* ❑


**ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး**

ပြည်တွင်းသတင်း စာ » ၉

**ဆွေးနွေးပွဲများပြုလုပ်ရန် မူဘောင်တစ်ရပ်ကို အာဘေးနှင့် ပူတင် သဘောတူညီ**

နိုင်ငံတကာသတင်း စာ » ၁၄



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ပြည်သူ့ဝန်ထမ်းကောင်းများ ပေါ်ထွန်းရေး . . .

နိုင်ငံတစ်ခု တိုးတက်ဖွံ့ဖြိုးရေး၌ အစိုးရအုပ်ချုပ်ရေးယန္တရား ချောမွေ့လည်ပတ်မှုက အလွန်အရေးကြီးပါသည်။ အစိုးရအုပ်ချုပ်ရေးယန္တရား တစ်ခုလုံး အဂတိကင်းကင်းနှင့် ချောမွေ့လည်ပတ်ရေးမှာ ပြည်သူ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပေါ် များစွာမူတည်ပါ၏။ အစိုးရယန္တရားတွင်းရှိ ပြည်သူ့ဝန်ထမ်းများဆိုသည်က အုပ်ချုပ်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ ပြည်ထဲရေး၊ လုံခြုံရေး၊ တရားရေး စသည့် အရေးအရာများ အားလုံး နိုင်ငံတွင်း အဆင်ပြေပြေလည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသည့်သူများ ဖြစ်ပါသည်။

ဗြိတိသျှကိုလိုနီလက်ထက် အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် အိုင်စီအက်စ်များ နောင်တွင် ဘီစီအက်စ်များ လေ့ကျင့်သင်ကြားခြင်း၊ တက္ကသိုလ်ကျောင်းများ ဖွင့်လှစ်ကာ တိုင်းပြည်အုပ်ချုပ်ရေးအတွက် ပညာတတ်များ မွေးထုတ်ခြင်းတို့ကို အလေးအနက်ထားဆောင်ရွက်ခဲ့ရာ အဆိုပါ တက္ကသိုလ်ကျောင်းများမှပင် သခင်နု၊ သခင်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ သခင်သိန်းဖေ၊ သခင်ဗဟိန်း၊ ဦးကျော်ငြိမ်း အစရှိသည့် တိုင်းပြည်ခေါင်းဆောင်များ ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်သည်။

ဆိုလိုသည်မှာ ပညာတတ်များ၊ ဝန်ထမ်းကောင်းများဆိုသည်က တိုင်းပြည်အတွက် အမြဲတမ်းလိုအပ်သည့် အရေးပါသည့်ပုဂ္ဂိုလ်များ ဖြစ်သည်ကို နားလည်ပါးနပ်သော နိုင်ငံကြီးများက မြင်တတ်သည် ဟူခြင်းပါ။

ထိုခေတ် ထိုအခါက အိုင်စီအက်စ်ဆိုသည့် ပုဂ္ဂိုလ်များကို အင်္ဂလန်နိုင်ငံအောက်စ်ဖို့၊ ကိန်းဘရစ်တက္ကသိုလ်ကဲ့သို့သော ထိပ်တန်းတက္ကသိုလ်ကြီးများသို့ ပို့လွှတ်ပညာသင်စေပြီး တာဝန်ထမ်းစေခြင်း ဖြစ်ပါသည်။ ထိုခေတ်က အိုင်စီအက်စ် ဦးချမ်းသာက ပဋိညာဉ်ခံ ဝန်ထမ်းများ၏ အစဉ်အလာ ထိန်းသိမ်းကျင့်သုံးကြရသောအချက်ကို ဤသို့ ရှင်းလင်းစွာ ဖော်ပြဖူးပါသည်။

“ပဋိညာဉ်ခံ ဝန်ထမ်းအဖွဲ့ဝင်များသည် ပဋိညာဉ်ကတိစာချုပ်တွင် ပါဝင်သော အချက်များကိုသာ စောင့်စည်းကြရသည် မဟုတ်သေး။ ၎င်းတို့၏ အစဉ်အလာအရ ထိန်းသိမ်းကျင့်သုံးကြရသော အခြားအချက်တစ်ခုလည်း ရှိပေသေး၏။ ထိုကား အခြားမဟုတ်၊ ‘ဆိုင်းလင့်-ဝပ်ကား’ ဆိုသည့် (စကားမပြော အလုပ်ကိုသာ ဖိလုပ်သည်၊ အပြောသမားမဟုတ် အလုပ်သမားသက်သက်ဖြစ်သည်) ဆိုသည့် ကျင့်စဉ်ဖြစ်ပေသည်။… အလုပ်ကို လုပ်ပြပြီး အလုပ်က ပြောခြင်းသည် ပါးစပ်က ပြောခြင်းထက် တန်ဖိုးရှိပေသည်ဟု ယုံကြည်ကြ၏။ ဤသည် အိုင်စီအက်စ်၏ စာရိတ္တဂုဏ်ရည် ဂုဏ်သွေးတစ်ရပ်ပင် ဖြစ်တော့သည်” ဟူ၏။

လွတ်လပ်ရေးရဖို့သေချာနေချိန် အင်္ဂလိပ်အစိုးရနှင့် ညှိနှိုင်းနေစဉ်မှာ အမြော်အမြင်ကြီးမားသော ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူ့ဝန်ထမ်းများ၏ ဗျူရိုကရေစီယန္တရား အရေးပါမှုကို နားလည်ခဲ့၏။ ထို့ကြောင့် အဆိုပါ ဦးချမ်းသာတို့ကဲ့သို့သော ပညာတတ်ပြီး အုပ်ချုပ်ရေးအတတ်ကို စနစ်တကျသင်ယူခဲ့ကြသော အိုင်စီအက်စ်များကိုခေါ်ကာ ဆွေးနွေးခဲ့ခြင်းက သက်သေဖြစ်ပါ၏။ ဗိုလ်ချုပ်က အိုင်စီအက်စ်များကို ပွင့်ပွင့်လင်းလင်းပင် သူတို့ မြန်မာပြည်ကို လုံးဝလွတ်လပ်ရေးရအောင်လုပ်နေပြီ၊ အိုင်စီအက်စ်၊ ဘီစီအက်စ်များကို လွတ်လပ်ရေးရပြီးနောက် ပြည်သူ့ဝန်ထမ်းများအဖြစ် ဆက်လုပ်စေချင်သည်၊ ဆက်လုပ်ကြပါ၊ သို့သော် အင်္ဂလိပ်အစိုးရပေးသကဲ့သို့ အခွင့်အရေးနှင့် လစာတော့ ပေးနိုင်မည်မဟုတ်ဆိုသည်ကိုလည်း ရှင်းရှင်းပြောခဲ့သည်။

အိုင်စီအက်စ်များကလည်း ဗိုလ်ချုပ်မခေါ်ခင်ကတည်းက အားလုံး စုဝေးဆွေးနွေးထားကြပြီးသား၊ နိုင်ငံအတွက် အခွင့်အရေး အဓိကမထားဘဲ ဆက်လက်တာဝန်ယူကြဖို့။

အထက်ပါ သမိုင်းဖြစ်ရပ်က ပြည်သူ့ဝန်ထမ်းများ၏ တည်ကြည်မှု၊ ပညာပြည့်ဝမှုတို့၏ အရေးပါပုံကို ဖော်ပြနေပါသည်။ ဗိုလ်ချုပ်တို့ ကျဆုံးပြီး လွတ်လပ်ရေးရပြီးသည့်နောက် အဆိုပါ အိုင်စီအက်စ်များ၊ ဘီစီအက်စ်များ၏ အင်အားဖြင့် နိုင်ငံထူထောင်ရေး ကာလကို မည်သို့ဖြတ်သန်းခဲ့သည်ဆိုသည်မှာ သမိုင်းမှာ မှတ်တမ်းဝင်ခဲ့ပြီး ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အစိုးရအုပ်ချုပ်ရေးယန္တရားကို ပါဝင်မောင်းနှင်ကြမည့် ပြည်သူ့ဝန်ထမ်းများ၏ တည်ကြည်ဖြောင့်မတ်မှုနှင့် အုပ်ချုပ်ရေးအတတ်ပညာ စနစ်တကျသင်ယူတတ်မြောက်မှုတို့က နိုင်ငံထူထောင်ရေးတွင် အလွန်အရေးပါသည်ဟု ထင်မြင်ယူဆမိပါကြောင်း တင်ပြလိုက်ရပါသည်။

# အာရှ - ပစိဖိတ်အခမ်းအနားတွင် စတော့ဟုမ်း ငြိမ်းချမ်းရေးဆုရှင် ဆရာတော် ဦးသောဘိတက ဗုဒ္ဓဘာသာကိုယ်စားပြု အထူးမိန့်ခွန်း မိန့်ကြား

**ကတ္တမန္ဒူး ဒီဇင်ဘာ ၂**




IBEC ဆရာတော် ဦးသောဘိတ (စတော့ဟုမ်း ငြိမ်းချမ်းရေးဆုရှင်) သည် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပလျက်ရှိသော အာရှ-ပစိဖိတ် ထိပ်သီးညီလာခံ၌ တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာကိုယ်စားပြုအနေဖြင့် ငြိမ်းချမ်းရေးသတင်းစကားများ မိန့်ကြားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ နိုင်ငံတော်အကြီးအကဲများ၊ နယ်ပယ်အသီးသီးမှ ခေါင်းဆောင်များ၊ အငြိမ်းစားအရာရှိကြီးများနှင့် နိုင်ငံတကာမှ လူငယ်ခေါင်းဆောင်များ စုစုပေါင်း ၂၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ယင်းအခမ်းအနားတွင် ဆရာတော်မှ ငြိမ်းချမ်းရေးစကား မိန့်ကြားခဲ့သည်မှာ ဆူပူအကြမ်းဖက်မှုတွေရဲ့ရှေ့မှာ ငြိမ်းချမ်းရေးပြယုဂ်တစ်ခုဖြစ်ဖို့၊ မုန်းတီးမှုတွေရဲ့ရှေ့မှာ မေတ္တာတရားအကြောင်းတွေကိုပဲ ပြောကြားကြဖို့၊ အမှောင်တွေရဲ့ရှေ့မှာ အလင်းပေးသူဖြစ်ကြဖို့၊ မျှော်လင့်ချက်ကင်းမဲ့နေချိန်မှာ မျှော်လင့်ချက်ထားနိုင်ကြဖို့၊ ရက်စက်ကြမ်းကြုတ်မှုတွေရဲ့ရှေ့မှာ သမ္မအရာအားလုံးကို ဆုပ်ကိုင်ထားကြဖို့၊ ရက်စက်ကြမ်းကြုတ်မှုတွေရဲ့ရှေ့မှာ ကရုဏာတရားတွေကို ပြသကြဖို့၊ လူသားအားလုံးဟာ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်တယ်ဆိုတာကို ပြသပေးနိုင်ကြဖို့၊ အလိုအပ်ဆုံးအချက်မှာ နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း အပြန်အလှန်လေးစားမှုရှိရန် ဆွေးနွေးပွဲများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အကျပ်အတည်း အခက်အခဲပြဿနာများအတွက် တစ်ခုတည်းသောအဖြေမှာ အပြန်အလှန်နားလည်မှုရှိကြရန်သာ ဖြစ်ကြောင်း၊ ထို့အပြင် ယခုဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးအတွက် လက်တွေ့ဖော်ဆောင်နိုင်ရန် အကောင်းဆုံးအခွင့်အလမ်းသာ ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားခဲ့သည်။

**အောင်စံမောင်**

# နေပြည်တော်မိသားစုပရဟိတအဖွဲ့မှ သန့်ရှင်းရေးကုသိုလ်ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်ရှိ အစိုးရဝန်ကြီးရုံးများမှ အရာထမ်း၊ အမှုထမ်းများ၊ Public Size မှ ပရဟိတစိတ်ရှိသူများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နေပြည်တော်မိသားစုပရဟိတအဖွဲ့၏ (၃၁)ကြိမ်မြောက် သန့်ရှင်းရေးကုသိုလ်ပြုလုပ်ခြင်းကို ယနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် အသင်း၏နာယက၊ ဥက္ကဋ္ဌ ပါဝင်သော အသင်းဝင် ၃၅ ဦးတို့ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# ဦးစိုးလင်းဟန်အား နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# အမျိုးသားနေ့ မြို့မကျောင်းသား ကျောင်းသူဟောင်းများ ဂါရဝပြု

**ရန်ကုန် ဒီဇင်ဘာ ၂**

(၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျောက်စာတိုင်ဂါရဝပြုပွဲနှင့် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် အမျိုးသားနေ့အထိမ်းအမှတ်ကျောက်စာတိုင်ရှိရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင် စနေထောင့်၌ ကျင်းပခဲ့သည်။ ဂါရဝပြုပွဲဖြစ်မြောက်ရေးအတွက် ကြီးမှူးကျင်းပသော ရန်ကုန်မြို့ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အသင်းသားများက မြန်မာသက္ကရာဇ် ၁၂၈၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်တွင် စိုက်ထူခဲ့သော အမျိုးသားနေ့အထိမ်းအမှတ်ကျောက်စာတိုင်ရှေ့တွင် ဆက်လက်ဆောင်ရွက်သွားမည့် အမျိုးသားရေးတာဝန်များကို ရွတ်ဆိုကာ ဂါရဝပြုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ နှစ်စဉ် မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းမှ အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ အသင်းရုံးရှိရာ မြတ်မွန်ရတနာခန်းမ၌ကျင်းပရာ မြို့မ ကျောင်းသား ကျောင်းသူဟောင်းများအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အမျိုးသားနေ့အကြောင်း ဟောပြောပွဲများကို ဦးနန္ဒကျော်စွာ၊ ဦးခင်မောင်သိန်း၊ ရဲဘော်ဘခက်တို့က ဟောပြောကြပြီး အထက (၂)၊ အထက(၃) ဒဂုံ ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။



**အေကေလင်း၊ ဓာတ်ပုံ-ဗလစိုး**

# (၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများ ကျင်းပ

**မိုင်းပန်**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(မွေတော်) အတွင်းရှိ နန်းယီဆိုင်ကော်ခန်းမ၌ (၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့လာသော အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ခေတ္တဥက္ကဋ္ဌ မိုင်းပန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်သူက ဖတ်ကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**လဲချား**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့တွင် ဒီဇင်ဘာ ၂ ရက်က (၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို သီရိဟံသာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်က ဖတ်ကြားခဲ့သည်။ ထို့နောက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးကို အာမခံနိုင်ဖို့ အထောက်အကူပြုမယ့် မှန်ကန်သော ဖြေရှင်းမှုရရှိရေးနဲ့ သဟဇာတဖြစ်မှုကို ခြိမ်းခြောက်နေတဲ့ပြဿနာရဲ့အကြောင်းရင်းတွေကို ရှာဖွေဖော်ထုတ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

## အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသော မိန့်ခွန်း

(၁-၁၂-၂၀၁၈ ရက်နေ့၊ **Hyatt Regency** ဟိုတယ်၊ ကတ္တမန္ဒူးမြို့)

**နီပေါဝန်ကြီးချုပ် မစ္စတာ ကေ၊ပီ၊ ရှာမာ အိုလီ၊**
**ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်းဥက္ကဋ္ဌ ဒေါက်တာ သောမတ်စ် ဂျီ၊ ဝေါလ်၊**
**နိုင်ငံ့အကြီးအကဲများ၊ ညွှေ့သည်တော်ကြီးများ၊**
**ဂုဏ်သရေရှိ လူကြီးမင်းများရှင့်၊**

အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေးကို ယခုလို တက်ရောက်ခွင့်ရတဲ့တွက် မိမိအနေနဲ့ ဂုဏ်ယူမိပါတယ်။ မိမိဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ နေ့ရက်တွေကို ဖြတ်သန်းနေထိုင်ခဲ့ဖူးတဲ့ နီပေါနိုင်ငံကို ပြန်လည်လာရောက်ခွင့်ရရှိတဲ့အတွက်လည်း များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။ မိမိအနေနဲ့ နီပေါပြည်သူတွေရဲ့နွေးထွေးစွာကြိုဆိုမှုနဲ့ ညွှေ့ဝတ်ကျေပွန်မှုတွေအတွက်လည်း များစွာကြည်နူးမိပါတယ်။

### အခွင့်အလမ်းတစ်ရပ်ဖြစ်

နီပေါနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်တဲ့ မိမိရဲ့တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် တစ်ဆက်တည်း အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့တဲ့အတွက် နီပေါဝန်ကြီးချုပ် မစ္စတာ ကေ၊ပီ၊ ရှာမာ အိုလီကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ယခုထိပ်သီးအစည်းအဝေးမှာ ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ လူသားအချင်းချင်း ရိုင်းပင်းကူညီမှုဆိုင်ရာ လုပ်ငန်းစဉ်များကို မြှင့်တင်ပေးရန် တစိုက်မတ်မတ်ကြိုးပမ်းအားထုတ်နေကြတဲ့ ကမ္ဘာ့နေရာဒေသအနှံ့အပြားမှ ပုဂ္ဂိုလ်ကြီးများစွာနဲ့ တွေ့ဆုံခွင့်ရရှိစေခဲ့တာဟာ အဖိုးမဖြတ်နိုင်တဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။

**ညွှေ့သည်တော်များနဲ့ ဂုဏ်သရေရှိ လူကြီးမင်းများရှင့်။**

ဒီကနေ့ကမ္ဘာကြီးဟာ မသေချာမရေရာမှုတွေ၊ ကုန်သွယ်ရေးတင်းမာမှုတွေနဲ့ အင်အားကြီးနိုင်ငံတွေရဲ့ ပြိုင်ဆိုင်မှုတွေနဲ့၊ အထူးသဖြင့် မိမိတို့ဒေသအတွင်းမှာ ကြုံတွေ့နေရပါတယ်။ သမားရိုးကျနှင့် သမားရိုးကျမဟုတ်တဲ့ ခြိမ်းခြောက်မှုတွေဟာ ကြီးမားသောစိန်ခေါ်မှုများကို ဖြစ်စေလျက်ရှိကြပြီး တစ်ခါတစ်ရံမှာ မမျှော်လင့်ထားတဲ့ နေရာကနေ ပေါ်ထွက်လာတာကို တွေ့မြင်ရပါတယ်။ သဘာဝဘေးအန္တရာယ်များ၊ အကြမ်းဖက်မှုများ၊ စားနပ်ရိက္ခာရှားပါးမှု၊ ရောဂါဘယများ၊ ရွှေ့ပြောင်းသွားလာမှုနှင့် နေရပ်စွန့်ခွာမှု၊ ဆင်းရဲနွမ်းပါးမှု၊ တရားမမျှတမှု၊ ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှုနှင့် မတူကွဲပြားမှုအပေါ် လက်မခံမှုများ ဖုံးလွှမ်းနေတဲ့ သတင်းဖြစ်စဉ်တွေကို မိမိတို့ရဲ့ နေ့စဉ်ဘဝမှာ အမြဲမပြတ် ကြားသိနေကြရပါတယ်။ အပြုသဘောမဆောင်တဲ့ အင်အားစုများဟာလည်း နေရာတိုင်းမှာရှိနေကြပြီး ငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်များကို တိုက်စားဖျက်ဆီးလျက်ရှိကြပါတယ်။ မိမိတို့ကမ္ဘာကြီးအတွက် သဟဇာတဖြစ်မှုနဲ့ ပျော်ရွှင်မှုတို့ကို ထိန်းသိမ်းရန် လိုအပ်သော သဘာဝသယံဇာတပစ္စည်းများနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို အဆင်အခြင်မဲ့စွာ ဖြုန်းတီးပစ်မှုတွေကို ကမ္ဘာ့နေရာအနှံ့အပြားမှာ တွေ့မြင်နေရပါတယ်။

### ထိတွေ့ဆက်ဆံကြဖို့လို

သတင်းအချက်အလက်နည်းပညာတွေ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာမှုနဲ့ ကမ္ဘာလုံးဆိုင်ရာ ဖြစ်စဉ်ကြောင့် ကမ္ဘာ့နိုင်ငံများနဲ့ ပြည်သူများဟာ အချင်းချင်း အပြန်အလှန် ဆက်နွှယ်မှုနဲ့ မှီခိုမှုတွေ ပိုမိုတိုးတက်မြင့်မားလာခဲ့ပါတယ်။ ယခုလို ကမ္ဘာလုံးဆိုင်ရာ အပြန်အလှန်မှီခိုလာရမှုရဲ့ ရလဒ်အနေနဲ့ မိမိတို့ အားလုံးနေထိုင်ရာဖြစ်တဲ့ ကမ္ဘာကြီးရဲ့ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးကို အာမခံနိုင်ဖို့ အထောက်အကူပြုမယ့် မှန်ကန်သော ဖြေရှင်းမှုရရှိရေးနဲ့ သဟဇာတဖြစ်မှုကို ခြိမ်းခြောက်နေတဲ့ ပြဿနာရဲ့အကြောင်းရင်းတွေကို ရှာဖွေဖော်ထုတ်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေ မလွဲမသွေ တိုးမြှင့်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ မည်သည့်နိုင်ငံမျှ တစ်နိုင်ငံတည်း ရပ်တည်ရှင်သန်၍ မရနိုင်ပါ။ အမျိုးသားအကျိုးစီးပွားကို ဖော်ထုတ်ရန်နဲ့ ကာကွယ်ရန်၊ ငြိမ်းချမ်းရေးနဲ့ အကျိုးတူသာယာဝပြောရေးတို့ ရရှိရန်အတွက် နိုင်ငံတိုင်းဟာ နှစ်နိုင်ငံချင်းဖြစ်စေ၊ ဒေသတွင်းအချင်းချင်းဖြစ်စေ ထိတွေ့ဆက်ဆံကြဖို့ လိုအပ်ပါတယ်။ အပြန်အလှန် မှီခိုနေထိုင်ကြရတဲ့ ယနေ့ကမ္ဘာကြီးမှာ ငြိမ်းချမ်းမှုကို ရှေးရှုတဲ့ယဉ်ကျေးမှုတစ်ရပ်ကို တိုးမြှင့်ဖော်ထုတ်ခြင်း နည်းလမ်းဖြင့်သာ မတူကွဲပြားတဲ့ လူမှု အသိုက်အဝန်းများအကြားမှာ သဟဇာတဖြစ်မှုကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဟာ ဒင်္ဂါးတစ်ခုရဲ့ မျက်နှာ နှစ်ဖက်သဖွယ် အပြန်အလှန် ဒွန်တွဲလျက်ရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်တစ်ခု ဖြစ်တယ်ဆိုတာ အထွေအထူး ရှင်းပြရန် လိုအပ်မယ်လို့ မထင်ပါ။ ထို့ပြင် ငြိမ်းချမ်းမှုတည်တံ့ခိုင်မြဲခြင်းဆိုတာဟာ ပဋိပက္ခ သို့မဟုတ် စစ်ပွဲများမရှိရုံ သက်သက်မျှသာ မဟုတ်ပါ။ ငြိမ်းချမ်းရေးဆိုသည်မှာ အင်အားသုံးဖော်ဆောင်ရတဲ့ ယာယီအခြေအနေတစ်ရပ် မဟုတ်ဘဲ လူသားတစ်ဦးချင်း၊ မိသားစုတစ်စုချင်းနဲ့ လူ့အဖွဲ့အစည်းတစ်ခုစီတို့ရဲ့ အတွင်းစိတ်နှလုံးမှ ပေါက်ဖွားလာတဲ့ အပြုသဘော



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်

> **“ဒီကနေ့ ကမ္ဘာကြီးမှာ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုစံနှုန်းတွေကို နေရာပေးမှုမရှိတော့တဲ့ အနေအထားမှာရှိနေပြီး ချမ်းသာကြွယ်ဝမှုနဲ့ ဩဇာတိက္ကမ မရှိကြတဲ့ နိုင်ငံတွေရဲ့ လိုအပ်ချက်တွေနဲ့ အကန့်အသတ်ရှိမှုတွေကို အလေးပေးစဉ်းစားခြင်းမရှိဘဲ အင်အားကြီး နိုင်ငံတွေကသာ စံနှုန်းတွေကို သတ်မှတ်ပြဋ္ဌာန်းလာတာကို တွေ့မြင်ရ”**

အင်အားတွေ ဖြစ်ပါတယ်။ သုတေသီတွေရဲ့အဆိုအရ လူသားတွေဟာ မေတ္တာ၊ ကရုဏာ ပွားများဖို့ တိုက်တွန်းသူတွေထက် အမုန်းတရား ဖြန့်ဝေသယ်ဆောင်သူတွေရဲ့စကားအပေါ် ပိုမိုနားယောင် လွယ်တတ်ကြတာကို တွေ့ရှိရပါတယ်။

### ငြိမ်းချမ်းရေးအလင်းရောင်ကို မှေးမှိန်စေ

ပဋိပက္ခတွေရဲ့အခြေခံအကြောင်းရင်းဟာ နာကျင်စေလိုခြင်းနဲ့ ဖျက်ဆီးလိုခြင်းကို ဦးတည်ဆောင်ရွက်တဲ့ မကောင်းသော စိတ်ဆန္ဒဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပဋိပက္ခဖြစ်ပေါ်မယ့် လမ်းစကိုပွင့်သွားစေမှာဖြစ်ပြီး အဲဒီကမှတစ်ဆင့် အမုန်းတရားနှင့် အကြောက်တရား အဆိုးသံသရာစက်ဝန်းကို အမြဲတမ်း အသစ်တစ်ဖန်ဖြစ်ပေါ်လာစေပြီး ငြိမ်းချမ်းရေးအလင်းရောင်ကို မှေးမှိန်စေပါတယ်။

### ယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်

ဒီအဆိုးသံသရာစက်ဝန်းကို ဖောက်ထွက်ပြီး ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက် ပြန်လည်ထွန်းတောက်လာစေဖို့အတွက် မိမိတို့အနေနဲ့ လူ့သဘာဝရဲ့ ကောင်းမွန်သော စရိုက်လက္ခဏာများ ရှင်သန်လာစေရန် ငြိမ်းချမ်းရေးကို ရှေးရှုတဲ့ ယဉ်ကျေးမှုတစ်ရပ်ကို တည်ဆောက်သွားကြဖို့ လိုအပ်ပါတယ်။ ထို့ပြင် အပြန်အလှန်လေးစားမှုနဲ့နားလည်မှုကို ပိုမိုမြှင့်တင်ဖို့သာမက ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ ခိုင်မာစွာဆက်လက်တည်ရှိနေစေဖို့အတွက် မိမိတို့ရဲ့ကိုယ်ပိုင်စွမ်းရည်တွေအပေါ် ယုံကြည်မှုပိုမိုရှိဖို့ ကြိုးပမ်းသွားကြဖို့လည်း လိုအပ်ပါတယ်။

### မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေး

ငြိမ်းချမ်းရေးဟာ မိမိတို့အားလုံးရဲ့ ပစ္စုပ္ပန်ကာလအတွက်သာမကဘဲ အချိန်ကာလ တစ်လျှောက်လုံးအတွက် မရှိမဖြစ်အရေးပါတဲ့ လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး နိုင်ငံအချို့အတွက်သာမဟုတ်ဘဲ နိုင်ငံအားလုံးအတွက် လိုအပ်ချက်လည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ နီပေါနိုင်ငံတို့ကဲ့သို့ ငြိမ်းချမ်းရေးကင်းမဲ့မှုရဲ့ အကျိုးဆက်တွေကို ကြီးမားစွာ ခံစားခဲ့ကြရတဲ့ နိုင်ငံတွေအနေနဲ့ “အပြန်အလှန် မှီခိုမှု၊ အကျိုးတူ သာယာဝပြောမှုနှင့် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကို အလေးထားပြီး မျက်မှောက်ကာလမှာ မိမိတို့ ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းကြရေး”ဆိုတဲ့ ယခုကျင်းပတဲ့ အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးရဲ့ ခေါင်းစဉ်ပါအချက်များကို အလေးအနက် သိရှိနားလည်ကြပါတယ်။ ဖော်ပြခဲ့တဲ့ မဏ္ဍိုင်ကြီး ၃-ရပ်အတွက် အခြေခံလိုအပ်ချက်ကတော့ မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေး ဖြစ်ပါတယ်။ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာကြီး ဖြစ်ထွန်းလာစေရေးအတွက် အဆိုပါမဏ္ဍိုင်များကို တစ်စုတစ်စည်းတည်း မိတ်ဖက်များအဖြစ် ပေါင်းစည်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်မှုရဲ့ရလဒ်

မိတ်ဖက်ပြုဆောင်ရွက်ခြင်းဟာ သဘောထားတူညီမှုရှိသူများအကြား ဆက်ဆံရေးပင် ဖြစ်ပါတယ်။ အပြန်အလှန်မှီခိုမှုဟာ သီးခြားလွတ်လပ်မှုကို ဆန့်ကျင်ခြင်းမဟုတ်ဘဲ တန်းတူညီမျှ လွတ်လပ်မှုရှိတဲ့ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုရဲ့ရလဒ်ဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်ခြင်းဟာ နှစ်ဦးဆောင်ရွက်ခြင်းထက်ပိုသော အကျိုးရလဒ်ရရှိလာစေနိုင်တဲ့အချက်ကို လက်ခံခြင်းပင် ဖြစ်ပါတယ်။ အကျိုးတူသာယာဝပြောခြင်းဟာ မိတ်ဖက်များ အားလုံးရဲ့ အကျိုးစီးပွားအတွက် အတူတကွဆောင်ရွက်ရေးနဲ့ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုမှ ရရှိလာတဲ့ အသီးအပွင့်များအား မျှဝေခံစားရေးဆိုတဲ့ အယူအဆကို လက်တွေ့အသုံးချဆောင်ရွက်ရာမှ ပေါ်ထွက်လာခြင်း ဖြစ်ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုစံနှုန်းတွေဟာ စစ်မှန်တဲ့မိတ်ဖက်ပြုမှု ပေါက်ဖွားစေမယ့် မျိုးစေ့သာမက ကောင်းမွန်စွာ မိတ်ဖက်ပြုဆောင်ရွက်ခြင်းမှ ရှင်သန်ပေါက်ဖွားလာစေမယ့် အသီးအပွင့်များလည်း ပေါင်းစပ်ပါဝင်ပါတယ်။ ဒီကနေ့ကမ္ဘာကြီးမှာ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုစံနှုန်းတွေကို နေရာပေးမှုမရှိတော့တဲ့ အနေအထားမှာရှိနေပြီး ချမ်းသာကြွယ်ဝမှုနဲ့ ဩဇာတိက္ကမ မရှိကြတဲ့ နိုင်ငံတွေရဲ့ လိုအပ်ချက်တွေနဲ့ အကန့်အသတ်ရှိမှုတွေကို အလေးပေးစဉ်းစားခြင်းမရှိဘဲ အင်အားကြီးနိုင်ငံတွေကသာ စံနှုန်းတွေကို သတ်မှတ်ပြဋ္ဌာန်းလာတာကို တွေ့မြင်ရပါတယ်။

### အပြုသဘောဆောင်တဲ့ မိတ်ဖက်ပြုမှု

မည်သူမှ အငြင်းမပွားနိုင်တဲ့ တစ်ကမ္ဘာလုံးနဲ့ ဆီလျော်မှုရှိတဲ့ တန်ဖိုးထားမှုစံနှုန်းတွေဟာရှိနှင့်ပြီး ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဗြဟ္မစိုရ်တရားလေးပါး ဖြစ်ပါတယ်။ မြတ်စွာဘုရား ဖွားမြင်တော်မူရာ ဒေသဖြစ်တဲ့ နီပေါနိုင်ငံက ပြည်သူတွေ သိကြပြီးဖြစ်တဲ့အတိုင်း ဗြဟ္မဝိဟာရတရားတွေဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ဟာ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ အပြုသဘောဆောင်တဲ့ မိတ်ဖက်ပြုမှုတို့ကို ကာလဒေသမရွေး ဖော်ဆောင်ပေးနိုင်တဲ့ စံနှုန်းတွေ ဖြစ်ပါတယ်။

### မိတ်ဆွေစစ်များရရှိမည့် အခွင့်အလမ်း

မြန်မာနိုင်ငံအနေနဲ့ မိမိတို့ဆက်ခံခဲ့ရတဲ့ ပျော်ရွှင်ချမ်းမြေ့မှုကင်းမဲ့ပြီး ရှုပ်ထွေးခက်ခဲတဲ့အခြေအနေများမှ ငြိမ်းချမ်းရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးဖော်ဆောင်နိုင်ရေးအတွက် ကြီးမားလေးလံတဲ့တာဝန်ကို ထမ်းရွက်နေရချိန် ဖြစ်ပါတယ်။ ယင်းသို့သောအချိန်ကာလတွင် ယနေ့ကြုံတွေ့နေကြရတဲ့ အရေးပါတဲ့ စိန်ခေါ်မှုများကို ငြိမ်းချမ်းရေးအတွက် တန်းတူမိတ်ဖက်ပြုဆောင်ရွက်ရေးအပေါ် မိမိတို့နဲ့ ယုံကြည်ချက်ချင်းတူညီတဲ့ မိတ်ဆွေစစ်များရရှိမည့် အခွင့်အလမ်းများအဖြစ် ရှုမြင်ထားပါတယ်။

ယခုကျင်းပတဲ့ ဖိုရမ်ကနေပြီး တစ်ဦးနဲ့တစ်ဦးအကြား ထိတွေ့ဆက်ဆံမှုတွေ ရှိလာပြီး ယနေ့ခေတ်ကာလရဲ့ အရေးကြီးတဲ့ စိန်ခေါ်မှုတွေကို အပြုသဘောနဲ့ ပေါင်းစည်းဖြေရှင်းနိုင်မယ့် နည်းလမ်းများ ရှာဖွေနိုင်မယ့် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေမယ်လို့ ယုံကြည်ပါတယ်။

ငြိမ်းချမ်းရေး မြတ်နိုးသူများက အဆွေတော်တို့အား အောင်မြင်စေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်



နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နီပေါ ဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီနှင့် တွေ့ဆုံစဉ်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နီပေါ ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. K.P.Sharma Oli ၏ ဖိတ်ကြားချက်အရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ နီပေါနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ခရီးစဉ်နှင့်တစ်ဆက်တည်း ကတ္တမန္ဒူမြို့၌ ကျင်းပသည့် "အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး ၂၀၁၈" သို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ ကတ္တမန္ဒူမြို့ Tribhuvan အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ၁၁ နာရီတွင် ရောက်ရှိခဲ့သည်။ Tribhuvan လေဆိပ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး မစ္စတာ အစ်ရှ်ဝါပိုကာရယ်၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim K. Udas နှင့် နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နီပေါနိုင်ငံ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ ကတ္တမန္ဒူမြို့ရှိ Bhrikuti Mandap Exhibition Hall တွင် ကျင်းပပြုလုပ်သော နီပေါကုန်စည်ပြပွဲ ၂၀၁၈ (Nepal Chamber Expo 2018) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ပြပွဲအား နီပေါနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပခဲ့ပြီး မြန်မာနိုင်ငံအပြင် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့မှလည်း ပါဝင်ပြသခဲ့ကြပြီး ယခုနှစ်ပြပွဲတွင် မြန်မာနိုင်ငံအား မိတ်ဖက်နိုင်ငံအဖြစ် သတ်မှတ်ကျင်းပခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကုန်စည်ပြပွဲတွင် အဖွင့်အမှာစကားပြောကြားခဲ့ကာ ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ပြခန်း ၂၀ ခန်း ပါဝင်ပြသခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာပြခန်းအပါအဝင် ပြခန်းများသို့ လှည့်လည်ကြည့်ရှုခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် ဇနီးတို့က နေအိမ်တွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ တို့ တွေ့ဆုံစဉ်။

သတင်းစဉ်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နီပေါနိုင်ငံသမ္မတ မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီအား သမ္မတအိမ်တော်တွင် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အပါအဝင် နှစ်ဖက်အကျိုးတူ လက်တွဲဆောင်ရွက်နိုင်မည့် ကဏ္ဍများတွင် တိုးမြှင့်သွားရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နံနက် ၁၁း၃၀ နာရီတွင် နီပေါဝန်ကြီးချုပ် ကေ၊ ပီ၊ ရှာမာ အိုလီ အားဟိုတယ် Annapurna တွင် သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ဆွေးနွေးပွဲ၌ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်ရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွေ့အကြုံများဖလှယ်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့် ၂၀၂၀ ပြည့်နှစ် နီပေါနိုင်ငံခရီးသွားလာရေးနှစ်တွင် ဘုရားဖူးခရီးစဉ်များ မြှင့်တင်ရေးအတွက် တိုက်ရိုက်လေကြောင်းပျံသန်းမှု စတင်သွားနိုင်ရေးကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မိတ်ဖက်နိုင်ငံများအဖြစ် အပြန်အလှန်လက်တွဲဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ နီပေါဝန်ကြီးချုပ်အနေဖြင့် နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေးဖိတ်ကြားခဲ့သည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နီပေါဝန်ကြီးချုပ် ကေ၊ ပီ၊ ရှာမာ အိုလီတို့သည် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါ နားလည်မှုစာချွန်လွှာအား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နီပေါနိုင်ငံခြားရေးဝန်ကြီး Mr. Pradeep Kumar Gyawali တို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နီပေါဝန်ကြီးချုပ်တို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ စာချွန်လွှာအရ မြန်မာနှင့် နီပေါနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ စိုက်ပျိုးရေးခရီးသွားလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးကဏ္ဍ စသည့်အလားအလာကောင်းသည့် ကဏ္ဍများတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်သွားကြရန် သဘောတူခဲ့ကြသည်။ ထို့အပြင် နှစ်နိုင်ငံအကြား အတွင်းဝန်အဆင့်တွင် ပူးတွဲဆွေးနွေးမှုယန္တရားတစ်ရပ် တည်ထောင်ရန် သဘောတူခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဆိုပါဟိုတယ်၌ နီပေါနိုင်ငံ ဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး ဆုတောင်းမိန့်ခွန်းများ အပြန်အလှန် ပြောကြားခဲ့ကြသည်။

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နီပေါနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် National Congress Party ဥက္ကဋ္ဌ Mr. Sher Bahadur Deuba အား Soaltee Crowne Plaza ဟိုတယ်တွင် လက်ခံတွေ့ဆုံခဲ့သည်။

ထို့နောက် ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး ၂၀၁၈ သို့ တက်ရောက်လာကြသော ပြည်ပနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား Soaltee Crowne Plaza ဟိုတယ်၌ တည်ခင်းဧည့်ခံသော ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကတ္တမန္ဒူမြို့ Hyatt Regency Kathmandu ဟိုတယ်၌ ကျင်းပသည့် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး ၂၀၁၈ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေးအား "အပြန်အလှန် မှီခိုမှု၊ အကျိုးတူ သာယာဝပြောမှုနှင့် ကမ္ဘာလုံးဆိုင်ရာစံနှုန်းများကို အလေးထားပြီး မျက်မှောက်ကာလတွင် ရင်ဆိုင်ကြုံတွေ့နေကြရသည့် စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရေး" ခေါင်းစဉ်ဖြင့် နီပေါ နိုင်ငံအစိုးရနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်း (Universal Peace Federation-UPF) တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတ မစ္စ မာရီယာ လီယိုနာ၊ ဂျီ၊ ရိုဘရီဒိုတို့အပါအဝင် အာရှ-ပစိဖိတ်နိုင်ငံပေါင်း ၄၅ နိုင်ငံတို့မှ အကြီးအကဲများ၊ အကြီးအကဲဟောင်းများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-နီပေါ ချစ်ကြည်ရေးအသင်းမှဥက္ကဋ္ဌ မစ္စတာ ရှန်ကာဂီမီရီနှင့် အဖွဲ့ဝင်များအား Soaltee Crowne Plaza ဟိုတယ်တွင် လက်ခံတွေ့ဆုံခဲ့သည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ကတ္တမန္ဒူမြို့ရှိ ဓမ္မကရီသီး သီလရှင်ကျောင်းတိုက်သို့ သွားရောက်၍ သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီအားဂါရဝပြု ဖူးမြော်ကန်တော့ခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး မစ္စတာ အစ်ရှ်ဝါပိုကာရယ်နှင့်တာဝန်ရှိသူများက ကတ္တမန္ဒူးမြို့ ထရီဘူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

● ရှေ့စာမျက်နှာမှ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **သတင်းစဉ်**

**စာမျက်နှာ ၄ မှ**

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာရှ-ပစိဖိတ်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ဥက္ကဋ္ဌများအား နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ က Soaltee Crowne Plaza ဟိုတယ်တွင် တည်ခင်း ဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့၊ ၁၁း၁၅ နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကတ္တမန္ဒူးမြို့ Tribhuvan အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။ လေဆိပ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး မစ္စတာ အစ်ရှ်ဝါပိုကာရယ်၊ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံ့ချီ ဦးထွန်းနေလင်း၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး Mr. Bhim K. Udas နှင့် နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နီပေါနိုင်ငံ၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ၁၄း၃၀ နာရီအချိန်တွင် ပြန်လည်ရောက်ရှိကြသည်။

အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးအား နီပေါနိုင်ငံ အစိုးရနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖက်ဒရေးရှင်းတို့ ပူးပေါင်းကာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ နီပေါနိုင်ငံ၊ ကတ္တမန္ဒူးမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆင်းရဲနွမ်းပါးမှု၊ အကြမ်းဖက်မှု၊ ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာရှားပါးမှု၊ နေရပ်စွန့်ခွာမှု၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးမှု အပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံး ရင်ဆိုင်ကြုံတွေ့နေကြရသည့် စိန်ခေါ်မှုများအား ကမ္ဘာ့နိုင်ငံများ၊ ပြည်သူများအကြား မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်လျက် ဖြေရှင်းကြရန် ရည်မှန်းချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အာရှ-ပစိဖိတ်ထိပ်သီးအစည်းအဝေးအပြီးတွင် ကတ္တမန္ဒူးကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ အဆိုပါ ကြေညာချက်တွင် ငြိမ်းချမ်း၍ မျှတမှုရှိပြီး အားလုံးပါဝင်နိုင်သည့် ကမ္ဘာ့ဖြစ်စဉ်တစ်ရပ် ပေါ်ထွက်လာစေရေးနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် သည်းခံမှု၊ အပြန်အလှန်နားလည်မှု၊ နေရာပေးမှုနှင့်တွေ့ဆုံညှိနှိုင်းမှုနည်းလမ်းများဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန် ဖော်ပြခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်။**

# (၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

(၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားတွင် သဘာပတိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းက "ယနေ့ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားဟာ ပြည်သူလူထုက တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရ တာဝန်ယူနေတဲ့ ကာလမှာကျင်းပနေတာဖြစ်တဲ့အတွက် အမျိုးသားလက္ခဏာနဲ့ လူထုလက္ခဏာသဟဇာတဖြစ်တဲ့ အခမ်းအနားလို့ဆိုရင် မှားမှာမဟုတ်ပါဘူး။ တစ်နည်းအားဖြင့် ပြောရရင် နိုင်ငံရေးလွတ်လပ်ခွင့်ရရှိနေသလို ပညာရေး လွတ်လပ်ခွင့်လည်း တစ်နွယ်ငင်တစ်စင်ပါ ရရှိလာခဲ့ပြီဖြစ်ပါတယ်။ အမျိုးသားပညာရေးမှသည် ဒီမိုကရေစီပညာရေးစနစ်သစ်သို့ မြှင့်တင်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ "ကမ္ဘာ့လွှမ်းခြုံ ဖြန့်ကြက်မှုခေတ်" နဲ့ အညီ၊ ပညာလူ့အဖွဲ့အစည်းကိုတည်ဆောက်လျက်ရှိသလို ၊ ပညာအရင်းအနှီးကို အခြေခံတဲ့ လူသားအရင်းအမြစ်ကြွယ်ဝဖွံ့ဖြိုးရေးကိုလည်း ကြိုးပမ်းလျက်ရှိပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "အနာဂတ်မျိုးဆက်သစ်လူငယ်များနဲ့ ပြည်သူလူထုအားလုံးဟာ မိမိနိုင်ငံရဲ့အမျိုးသားဂုဏ်သိက္ခာကို ကမ္ဘာ့ဗိုလ်ဘုံအလယ်မှာ ဝံ့ကြွားထည်ဝါစွာ ရပ်တည်နိုင်ဖို့အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး စွမ်းအားရှိသမျှ လုံ့လပြုဆောင်ရွက်နေကြပါတယ်။ ဒါကြောင့်လည်း လူထုခေါင်းဆောင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားရေးဆိုတာဟာ တိုင်းပြည်ရဲ့ကောင်းကျိုး၊ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုသားအားလုံးရဲ့ အများစုကြီးရဲ့ကောင်းကျိုးကို လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်လို့ တိုက်တွန်းခဲ့တာပါ" ဟု ပြောသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ (၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းဦးက ဖတ်ကြားပြီး နိုင်ငံရေးပါတီအသီးသီးမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

ဆက်လက်၍ စာပေဟောပြောပွဲကိုကျင်းပရာ ကဗျာဆရာကိုလေး (အင်းဝဂုဏ်ရည်) နှင့် စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ) တို့က အမျိုးသားအောင်ပွဲနေ့အကြောင်း ဟောပြောကြသည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မသန်သော်လည်း စွမ်းရည်ပြည့်ဝသူများ

ခင်ရတနာ

**ဆောင်းနံနက်ခင်းတစ်ခု။ လွန်ခဲ့သော ၁၄ နှစ်တာကာလ။ များပြားလှသည့် လူငယ်လေးများအားလုံး စိတ်လှုပ်ရှားနေကြသည်။ ခရီးစဉ်တစ်ခုအတွက် အချိန်တော်တော်ကြာ ပြင်ဆင်ထားခဲ့ပုံရသည်။ သူတို့အားလုံး စုရပ်ဖြစ်သည့် အင်းစိန်မြို့နယ်မှ အိမ်ကလေးတစ်လုံးအရှေ့တွင် စုရုံးမိကြပြီ။ လှော်ကားပန်းခြံသို့ လေ့လာရေးခရီးထွက်ကြသည့် မသန်စွမ်းလူငယ်မောင်နှမများ၏ ခရီးစဉ်သည် သတင်းထောက်ဖြစ်ခါစ စာရေးသူအဖို့ အပျော်များကူးစက်ကာ ထာဝရမမေ့နိုင်သည့် ပျော်ပွဲစားခရီးလေးတစ်ခု ဖြစ်ခဲ့သည်။**



သွားသည့်လမ်းတစ်လျှောက် ကားပေါ်တွင် ဂစ်တာသံများကမစဲ။ ချိုင်းထောက်များကို တစ်နေရာတွင် စုပုံကာ အချင်းချင်းနောက်ပြောင်ကျီစားရင်း၊ ပါလာသည့် စားသောက်ဖွယ်ရာများကို ဝေခြမ်းစားသောက်ကြရင်း၊ တစ်ဦးကိုတစ်ဦး ဖေးမကူညီကြရင်း သူတို့ခရီးစဉ်လေးသည် နှစ်မည်မျှပင်ကြာပါစေ အားလုံးမေ့နိုင်ကြတော့မည် မဟုတ်ပါ။ အကြောင်းကြောင်းကြောင့် နောက်နှစ်များတွင် သတင်းမယူဖြစ်တော့ အဆက်အသွယ်ပြတ်သွားခဲ့သည်။ ပြီးခဲ့သည့်နှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ရောက်ရှိသည့်အချိန်တွင် ဆယ်စုနှစ်ကျော် ဝေးကွာခဲ့ရသည့် မိတ်ဆွေကြီးများကို ပြန်လည်တွေ့ဆုံဖြစ်သည်။ အချို့သည် အနာဂတ်၏ မျိုးဆက်သစ်များအတွက် ဆရာများ၊ လုပ်ငန်းနယ်ပယ်အသီးသီးတွင် အောင်မြင်သည့် ထူးချွန်သူများအဖြစ် ရောက်ရှိနေကြသူများကို မြင်တွေ့ရသည်။ မသန်သော်လည်း စွမ်းကြပေသည်။

### အားလုံးနှင့်အတူ

၁၉၉၃ ခုနှစ် (၄၈)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ မသန်စွမ်းသူများအတွက် စာနာထောက်ထားရေး၊ စိတ်ဓာတ်မြှင့်တင်ပေးရေးနှင့် ဂုဏ်သိက္ခာမြှင့်တင်ရေးတို့ကို ရှေးရှုကာ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကျင်းပလာခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုကိုကျော်ဖြတ်ခဲ့ပြီဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူဦးရေ၏ တစ်ဘီလီယံကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေကြရပြီး မသန်စွမ်းသူများသည် အခြားသူများထက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အကြမ်းဖက်ခံရမှုများနှင့် ဥပဒေပိုင်းဆိုင်ရာ အထောက်အပံ့ကောင်းများရရှိမှု အားနည်းနေကြသူများလည်း ဖြစ်သည်။ အသက်ဆုံးရှုံးမှုတွင်လည်း အခြားသူများထက် ပိုမိုမြင့်မားပြီး ယနေ့တိုင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အတားအဆီးပေါင်းများစွာကို ရင်ဆိုင်နေကြရသည်။ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်လည်း နည်းပါးနေသေးသည့် အနေအထားနှင့် ရင်ဆိုင်နေကြရသည်။

မသန်စွမ်းသူများအပေါ် ထားရှိသည့်စိတ်သဘောထားများနှင့် ဖြေရှင်းမှုပုံစံများကို ပြုပြင်ပြောင်းလဲနိုင်စေရန်အတွက် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံသည်လည်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွားရရှိမှုနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ပါဝင်ဆောင်ရွက်နိုင်မှုတို့ ပြည့်ဝစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

အကြောင်းကြောင်းကြောင့် မသန်စွမ်းဖြစ်ကြရသူတို့အနက် ထိခိုက်ဒဏ်ရာရရှိမှု၊ ရောဂါတစ်ခုခုကို ခံစားရင်း ကာယပိုင်းနှင့် စိတ်ပိုင်းချို့ယွင်းရမှုတို့သည် အများဆုံးဟု နိုင်ငံတကာစစ်တမ်းများအရ သိရှိရသည်။ ထို့အပြင် မသန်စွမ်းသူများအနက်မှ ၈၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြပြီး မသန်စွမ်းသူများအားလုံး၏ ၃၀ ရာခိုင်နှုန်းကသာ မိသားစုဝင်များ၏ စနစ်တကျ ပြုစုစောင့်ရှောက်မှုကို ခံစားကြရပါသည်။ ကျန်လူများမှာ မိသားစု၊ ပတ်ဝန်းကျင်၏ အသိပညာနည်းပါးမှု၊ မသန်စွမ်းများအပေါ် နားလည်စာနာပေးမှုနှင့် သင်ကြားပြသပေးမှု အားနည်းကြသူများ ဖြစ်ကြသည်။ ထို့ကြောင့်ပင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ရက်တွင် (၆၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုပေးခဲ့ကြပြီး နိုင်ငံပေါင်း ၁၃၀ က လက်မှတ်ရေးထိုး အတည်ပြုကျင့်သုံးခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် ၂၀၁၂ ခုနှစ် အင်ချွန်းမဟာဗျူဟာ ရည်မှန်းချက် ၁၀ ချက်ကိုလည်း ချမှတ်ထားခဲ့ပြီး မသန်စွမ်းသူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အလုပ်အကိုင်ရရှိရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရရှိရေး၊ အများပြည်သူအသုံးပြုနိုင်သည့်နေရာများသို့ ဝင်ရောက်အသုံးပြုနိုင်ရေး၊ လူမှုအကာအကွယ်များ ပိုမိုရရှိနိုင်ရေး၊ ပညာသင်ကြားခွင့် ပိုမိုရရှိနိုင်ရေး၊ ကျား/မ တန်းတူအခွင့်အရေးရရှိနိုင်ရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရာတွင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ သတင်းအချက်အလက်များ ပိုမိုရရှိနိုင်ရေး စသည်တို့ကို ကမ္ဘာလုံးဆိုင်ရာ အနေအထားဖြင့် ချမှတ်အကောင်အထည်ဖော်ခဲ့သည်မှာလည်း ယနေ့တိုင်ပင် ဖြစ်ပါသည်။

### မသန်စွမ်းသူ နှစ်သန်းကျော်ရှိသည့်နိုင်ငံ

မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ၂ ဒသမ ၃ သန်းရှိရာ နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းကျော် ရှိသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး အခွင့်အရေးများဖော်ဆောင်ပေးလျက်ရှိပါသည်။ မသန်စွမ်းသူများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားနိုင်ငံသားများကဲ့သို့ တန်းတူညီမျှ ရရှိခံစားနိုင်ရေးအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကျန်ရှိနေသေးသည်။ မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင် (Reasonable Accommodation) ဖန်တီးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ စာသင်ခုံများကို ပြင်ဆင်ပြုပြင်ခြင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းစသည့် ရုပ်ဝတ္ထုဆိုင်ရာများ ဖြည့်ဆည်းပေးမှုသည်လည်း အားနည်းလျက်ရှိသည်။ မျက်မမြင်လက်စမ်းစာနှင့် လက်သင်္ကေတပြ ဘာသာစကားတို့ တတ်မြောက်သည့် ဆရာ ဆရာမများနှင့် မသန်စွမ်းသူ ဆရာဆရာမများ ပိုမိုပေါ်ထွက်လာရန်လည်း လိုအပ်နေပါသေးသည်။

### အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေအားလုံး သိစေလို

၂၀၁၅ ခုနှစ် ဇွန် ၅ ရက်က မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေထွက်ပေါ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို ထုတ်ပြန်နိုင်ခဲ့သည်။ ယင်းဥပဒေသည် မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်ရန်၊ ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ နိုင်ငံသားများ ခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံး တန်းတူညီမျှ အပြည့်အဝရရှိရန်၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့်နယ်ပယ်အသီးသီးတွင် အခြားသူများနှင့် တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားတို့က အသိအမှတ်ပြုနိုင်ရန်၊ မသန်စွမ်းသူများ၏ လူနေမှုဘဝ လုံခြုံစိတ်ချမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊ မသန်စွမ်းသူများအား နယ်ပယ်အားလုံးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိုသို့ခွဲခြားဆက်ဆံမှုများ မပြုစေရေးအတွက် ဥပဒေအရ အကာအကွယ်ပေးရန်၊ မသန်စွမ်းသူများကို နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်ပေးရန်နှင့် မသန်စွမ်းသူအမျိုးသမီးနှင့် ကလေးငယ်များကို အထူးကာကွယ်ပေးရန်၊ မိဘမဲ့နှင့် ခိုကိုးရာမဲ့ မသန်စွမ်းမှုတစ်ခုထက်ပို၍ ခံစားနေရသော မသန်စွမ်းသူများကို မသန်စွမ်းမှုအမျိုးအစားအလိုက် နိုင်ငံတော်က အထူးစောင့်ရှောက်ကူညီရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေအရ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အခြေခံလူ့အခွင့်အရေးများကို များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။ ထို့အပြင် ယင်းဥပဒေပါ အခန်း ၁၆ အရ မည်သူမျှ မသန်စွမ်းသူတစ်ဦးဦးက ကျောင်းဝင်ခွင့်လျှောက်ထားချက်ကို အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုမှ ခိုင်လုံသော အကြောင်းပြချက် မရှိဘဲ ကျောင်းဝင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရ။ ကျောင်းဝင်ခွင့်ပြုထားသော မသန်စွမ်းသူတစ်ဦးဦးကို ခိုင်လုံသော အကြောင်းမရှိဘဲ အဆိုပါကျောင်း သို့မဟုတ် ဌာနတစ်ခုခုမှ ထုတ်ပယ်ခြင်းမပြုရ ဟူသည့်အချက်လည်း ပါဝင်သည်။ ထို့အပြင် မည်သည့်အလုပ်ရှင်မျှ သင့်လျော်သော အလုပ်ကို လုပ်နိုင်စွမ်းရှိသည့် မသန်စွမ်းသူကို သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အတိုင်း အလုပ်ခန့်ထားရန် ပျက်ကွက်ခြင်း မရှိစေရ။ ယင်းဥပဒေအရ အလုပ်ခန့်ထားသော မသန်စွမ်းသူကို ခိုင်လုံသောအကြောင်းမရှိဘဲ အလုပ်ရပ်စဲခြင်း၊ အလုပ်ထုတ်ပယ်ခြင်းနှင့် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားသည်။ ထို့အပြင် အလုပ်ရှင်အားလုံးသည် ခန့်အပ်ထားသော အလုပ်သမားနှင့် ဝန်ထမ်းဦးရေ စာရင်းကိုလည်းကောင်း၊ သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်အရ အလုပ်ခန့်ထားရန် ကျန်ရှိသော အလုပ်နေရာအရေအတွက်ကို လည်းကောင်း၊ သက်ဆိုင်ရာဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများသို့ ပေးပို့ရမည်ဖြစ်သည်။ မသန်စွမ်းသူများနှင့် မသန်စွမ်းသူများကို ကူညီဆောင်ရွက်ပေးသူများအား သတ်မှတ်ထားသော ဝေပုံကျနှုန်းထား အရေအတွက်အရ အလုပ်ခန့်ထားရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့အတွက် ကုန်ကျစရိတ်ကို ယင်းတို့ထံက တောင်းဆိုခြင်းကို တားမြစ်ထားသည်။

မသန်စွမ်းသူများအား မသန်စွမ်းမှုကို အကြောင်းပြု၍ သိလျက်နှင့် တမင်ခွဲခြားဆက်ဆံခြင်း၊ လျစ်လျူရှုခြင်း၊ နှိမ့်ချခြင်း၊ မသန်စွမ်းသူများအား နိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ တလွဲအသုံးပြုခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ တလွဲအသုံးပြု၍ မည်သည့်အကြောင်းနှင့်မျှ ကိုယ်ကျိုးစီးပွားရှာဖွေခြင်းမပြုရကြောင်း ဥပဒေပုဒ်မ ၇၇ တွင် ပြဋ္ဌာန်းထားပြီး ယင်းပုဒ်မ ၇၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားသည်။

### ပညာသင်ကြဖို့ကူညီပေးရန်လိုအပ်

ယခုအချိန်တွင် အဖွဲ့အစည်းအသီးသီးက မသန်စွမ်းသူများ ပညာသင်ကြားခွင့်အတွက် ကြိုးပမ်းနေကြသည်ကို ဝမ်းမြောက် ဖွယ်မြင်တွေ့ရသည်။ သို့သော် မသန်စွမ်းသူများ၏ ပညာသင်ယူ ခွင့်သည် နည်းလမ်းအမျိုးမျိုးဖြင့် ငြင်းပယ်ခံနေရသေးသည်ကိုလည်း မြင်တွေ့ရသည်။ “အားလုံးနဲ့ သိပ်မတူတော့ ကျောင်း ဆက်တက်ဖို့က အားငယ်တယ်။ သူများတွေကြားမှာ ကိုယ်က သင်းကွဲတာမျိုး မဖြစ်ချင်ဘူး။ ဒါပေမယ့် ကဲ့ရဲ့သူ၊ နားမလည်သူရှိပေမယ့် အားပေးသူ၊ ဖေးကူသူကလည်း အမြဲရှိတယ်။ ဒီလိုနဲ့ပဲ ကြိုးစားရတယ်။ ကျွန်မက ကံကောင်းတယ်ပြောရမလားပဲ။ အခြေခံပညာကျောင်းသူဘဝမှာ ကျောင်းကို ကုန်းပိုးပြီး ပို့ပေးသူ၊ အားပေးတဲ့ ဆရာ ဆရာမတွေနဲ့ မိသားစုတွေကြောင့် နေပျော်ခဲ့တယ်။ အမြဲတော့ မဟုတ်ဘူးပေါ့။ ကြုံရတဲ့အခက်အခဲတွေဆိုတာကလည်း ရှိခဲ့တာပါပဲ”ဟု မန္တလေးမြို့တွင် အထက်တန်းရှေ့နေအဖြစ် အောင်မြင်စွာ ရပ်တည်နေနိုင်ခဲ့သူ မသန်စွမ်းရှေ့နေအမျိုးသမီးတစ်ဦး၏ ဘဝအကြောင်း တွေ့ဆုံမေးမြန်းခဲ့စဉ်က သိခဲ့ရဖူးသည်။ စစ်တမ်းများအရ မသန်စွမ်းသူဦးရေ၏ ထက်ဝက်လူဦးရေ တစ်သန်းကျော်သည် ပညာသင်ကြားခွင့် ဆုံးရှုံးနေပြီး ဘွဲ့ရသည့် မသန်စွမ်းသူဦးရေမှာ မသန်စွမ်းသူ ၁၀၀ တွင် တစ်ဦးသာရှိကြောင်း သိရှိရသည်။

သို့သော် အားလုံး၏ ပံ့ပိုးကူညီမှုများကြောင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ မသန်စွမ်းသူ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး နှင့် တစ်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးတို့ ထွက်ပေါ်ခဲ့ပြီး များစွာသော မသန်စွမ်းသူများသည် အောင်မြင်ခဲ့ကြသည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အောက်တိုဘာလက ကျင်းပခဲ့သည့် (၃) ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများက ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်နှစ်ခုအထိ ဆွတ်ခူးကာ မြန်မာ့ဂုဏ်ကို ဆောင်ပေးနိုင်ခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရှိရသည်။

### ငြိမ်းချမ်းရေးတွဲလက်များ ဝိုးချဲလ်ရထား

ပြည်သူတွင်းမှ ပြည်သူများဖြစ်သည့် မသန်စွမ်းသူများသည် မြန်မာနိုင်ငံတော်ကြီး၏ ငြိမ်းချမ်းရေးခရီးစဉ်များအတွင်းတွင်လည်း တက်ကြွစွာ၊ စိတ်အားလှုအား ပင်ပန်းခံကာ ပါဝင်ကူညီခဲ့သည်ကိုလည်း မြင်တွေ့ရသည်။ နိုင်ငံသားကောင်းများပီသစွာဖြင့် စိတ်ဓာတ်စွမ်းအားမြင့်မားစွာ တို့လိုချင်တဲ့ ငြိမ်းချမ်းရေး နှုတ်ကဖွင့်ဟပြောကြားပေးဟူသည့် ငြိမ်းချမ်းရေးတွဲလက်များ ဝိုးချဲလ်ရထားအဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးခရီးစဉ်များကိုဖော်ဆောင်ကာ လှုပ်ရှားမှုများ၊ စုစည်းမှုများကို မြင်တွေ့ရသည်မှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ သူတို့သည် ငြိမ်းချမ်းရေးခရီးစဉ်များအပြင် ရခိုင်ပြည်နယ်အတွင်း လူမှုရေးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားမှုများကိုလည်း မြင်တွေ့ရသည်။ထို့ပြင် လူငယ်အခမ်းအနားများ၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ နိုင်ငံတကာအခမ်းအနားများတွင် ပူးပေါင်းပါဝင်မှုများအပြင် ပညာရေး၊ နည်းပညာဆိုင်ရာ လှုပ်ရှားမှုများကိုလည်း ခပ်စိပ်စိပ်မြင်တွေ့လာရသည်။

စာမျက်နှာ ၇ သို့

**“မြန်မာနိုင်ငံသည်လည်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွား ရရှိမှုနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ပါဝင် ဆောင်ရွက်နိုင်မှုတို့ ပြည့်ဝစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ”**

*✻ ကျောဖုံးမှ*

ချင်းပြည်နယ်ကို ဂုဏ်ပြုသည့် တေးသီချင်းဖြင့် ချီးမြှင့်ပေးခဲ့ပြီး ဒေါက်တာ ထန်ဘီလ်လွယ်က ဒုတိယသမ္မတ၏ ဇနီး ဒေါက်တာ ရွှေလှမ်းအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

**အမှာစကားပြောကြား**

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်နှင့် ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ထန်ဘီလ်လွယ်တို့က အမှာစကားပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ချင်းအသံလွှင့်အစီအစဉ် ဝန်ထမ်းဟောင်းများနှင့် လက်ရှိဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ပွဲဖြစ်မြောက်ရေးကော်မတီက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာ ရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်




# ရုပ်ရှင်ဇာတ်ကားကောင်းများ တည်းဖြတ်မှု၊ အချောသပ်ထုတ်လုပ်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂**

ရုပ်ရှင်ဇာတ်ကားကောင်းများ တည်းဖြတ်မှု၊ အချောသပ်ထုတ်လုပ်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Post –Production) ကို ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်၍ ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲတွင် ဦးအောင်ကိုလတ်က ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဦးတင်ငြိမ်း၊ ဦးညဏ်ဝင့်၊ ဦးကြည်မင်းသိန်း၊ ဒေါက်တာ သူရသိန်းတင်နှင့် ဒေါက်တာ ညဏ်လင်းဦးတို့က ရုပ်ရှင်ဇာတ်ကားကောင်းများဖြစ်ပေါ်ရေးအတွက် အသံတည်းဖြတ်ခြင်း၊ အထူးပြုလုပ်ချက်ဖန်တီးခြင်း၊ အရောင်ချိန်ညှိခြင်း စသည့် အချောသပ် ထုတ်လုပ်မှုဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင်ဒေါက်တာ မြင့်သိန်းဖေက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်သူ ဦးတင်ငြိမ်းက "အနုပညာမြောက် တည်းဖြတ်မှုက အရေးကြီးပါတယ်။ ရိုက်လာတဲ့ ရုပ်ရှင်ဇာတ်ကားတွေ အကြောင်းကြောင်းကြောင့် မှားယွင်းမှု ရှိလာရင် အမှန်ဆုံးဖြစ်အောင် တည်းဖြတ်ပေးရပါတယ်။ ဒါတွေကို အယ်ဒီတာရဲ့ တွေးခေါ်မှု၊ အတွေ့အကြုံအရ အရုပ်တွေအပြောင်းအလဲ လုပ်ပေးရတာကို ဆွေးနွေးတာပါ" ဟု ပြောသည်။

ဦးကြည်မင်းသိန်းက အသံပိုင်းနဲ့ ပတ်သက်ပြီး ဇာတ်ကားအချောသပ် အဆင့်အထိ ဆောင်ရွက်ပုံအဆင့်ဆင့်၊ အဓိကကတော့ ရုပ်ရှင်အတွက် ကြိုတင်ပြင်ဆင်တဲ့ အပိုင်းကို ဆွေးနွေးတာပါ" ဟု ပြောသည်။

အထူးပြုလုပ်ချက် ဖန်တီးသူ ဒေါက်တာသူရသိန်းတင်က "ရုပ်ရှင်ဇာတ်ကားမှာ ကွန်ပျူတာပိုင်းဆိုင်ရာ အထူးပြုလုပ်ချက်တွေ ဖန်တီးတဲ့အပိုင်းကို ဆွေးနွေးတာဖြစ်ပါတယ်" ဟု ပြောသည်။

**သတင်း - ဥမ္မာစန္ဒီ၊ ဓာတ်ပုံ-လှမိုး**




# တတိယအကြိမ်မြောက် ခမီနှစ်သစ်ကူးပွဲတော် ပုဏ္ဏားကျွန်းမြို့နယ်၌ ကျင်းပမည်

**စစ်တွေ ဒီဇင်ဘာ ၂**

ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် ခမီတိုင်းရင်းသားတို့၏ တတိယအကြိမ်မြောက် နှစ်သစ်ကူးပွဲတော်ကို (နတ်တော်လဆန်း ၁ ရက်) ဒီဇင်ဘာ ၈ ရက်တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စမ္မတီးချောင်းကျေးရွာ၌ ကျင်းပမည်ဖြစ်ကြောင်း ခမီတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းမှ သိရသည်။

"ခမီတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့၊ အစဉ်အလာတွေ မပျောက်ပျက်အောင်၊ အခုခေတ် လူငယ်၊ လူရွယ်တွေအနေနဲ့ ဘိုးဘွားတွေလက်ထက်က ဆင်ယင်ကျင်းပလာတဲ့ ပွဲတော်တွေ၊ ယဉ်ကျေးမှုတွေကို လက်ဆင့်ကမ်းထိန်းသိမ်းတတ်စေဖို့၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေဖို့၊ ခမီတိုင်းရင်းသားများ နှစ်သစ်ကူးနေ့မှာ တစ်စုတစ်ပေါင်းတည်းတွေ့ဆုံပြီး စည်းလုံးညီညွတ်မှုခိုင်မြဲလာစေဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ နှစ်သစ်ကူးပွဲတော်နေ့ကို ကျင်းပသွားမှာ ဖြစ်ပါတယ်" ဟု ခမီတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးလေကျော်အောင်က ပြောသည်။

ခမီတိုင်းရင်းသားများအနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် နှစ်သစ်ကူးပွဲတော်များကို မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဝါးခုတ်ချောင်းကျေးရွာ၌ ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်တွင် ခမီတိုင်းရင်းသား ရှစ်သောင်းကျော်ရှိပြီး စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မင်းပြားနှင့် အမ်း မြို့နယ်တို့တွင် နေထိုင်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**သဲကုန်း ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဒါးသွေးကျောက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအိမ်၌ ယမန်နေ့မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဝေစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးနိုင်လင်းက ပြည်သူ့စကားဝိုင်းဆောင်ရွက်ရသည့် ရည်ရွယ်ချက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ကျေးလက်ဦးစီးမှူး ဦးမျိုးသူနှင့် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးအောင်ကျော်ဦးက လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးမှူး ဒေါ်ယဉ်လဲ့လဲ့ကျော်က ကျေးလက်လမ်းဖွံ့ဖြိုးရေးအတွက် ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ လက်ထောက်မြို့နယ်ပညာရေးမှူးဦးသန်းထွဋ်က သင်ရိုးသစ်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးမှူးအဆင့် (၁) ဒေါ်လှလှကြွယ်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

လက်ရှိတွင် မသန်စွမ်းသင်တန်းကျောင်း ရှစ်ကျောင်းမှ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီး အထူးစောင့်ရှောက်ရန် လိုအပ်သည့် ဉာဏ်ရည်မသန်စွမ်းအပါအဝင် မသန်စွမ်းသူများအတွက် အထူးပညာရေးစနစ်များဖော်ဆောင်ခြင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အထူးပညာရေးစနစ်များ ဖော်ဆောင် ခြင်း၊ အတားအဆီးကင်းဝေးသည့် ပတ်ဝန်းကျင်များ ဖန်တီးခြင်း၊ လူထုအား အသိပညာများ ဖြန့်ဝေခြင်းတို့ကို ပိုမိုဆောင်ရွက်သွားရန်ရှိကြောင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယမန်နှစ် ဒီဇင်ဘာ ၃ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားအတွင်း ထည့်သွင်းပြောကြားထားခဲ့ဖူးသည်။ ထို့အပြင် ယခုနှစ် ဇွန်လက မသန်စွမ်းသူများအတွက် ပထမဆုံး အိုင်စီတီနှင့်နည်းပညာဆိုင်ရာ သင်တန်းကျောင်းကို ဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် နိပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ပေးခဲ့ပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ နည်းပညာဆိုင်ရာ ကွန်ပျူတာသိပ္ပံပညာရပ်များကို အသက်မွေးဝမ်းကျောင်းပြု အလုပ်အကိုင်ရရှိနိုင်ရန်အတွက် ရည်ရွယ်သင်ကြားပေးလျက်ရှိသည်ဟု သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ရန်ကုန်ပညာရေး တက္ကသိုလ်တွင် ကျင်းပသည့် ရန်ကုန်လူငယ်ပွဲတော်နှင့် လူငယ်အဖွဲ့အစည်းများပြပွဲတွင် ချစ်စဖွယ်ကောင်းပြီး အရည်အသွေးပြည့်မီသည့် ပြခန်းတစ်ခုအား သတိထားမိသည်။ ပြခန်းအတွင်း တက်ကြွသည့် မျက်နှာများပေါ်တွင် အခြားအခြားသော လူရွယ်များနှင့် တူညီသည့် မျှော်လင့်ချက်များ၊ အိပ်မက်များနှင့် အနာဂတ်ရည်မှန်းချက်များကို မြင်တွေ့ရသည်။ ဉာဏ်ရည်မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့မှ လူငယ်ကလေးများသည် မိသားစုအတွက်၊ ရပ်ရွာအတွက်၊ နိုင်ငံအတွက် အသင့်ရှိနေသည်ကို သူတို့ပြသသည့် စွမ်းရည်များအရ သက်သေပြနေသည်။ သူတို့၏ ဆောင်ပုဒ်ဖြစ်သည့် "ကျွန်ုပ်တို့ ဉာဏ်ရည်မသန်စွမ်းသူများလည်း လူငယ်တွေဖြစ်ကြပါတယ်။ အများနည်းတူပါဝင်နိုင်ပါတယ်" ဟု သိရသည်။ အခြားသော အခြေအနေအမျိုးမျိုးကြောင့် မသန်သော်လည်း စွမ်းရည်ရှိကြသူများအားလုံးကို ဂုဏ်ပြုရင်း ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုလိုက်ရပါသည်။ ။

# နိုင်ငံတိုင်းက ချမှတ်ပေးထားတဲ့ ရည်မှန်းချက်အတိုင်း ၂၀၂၀ ပြည့်နှစ်အတွင်းမှာ အဆင့် ၁၀၀ အောက်ကိုကျဖို့ဆိုတဲ့ ရည်မှန်းချက်ကို မမှိတ်မသုန်နဲ့ ဆက်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်

**ဒုတိယဝန်ကြီး ဦးအောင်ထူး**

## ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**"ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ အပိုင်း(၂) ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အထွေထွေမန်နေဂျာ ဦးတင်အောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးဇေယျသူရမွန်တို့က ပါဝင်ဆွေးနွေးကြသည်။**



ဦးအောင်ထူး



ဦးတင်အောင်



ဒေါ်လှိုင်မော်ဦး



ဦးဇေယျသူရမွန်

*(ယမန်နေ့မှအဆက်)*

**အစီအစဉ်မှူး။ ။ဒါနဲ့ဆက်စပ်ပြီး ၂၀၁၉ ခုနှစ်အတွက် အညွှန်းကိန်းက ဘယ်တော့လောက်ထွက်လာမလဲ၊ မြန်မာနိုင်ငံရဲ့အညွှန်းကိန်းတိုးတက်ဖို့ရော မျှော်လင့်နိုင်ပါသလား။**

**ဒုတိယဝန်ကြီး။** ။၂၀၁၉ ခုနှစ်ရဲ့ အညွှန်းကိန်းက အောက်တိုဘာလ ၃၁ ရက်နေ့မှာ ထွက်ရှိမှာဖြစ်ပါတယ်။ ထွက်ရှိလာတယ်ဆိုရင် အများပြည်သူတွေ သိရှိအောင် ထုတ်ပြန်သွားဖို့ရှိပါတယ်။ မြန်မာနိုင်ငံကုန်သည်နဲ့ စက်မှုလုပ်ငန်းရှင်များအသင်းမှာလည်း ဖြေကြားတဲ့သူတွေရော၊ စက်မှုလုပ်ငန်းလုပ်တဲ့သူတွေရော သိသာအောင် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အညွှန်းကိန်း တက်လာမလားဆိုတဲ့ မျှော်မှန်းချက်နဲ့ မဖြေခင်မှာ ဘာလုပ်နေလဲဆိုတဲ့ဟာကို ဆက်ပြီးတော့ ပြောချင်ပါတယ်။

ကျွန်တော်တို့ ကမ္ဘာ့ဘဏ်နဲ့ပေါင်းပြီးအခါကျတော့ မြန်မာနိုင်ငံမှာ အညွှန်းကိန်း တက်အောင်လုပ်နိုင်တဲ့ နည်းလမ်းတွေ ဘာတွေရှိနိုင်သလဲဆိုပြီး Reform Memo မှာ ကာလတိုမှာ ဘယ်လိုလုပ်လို့ရမယ်၊ ကာလလတ်မှာ ဘယ်လိုလုပ်လို့ရမယ်၊ ကာလရှည်မှာ ဘယ်လိုလုပ်လို့ရမယ်ဆိုတာ ထုတ်ပြန်ဖို့ရှိပါတယ်။ ကမ္ဘာ့ဘဏ်မှာ အညွှန်းကိန်းတွက်တဲ့ ကျွမ်းကျင်တဲ့သူက လာပြီးတော့ ကျွန်တော်တို့ရဲ့ အထောက်အကူပြုတဲ့အဖွဲ့နဲ့ ထိတွေ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရှေ့လျှောက်ဘာတွေလုပ်သွားလို့ ရသလဲဆိုတဲ့ဟာကို အကြံပြုတာရှိပါတယ်။

အကြံပြုချက်တွေနဲ့ Reform Memo က အကြံပြုချက်တွေနဲ့ ပေါင်းပြီးတော့ လုပ်ငန်းအစီအစဉ်ကို ဘယ်လိုအကောင်အထည်ဖော်မလဲ၊ အညွှန်းကိန်းတစ်ခုစီမှာ ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အညွှန်းကိန်းရဲ့ သဘောကတော့ ဘယ်အချိန်မှာ စာရင်းပိတ်လဲဆိုရင် ၂၀၁၉ ခုနှစ်အတွက်ဆိုရင် ၂၀၁၈ ခုနှစ် မေလမှာ စာရင်းပိတ်ပါတယ်။

တွက်ချက်မှုတွေလုပ်တယ်၊ သက်ဆိုင်ရာ အညွှန်းကိန်းတွက်တဲ့ နိုင်ငံတွေနဲ့လည်း ထိတွေ့မှုတွေလုပ်ပါတယ်။ လုပ်တဲ့အခါမှာ အချက်အလက်တွေမှန်တယ်၊ မှားနေတယ်ဆိုတာတွေကို စိန်ခေါ်မှုလုပ်ဖို့အတွက် အချက်အလက် စိန်ခေါ်မှုတွေ လုပ်ခဲ့ပါတယ်။

သူတို့ဘက်က အသိအမှတ်ပြုတာတွေရှိပါတယ်။ ဥပမာ လျှပ်စစ်ဓာတ်အားနဲ့ ပတ်သက်လို့ အသိအမှတ်ပြုတယ်။ ဆောက်လုပ်ရေးပါမစ်နဲ့ ပတ်သက်ပြီး ဒါဟာ တိုးတက်မှုတွေရှိတယ်။ ဒီနှစ်စုစုပေါင်းရတဲ့အမှတ်က ၄၄ မှတ်ထက်တော့ အများကြီး တက်လာမယ်လို့တော့ ယူဆပါတယ်။

နိုင်ငံတွေက အပြိုင်အဆိုင်တွေလုပ်နေတဲ့အခါကျတော့ ၂၀၁၈ ခုနှစ်မှာဆိုရင် စင်ကာပူက ဒုတိယရတယ်။ တကယ်တမ်းကျတော့ ၂၀၁၇ ခုနှစ်က အဆင့် တစ်နေရာမှာ ရှိတယ်။ နိုင်ငံအချင်းချင်းက အပြိုင်လုပ်နေတဲ့အခါကျတော့ ကျွန်တော်တို့အနေနဲ့ အဆင့်မြင့်လာလိမ့်မယ်လို့ မျှော်မှန်းပါတယ်။ သေချာတဲ့အချက်နဲ့ ရမှတ်ကတော့ လက်ရှိ ၄၄ မှတ်ထက် အများကြီးတက်လာလိမ့်မယ်လို့ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတိုင်းက ချမှတ်ပေးထားတဲ့ ရည်မှန်းချက်အတိုင်း ၂၀၂၀ ပြည့်နှစ်အတွင်းမှာ အဆင့် ၁၀၀ အောက်ကို ကျဖို့ဆိုတဲ့ ရည်မှန်းချက်ကို မမှိတ်မသုန်နဲ့ ဆက်ပြီးတော့ အကောင် အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒေါ်လှိုင်မော်ဦး။** ။ကျွန်မတို့အနေနဲ့က နှစ်ပိုင်းရှိပါတယ်။ ပထမအပိုင်းက ကျွန်မတို့ဘက်က ဘာပြင်ဖို့ လိုသလဲဆိုတာပေါ့။ ဒုတိယတစ်ခုက ကမ္ဘာ့ဘဏ်ဘက်က မသိလို့ သိအောင် ဘာလုပ်ပေးရမလဲဆိုတာကို နှစ်ပိုင်းရှိပါတယ်။ ဆောက်လုပ်ရေးခွင့်ပြုမိန့်နဲ့ ပတ်သက်ပြီး ကမ္ဘာ့ဘဏ်ရဲ့ Ranking မှာတက်ဖို့ တစ်ဖက်က ကြည့်နေသလိုပဲ တစ်ဖက်ကလည်း တကယ့်တကယ်ကို ပြည်သူတွေက ပိုပြီးတော့ လွယ်ကူပါတယ်ဆိုတာကို သိလာအောင်၊ ခံစားရအောင် ဆောင်ရွက်နေတာ ရှိပါတယ်။

အဲဒီတော့ ကမ္ဘာ့ဘဏ်က ဆောက်လုပ်ရေးခွင့်ပြုမိန့်နဲ့ ပတ်သက်ပြီး ပြောတဲ့ကိစ္စတွေကို ပြောပြချင်ပါတယ်။ ကျွန်မတို့ ကာလတိုမှာ ဆောင်ရွက်လို့ ရနိုင်တဲ့၊ ဆောင်ရွက်လိုက်ရင် အမှတ်တက်မယ့် ကိစ္စတွေကို ပထမဆုံး ပြောပြချင်ပါတယ်။ ကမ္ဘာ့ဘဏ်က ပြောလာတဲ့ အချက်ငါးချက်ရှိပါတယ်။

ပထမတစ်ချက်က ကျွန်မတို့အနေနဲ့ ပွင့်လင်းမြင်သာမှု ရှိရမယ်၊ ပါမစ်တွေအတွက် ဝက်ဘ်ဆိုက်တွေမှာ ကြေညာပေးရမယ်။ တင်တာက ဘယ်လောက်ရှိတယ်၊ pass ဖြစ်သွားတာ ဘယ်လောက်ရှိတယ်၊ ကျန်တာက ဘယ်လောက်ရှိတယ်ဆိုတာ ပြည်သူသိအောင် ကြေညာပေးရမယ်။ ဒါကလုပ်လို့ အင်မတန်လွယ်ကူတယ်၊ ကျွန်မတို့မှာလည်း နဂိုကတည်းက ပုံမှန်စိစစ်နေတာရှိတဲ့အတွက် ဝက်ဘ်ဆိုက်ပေါ်မှာ တင်ပေးလိုက်ပါတယ်။ အဲဒီအတွက် အမှတ်ရလား၊ မရဘူးလားဆိုတာတော့ ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါက ပထမတစ်ခုဖြစ်ပါတယ်။

ဒုတိယတစ်ခုက risk နဲ့ ပတ်သက်ပြီး ပြောခဲ့တာရှိပါတယ်။ risk နဲ့ ပတ်သက်ပြီး တစ်သားတည်းပဲ လုပ်တယ်လို့ ကမ္ဘာ့ဘဏ်က ပြောပါတယ်။ ဒါကို ကျွန်မတို့ Challenge ပြန်လုပ်ပါတယ်။ နဂိုကတည်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာ အဆောက်အအုံကို အထပ်အပေါ်မှာ မူတည်ပြီးတော့ ခွဲပါတယ်။ သုံးထပ်အထိ စိစစ်တာက တစ်မျိုး၊ လေးထပ်ကနေ ရှစ်ထပ်ကို တစ်မျိုး၊ ကိုးထပ်ကနေ ၁၃ ထပ်ကို တစ်မျိုး၊ ၁၄ ထပ်က တစ်မျိုး အဲဒီလိုမျိုး risk ကို ခွဲပါတယ်။ အဲဒီလိုပြောတော့ ကမ္ဘာ့ဘဏ်က အထပ်အမြင့်နဲ့ သာမကဘူး၊ ကျန်တဲ့ အပိုင်းတွေအနေနဲ့ပါ risk base လုပ်ဖို့လိုမယ်လို့ ပြောပါတယ်။

ဒီလိုမျိုး ကျွန်မတို့က သုံးထပ်အောက်ကို လွယ်လွယ်ကူကူလုပ်ပေးနေတာရှိတယ် ဆိုတာကိုလည်း အသိအမှတ်ပြုပါတယ်။ နောက်တစ်ခု သူတို့ကို ကျွန်မတို့က ပြန်ပြီးစိန်ခေါ်မှု လုပ်တာက လုံခြုံမှုနဲ့ ပတ်သက်ပြီးတော့ အမှတ်ပေးတာ လေးမှတ်ရှိပါတယ်။ လေးမှတ်မှာ Professional တွေ ဘယ်လောက်အထိ involve လုပ်တယ်ဆိုတာ လေးမှတ်ထဲမှာ နှစ်မှတ်ရပါတယ်။ နှစ်မှတ်ဘာလို့ ရသလဲဆိုတော့ ဒါနဲ့ ပတ်သက်ပြီးတော့ စစ်ဆေးတယ်၊ သက်ဆိုင်ရာ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်တွေကနေပြီးတော့ လက်မှတ်ထိုးတယ်၊ သေချာလုပ်တဲ့အတွက် အဲဒီအတွက် နှစ်မှတ်ရပါတယ်။

ကျန်တဲ့နှစ်မှတ် ဘာလို့မရသလဲဆိုတော့ လက်မှတ်ထိုးပေးတဲ့ ပုဂ္ဂိုလ်တွေဟာ Professional Body တွေမှာ မှတ်ပုံတင်ထားတဲ့သူတွေဖြစ်ရမယ်။ အဲဒီ Professional Body ဆိုတာ ဥပမာအားဖြင့် မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့ကနေ အသိအမှတ်ပြုထားတဲ့ လက်မှတ်ရတဲ့သူဖြစ်ရမယ်။ အဲဒီကောင်စီတွေရဲ့ ဥပဒေတွေအထဲမှာလည်း ဘာပါရမလဲဆိုတော့ ဘွဲ့ရဖို့အတွက် ဘယ်နှနှစ်ပညာသင်ခဲ့ရတယ်၊ အတွေ့အကြုံ ဘယ်လောက်ရှိရမယ်ဆိုတာ ပါရမယ်ဆိုတာ ပြောပါတယ်။ ဒါတွေကို ပြည်သူလူထုကလည်း သိရမယ်လို့ ပြောပါတယ်။ ပြန်ပြောခဲ့ပါတယ်။ ဒါကိုပီပီပြင်ပြင်ပြန်ရေးပေးရင် ဒီနှစ်မမီရင်တောင် နောင်နှစ်မှာ နှစ်မှတ်တိုးမယ်လို့ ပြောပါတယ်။

ကျွန်မတို့ကလည်း ပြန်ပြောပါတယ်။ ကျွန်မတို့မှာ မြန်မာနိုင်ငံဗိသုကာကောင်စီရှိတယ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရှိတယ်၊ အဲဒီဥပဒေကို ထုတ်ပြပါတယ်။ အဲဒီဥပဒေတွေအထဲမှာ ဒီလိုမျိုး သူတို့အနေနဲ့ အသိအမှတ်ပြုတဲ့ ပုဂ္ဂိုလ်တွေဖြစ်လာဖို့ဆိုရင် ပညာရေးအနေနဲ့က ဘယ်လိုရှိတယ်၊ ဘယ်လို ဘွဲ့မျိုးရရမယ်၊ အတွေ့အကြုံအနေနဲ့ ဘယ်လောက်အထိရှိမှ ဒါကို သတ်မှတ်တယ်ဆိုတာကို ကျွန်မတို့က ထုတ်ပြတော့ အဲဒီတစ်ခုကို လက်ခံသွားပါတယ်။ အဲဒီတော့ ဘာပြန်ပြောလဲဆိုတော့ ကျွန်မတို့ဆီက ဟာတွေက မပီပြင်ဘူးလို့ ပြောပါတယ်။

ဒါနဲ့ ပတ်သက်ပြီးတော့ ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်ကစပြီး ကြေညာပြီးတော့ ဧပြီ ၁ ရက်က စပြီးတော့ အဲဒီက အသိအမှတ်ပြုတဲ့ ပုဂ္ဂိုလ်တွေက သာလျှင် ပုံစံတွေ တင်ရမယ်ဆိုတာ သတင်းစာထဲကနေ ကြေညာခဲ့ပါတယ်။ အဲဒီလို ကြေညာတဲ့ အချိန်မှာ အရင်တုန်းက ရန်ကုန်မြို့တော်စည်ပင်မှာ LS ခေါ်တာကို မှတ်ပုံတင်ရပါတယ်။ အဲဒီလိုမှတ်ပုံတင်တဲ့အချိန်မှာ အရင်က Professional Body တွေလည်း မရှိတော့ Professional Body မှာ ဝင်ရမယ်ဆိုတာ မရှိခဲ့ပါဘူး။ အခုဒီလိုမျိုး သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေ ပေါ်လာတဲ့အချိန်ကစပြီး ကျွန်မတို့ဆီမှာ သီးခြား မှတ်ပုံတင်ဖို့မလိုဘဲ အဲဒီသက်ဆိုင်ရာ ကောင်စီတွေက အသိအမှတ်ပြုထားတဲ့ ပုဂ္ဂိုလ်တွေကိုသာလျှင် ကျွန်မတို့က လက်ခံတယ်ဆိုတာကို ဧပြီ ၁ ရက်မှာ လုပ်ခဲ့ပါတယ်။

အဲဒီဟာတွေက ဝက်ဘ်ဆိုက်မှာ မရှိဘူးလို့ ယူဆတဲ့အတွက်ကြောင့်၊ ဒါပေမယ့် ဝက်ဘ်ဆိုက် တင်ပေးသလားဆိုတော့ တင်ပေးပါတယ်။ ဒါပေမယ့် ပုဂ္ဂလိကကို သွားမေးတဲ့ အခါ အပြောင်းအလဲ ရှိသလားဆိုတော့ မရှိဘူးလို့ ဖြေတဲ့အတွက် အမှတ်မပေးပါဘူးလို့ ပြောပါတယ်။ အဲဒီအတွက် ပိုပြီးတော့ ရှင်းလင်းအောင် ဧပြီ ၁ ရက်က စပြီးတော့ အဲဒီသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေမှာ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်တွေကသာလျှင် တင်ခွင့်ရှိပါတယ်။

အရင်တုန်းက LS တွေကတော့ ဟုတ်ပါတယ်။ တချို့ LS တွေက Professional Body မှာ မပါခဲ့ပေမယ့် ကျွန်မတို့ သီးခြား LS မခေါ်တော့ပါဘူး။ အသိအမှတ်ပြုတဲ့ ပုဂ္ဂိုလ်တွေကိုသာလျှင် ကျွန်မတို့ လက်ခံပါတယ်လို့ ပြန်ပြောခဲ့ပါတယ်။ ဒါကို ပီပီပြင်ပြင် ပြန်ရေးပေးရင် ဒီနှစ်မမီရင်တောင် နောင်နှစ်မှာ နှစ်မှတ်တိုးမယ်လို့ ပြောပါတယ်။

ဒါက ကာလတိုမှာ ပြင်ရမယ့်အထဲမှာ Professional တွေရဲ့ အရည်အသွေးတွေ၊ အရည်အချင်းတွေကို ဝက်ဘ်ဆိုက်ပေါ်မှာ တင်ပေးရမယ်ဆိုတော့ ကျွန်မတို့ link တွေ တင်ပေးလိုက်ပါတယ်။ အခြေအနေတွေကိုလည်း ကျွန်မတို့ ရှင်းပြလိုက်ပါတယ်။ ဒါကတော့ ဒီနှစ် အမှတ်မတိုးလည်း နောင်နှစ် နှစ်မှတ်လောက် ရနိုင်မယ့် အနေအထားရှိပါတယ်။ နောက်တစ်ခုက သူတို့အနေနဲ့ လျှောက်လွှာတင်သွင်းရာမှာ လိုအပ်တဲ့ အချက်အလက်တွေ၊ စာရွက်စာတမ်းတွေ၊ ငွေကြေးတွေ အကုန်လုံးကို ဝက်ဘ်ဆိုက်မှာ တင်ပေးပါလို့ ပြောပါတယ်။

ကျွန်မတို့ဆီမှာ နဂိုကတည်းက လျှောက်လွှာပုံစံတွေက ပါပါတယ်။ ဒါပေမယ့် ဒုတိယဝန်ကြီး ပြောသလိုပါပဲ၊ standard operating procedure နဲ့ ပတ်သက်ပြီးတော့ တိတိကျကျ အရင်တုန်းက မတင်ပေးခဲ့တဲ့ အနေအထားကနေ အခုတင်ပေးပါတယ်။ ကျွန်မတို့ ဝက်ဘ်ဆိုက်မှာလည်း တင်သလို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝက်ဘ်ဆိုက်မှာလည်း တင်ပါတယ်။ DICA ကိုလည်း ကျွန်မတို့ ပို့ပါတယ်။ ပို့ပြီးတဲ့အပြင်မှာ ငွေကြေးအနေနဲ့ ဘယ်လောက်ပိုပြီးတော့ ကုန်ကျမယ်ဆိုတာကို တိတိကျကျပြပေးပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ လက်ကမ်းစာစောင်တွေမှာလည်း ကြေညာပေးပါတယ်။ ထပ်ပြီးလိုတဲ့ အချက်တွေကိုလည်း ဆောင်ရွက်ပေးပါတယ်။

နောက်တစ်ခု ပြောတာလည်း ရှိပါတယ်။ ဥပမာအားဖြင့် ကျွန်မတို့မှာ ဇုန်တွေ ဘာတွေ တိတိကျကျ မရှိသေးဘူး။ လုပ်တော့ လုပ်နေပါတယ်။ လုပ်နေတဲ့ အနေအထားမှာ ပတ်ဝန်းကျင်ထောက်ခံချက်တို့၊ အဲဒီလိုမျိုး သူတို့ မလိုဘူးလို့ထင်တဲ့ ကိစ္စတွေကို ဖြုတ်ပြီးတော့ စီစဉ်ပေးပါဆိုတဲ့ အနေအထားမှာ သူတို့အမှတ်ပေးတဲ့ ware house မှာ နဂိုကတည်းက ပတ်ဝန်းကျင်ထောက်ခံချက်၊ စက်မှုဇုန်ထဲမှာ လုပ်ရင်မလိုပါဘူး။ ဒါပေမယ့် နားလည်မှုလွဲတာပေါ့၊ ရပ်ကွက်ထဲမှာ လုပ်တယ်ဆိုရင်တော့ ဘေးပတ်ပတ်လည်က ဒီစက်မှုလုပ်ငန်းအတွက် လိုတယ်ဆိုတဲ့ ထောက်ခံချက် လိုတယ်လို့ ကျွန်မတို့က ဖြည့်ထားမိပါတယ်။ နောက်မှ သူတို့ကို မေးတော့ သူတို့ ပြောတာက ရပ်ကွက်ထဲမှာမဟုတ်ဘူး၊ စက်မှုဇုန်ထဲမှာ ပြောတာဆိုတော့ နဂိုကတည်းက ထောက်ခံချက်မလိုဘူး။ ဒါပေမယ့် သူတို့ အမှတ်ပေးတာမဟုတ်ဘဲနဲ့ ကျွန်မတို့မှာလည်း သတ်မှတ်ထားတဲ့ set back ပေါ့၊ သုံးပေရှိတဲ့ဟာဆိုရင် ဘေးထောက်ခံချက်မလိုဘူး။ set back က သုံးပေထက် ပိုပြီးတော့ ကပ်သွားတယ်၊ အိမ်နီးချင်းကို အနှောင့်အယှက်ပေးနိုင်တဲ့ဟာမျိုးဆိုရင် ဘေးအိမ်နီးချင်းအနေနဲ့က သိပါတယ်ဆိုတာမျိုး တောင်းဆိုတာရှိပါတယ်။

နောက်တစ်ခုအနေနဲ့ မီးဘေးနဲ့ပတ်သက်ပြီး ပြောတာရှိပါတယ်။ မီးဘေးအန္တရာယ် ကင်းရှင်းဖို့ မီးသတ်က ထောက်ခံချက်တောင်းတာရှိပါတယ်။ အဲဒီမီးသတ် ထောက်ခံချက်တောင်းတဲ့ ကိစ္စကို ဘေးအန္တရာယ်လည်း မဖြစ်တဲ့နည်းနဲ့ ညှိဖို့ပြောပါတယ်။ ဒါလည်း ညှိနှိုင်းနေပါတယ်။ ဒါပေမယ့် Low risk building ဆိုရင် ဘယ်လိုဟာမျိုးကို ထောက်ခံချက်မပါဘဲ ခွင့်ပြုပေးမယ်ဆိုတဲ့ အပိုင်းမျိုးတွေကို ကျွန်မတို့ ကြည့်ပေးတာရှိပါတယ်။ သုံးလအတွင်းလောက်မှာ အပြောင်းအလဲ လုပ်ပေးနိုင်တာက ကာလတိုပါ။ သူတို့ပြောတဲ့ ငါးချက်ထဲမှာ မီးသတ်နဲ့ ညှိရမယ့် အချက်ကလွဲရင် ကျန်တာက ပြင်ဆင်ပြီးပါပြီ။

ကာလလတ်မှာ အမှတ်နဲ့ ပတ်သက်ပြီး နောက်တစ်ခု ပြောတာက building code ကို ပြန်လည်ဆန်းစစ်ပြီးတော့ risk based system ကို စနစ်တကျလုပ်ပေးဖို့ ပြောပါတယ်။ အဲဒီလို လုပ်တဲ့ဟာနဲ့ ပတ်သက်ပြီးတော့ online မှာ တင်လို့ရအောင် စီစဉ်နေတာရှိပါတယ်။ အဲဒီမှာ risk based system တစ်ခုကို တည်ဆောက်နိုင်ဖို့ဆိုပြီး သူတို့ပဲ အကူအညီတောင်းပြီးတဲ့အခါ Consultant တစ်ယောက် ရောက်နေပါပြီ။

နိုင်ငံတကာမှာ risk based system နဲ့ ပတ်သက်ပြီးလုပ်နေတဲ့ နည်းလမ်းတွေကိုလည်း ကျွန်မတို့ကို ပြောပါတယ်။ လောလောဆယ်မှာ ကျွန်မတို့မှာရှိတဲ့ Myanmar national building code ပေါ်မှာ မူတည်ပြီးတော့ risk based system တစ်ခုကို ဆောင်ရွက်ထားတဲ့ အကြမ်းဖျင်းကို ပြမယ်လို့ ပြောပါတယ်။

**သတင်း-ရှင်မင်း၊ ဓာတ်ပုံ-အေးသန်း**

*(ဆက်လက်ဖော်ပြပါမည်)*

> **"ပထမတစ်ချက်က ကျွန်မတို့အနေနဲ့ ပွင့်လင်းမြင်သာမှု ရှိရမယ်၊ ပါမစ်တွေအတွက် ဝက်ဘ်ဆိုက်တွေမှာ ကြေညာ ပေးရမယ်။ တင်တာက ဘယ်လောက်ရှိတယ်၊ pass ဖြစ်သွားတာ ဘယ်လောက်ရှိတယ်၊ ကျန်တာက ဘယ်လောက်ရှိတယ်ဆိုတာ ပြည်သူသိအောင် ကြေညာပေးရမယ်"**

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကြည်မင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးထွန်းအုံက အောင်ဆန်း ရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးလူမင်းက ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေများကို လည်းကောင်း၊ ဒါရိုက်တာ ပန်းချီစိုးမိုးက မိတ်ကပ်၊ ဇာတ်ကောင်ရွေးချယ်မှု၊ ရုပ်ရှင် ရိုက်ကူးမှုအပိုင်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ဇာတ်ညွှန်း၊ သမိုင်းအထောက်အထား၊ ဇာတ်ကောင်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။




ယင်းနောက် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ သမိုင်းပညာရှင်များ၊ ရုပ်ရှင်အတတ်ပညာရှင်များ၊ ဒီဇိုင်နာများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ တွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းက ပြန်လည် ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပတ်သက်၍ သဘောထားအမြင်များ



ဦးလှမိုးအောင်



ဒေါက်တာ အောင်မိုးညို



ဦးအောင်နိုင်ဦး



ဦးညီညီထွန်း



ဦးဝင်းမြင့်လှိုင်

**တွေ့ဆုံမေးမြန်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

**ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် ငွေဆောင်ကမ်းခြေရှိ ယမုံနာဦးဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**

အဆိုပါပြပွဲသည် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုသိရှိနားလည်စေရန်နှင့် တိုင်းဒေသကြီးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည့် အထောက်အပံ့တစ်ခုဖြစ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ရာ တိုင်းဒေသကြီးအတွင်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ လုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ လက်ရှိဆောင်ရွက်နေမှုများနှင့် အနာဂတ်စီမံကိန်းများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သဘောထားအမြင်များကို မေးမြန်း၍ ဖော်ပြလိုက်ပါသည်။

**ဦးလှမိုးအောင်**
**(ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်)**

ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အလိုရှိနေပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမှ နိုင်ငံခြားဝင်ငွေရမယ်။ အဲဒီအတွက် နိုင်ငံတော်ကလည်း ကြိုးစားနေသလို တိုင်းဒေသကြီးအနေနဲ့ ကျွန်တော်တို့လည်း ကြိုးစားဆောင်ရွက်နေပါတယ်။ လာပြီးရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် ကျွန်တော်တို့က ကိုယ့်ဒေသမှာ ဘယ်လိုအခြေခံအဆောက်အအုံတွေ ရှိတယ်။ ရင်းနှီးမြှုပ်နှံဖို့အတွက် အရင်းအမြစ်တွေ၊ ကမ်းရိုးတန်းတွေရှိတယ် အစရှိသဖြင့် ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် အလားအလာတွေကို ပိုမိုသိရှိလာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ ပြည်တွင်းက ရင်းနှီးမြှုပ်နှံမှုတွေ များပြားလာဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလို ပွဲကျင်းပရခြင်းဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ပြဋ္ဌာန်းပြီးတဲ့အချိန်မှာ ဧရာဝတီတိုင်းဒေသကြီးမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ခြောက်ခုလောက်ရှိပါတယ်။ ဒီနေ့အထိ ရင်းနှီးမြှုပ်နှံမှုပေါင်း ၁၆ ခုလောက်ရှိပါတယ်။ တော်တော် အလားအလာကောင်းတဲ့ အနေအထားမှာရှိပါတယ်။ ဒါပေမယ့် အားရကျေနပ်မှုတော့ မရှိသေးပါဘူး။ ကျွန်တော်တို့ရဲ့ ကမ်းရိုးတန်းမိုင်က ၂၇၂ မိုင်ရှိတဲ့အတွက် အပန်းဖြေကမ်းခြေ လုပ်နိုင်ခွင့်တွေ အများကြီးရှိတယ်။

ရင်းနှီးမြှုပ်နှံမှုနေရာတွေ အများကြီးရှိတဲ့၊ မဟာဗျူဟာကျတဲ့ ကမ်းရိုးတန်းကြီးရှိပြီးတော့ ဒီကနေ ရေနက်ဆိပ်ကမ်းတစ်ခုလို ထွက်ပေါက်ရှိမယ်ဆိုရင် သူနဲ့ဆက်စပ်တဲ့လုပ်ငန်းတွေ အများဆုံးဝင်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များလာမယ်။ ကျွန်တော်တို့ဒေသမှာ ကျွမ်းကျင်အလုပ်သမားတွေ၊ နိုင်ငံရဲ့ပညာရှင်တွေ၊ နိုင်ငံတကာက လူတွေနဲ့ ပူးပေါင်းလုပ်ကိုင်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်။ နိုင်ငံတော်အတွက်လည်း အခွန်အခတွေရမယ်။ အဲဒီလို ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုအတွက် အခြေအနေကောင်းတွေ အများကြီးရှိပါတယ်။

**ဒေါက်တာ အောင်မိုးညို**
**(မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်)**

ဒီမှာပြခန်းတွေကို ကြည့်လိုက်ခြင်းအားဖြင့် ရေနံနဲ့ ဓာတ်ငွေ့သိုက်ရှာတဲ့ကိစ္စ၊ အပန်းဖြေတဲ့နေရာတို့၊ ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်မယ့် ကိစ္စတွေအတွက် အများကြီး အလားအလာကောင်းတဲ့အတွက် အားကျပါတယ်။ သို့သော်လည်း ကျွန်တော်တို့တိုင်းဒေသကြီးမှာကတော့ ဒါမျိုးတွေ လုပ်လို့မရပါဘူး။ လုပ်လို့ရတာတွေတော့ လုပ်နေပါတယ်။ ထိုင်းကုမ္ပဏီတစ်ခုနဲ့ သရက်မြို့မှာ ကုန်းတွင်းရေနံ ရှာဖွေစမ်းသပ်တူးဖော်မှုတွေ လုပ်သွားမယ်။ ရခိုင်နဲ့ ဧရာဝတီတိုင်းဒေသကြီး တို့လို ဓာတ်ငွေ့သိုက်တွေဖို့ အလားအလာတော့ မသိသေးပါဘူး။ JICA အနေနဲ့လည်း နှမ်းနက်ဆီမွှေး စက်ရုံတည်ဖို့ လေ့လာနေပါတယ်။ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာတော့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး တတ်နိုင်သမျှ လာအောင်လုပ်နေပါတယ်။

**ဦးအောင်နိုင်ဦး**
**(ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး)**

ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ရင် ၂၀၃၀ ခုနှစ်အထိ စီမံကိန်းဆွဲထားတာရှိပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းဆိုပြီး အဲဒီစီမံကိန်းကို အခြေခံပြီး တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်နေတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ တိုးတက်လာလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကတော့ လက်ရှိအနေအထားအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ရင် ထိပ်ဆုံးရောက်နေတဲ့ အထဲမှာတော့ မပါသေးပါဘူး။ သို့သော်လည်း အခုကျင်းပတဲ့ ပြပွဲကြီးရဲ့ရလဒ်၊ တိုင်းဒေသကြီးရဲ့အနေအထား အခြေအနေတွေကြောင့် နောင်နှစ်တွေမှာတော့ ဒီထက်ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာလိမ့်မယ်လို့ သုံးသပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း အနာဂတ်အစီအစဉ်အနေနဲ့ ရန်ကုန်မြို့နဲ့ ချိတ်ဆက်နိုင်မယ့် စကြံလမ်းတွေ ပေါ်ပေါက်လာဖို့ရှိတယ်။ လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားတွေကိုလည်း ဖြည့်ဖို့ စီမံကိန်းတွေကိုလည်း မကြာခင် စတင်အကောင်အထည်ဖော်ဖို့ ရှိတယ်။ တိုင်းဒေသကြီးအစီအစဉ်နဲ့ အကောင်အထည်ဖော်မယ်။ စက်မှုဇုန်တွေလည်း ရှိတယ်။ ဒါကြောင့် တိုင်းဒေသကြီးအတွက် အနာဂတ်လုပ်မယ့် စီမံကိန်းတွေဟာ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုတင်မက တစ်နိုင်ငံလုံးအတွက် အကျိုးရှိမယ်လို့ မြင်ပါတယ်။

**ဦးညီညီထွန်း**
**(ဆောက်လုပ်ရေးလုပ်ငန်းရှင်)**

ဒီပွဲဟာ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွက် အခွင့်အရေး၊ အခွင့်အလမ်းတစ်ခုပါပဲ။ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ လက်ရှိ တင်ပြနေတဲ့ လုပ်ငန်းတွေ အများကြီး ရှိပါတယ်။ စက်မှုဇုန်စီမံကိန်းတွေ၊ အိမ်ရာစီမံကိန်းတွေ ရှိတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသာ ဝင်လာမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ အများကြီးရရှိလာနိုင်မှာ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်လှိုင်**
**(ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)**

ဒီပွဲကို ကျွန်တော်တို့ စောင့်စားမျှော်လင့်ခဲ့တာ ကြာပါပြီ။ ဧရာဝတီတိုင်းဒေသကြီးဟာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဖို့အတွက် အရင်းအမြစ်တွေ ကြွယ်ဝတဲ့ တိုင်းဒေသကြီးပါ။ ဒေသခံတွေအနေနဲ့သာ ဖော်ဆောင်ရင် အချိန်တွေ အများကြီး ကြာမှာပါ။ ဒါကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့အတူ ဂျပန်နိုင်ငံက အဖွဲ့အစည်းတွေက ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာအောင် ဆောင်ရွက်နေတာပါ။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံတကာက ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ အချက်အလက်တွေကို သိရှိသွားမယ်။ သူတို့အနေနဲ့ စိတ်ဝင်စားပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမယ်လို့ မျှော်လင့်ထားပါတယ်။ အခုဆိုရင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအနေနဲ့ ပုသိမ်စက်မှုဇုန်ကိုလည်း ဆောင်ရွက်နေပါပြီ။ ရင်းနှီးမြှုပ်နှံမှုတွေလည်း စတင်ပြီး ဝင်လာနေပါပြီ။ ပြည်ပအနေနဲ့ကတော့ နည်းနေပါသေးတယ်။ ။

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

၂၀။ (က) ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် အောက်ပါလုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ယဉ်ကျေးမှုအမွေအနှစ်များ အပေါ် ထိခိုက်မှုမရှိကြောင်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီသို့ လျှောက်ထားရမည် -

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဍာန်ကို ဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကို ဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) ပြတိုက်များတည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(၄) စီမံခန့်ခွဲမှုအရမဖြစ်မနေလိုအပ်သောအဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်း။

(ခ) အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီတို့၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၂၁။ ဝန်ကြီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို ဦးစီးဌာနအား စိစစ်စေခြင်း၊ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီထံ သဘောထားပြန်ကြားခြင်းများ ပြုလုပ်ရမည်။

၂၂။ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ များသည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က) ပါ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောထားပြန်ကြားချက်အရ-

(က) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားသူအား ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရမည်။

(ခ) ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် မသင့်ကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်။

၂၃။ ဝန်ကြီးဌာနသည်-

(က) အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီများနှင့် ဝန်ကြီးဌာနတို့၏ သဘောထားကွဲလွဲလျှင် ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာကော်မတီတို့မှ ကိုယ်စားလှယ်များ ပါဝင်သောအစည်းအဝေးခေါ်ယူကျင်းပ၍ ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်ရမည်။

(ခ) လိုအပ်ပါက ညှိနှိုင်းဆွေးနွေးချက်ကို အစည်းအဝေးမှတ်တမ်းနှင့်အတူ အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုဆုံးဖြတ်ချက်ရယူရမည်။

၂၄။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ များသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)တို့အရ ကြိုတင်ခွင့်ပြုချက် ပေးရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ် ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၂၅။ ဝန်ကြီးဌာနက သဘောထားပြန်ကြားရာတွင်လည်းကောင်း၊ အမျိုးသားအဆင့် စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ပုဒ်မ ၁၈ နှင့် ပုဒ်မ ၂၂တို့အရ ကြိုတင်ခွင့်ပြုချက်ပေးရန်စိစစ်ရာတွင်လည်းကောင်း အောက်ပါ အချက်များကိုအခြေခံ၍ စိစစ်ရမည်-

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအမွေအနှစ်ဒေသများအတွက် ကမ္ဘာ့အမွေအနှစ် စံနှုန်းသတ်မှတ်ချက်များ၊ စီမံခန့်ခွဲရေးအစီအစဉ် များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ် အခင်းအကျင်းနှင့် ဂေဟစနစ်ကို ထိခိုက် ပျက်ယွင်းစေနိုင်ခြင်း ရှိ မရှိ၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဃ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုအဟန့်အတား၊ အနှောင့်အယှက် ဖြစ်နိုင်ခြင်း ရှိ မရှိ၊

(င) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်း နေရာနှင့် လွတ်ကင်းခြင်း ရှိ မရှိ၊

(စ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ထည်ဝါခံ့ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ဆ) မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ၊

(ဈ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ မရှိ၊

(ည) ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ။

၂၆။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ များသည် ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားသော ကိစ္စများအားလုံးနှင့် ပတ်သက်၍ အမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက် (Heritage Impact Assessmet) ဆောင်ရွက်ရန်နှင့် ခွင့်ပြုပြီးကိစ္စများကို လိုက်နာမှု ရှိ မရှိ သက်ဆိုင်ရာဦးစီးဌာနက စောင့်ကြည့်၍ ပြန်လည်တင်ပြရန် ညွှန်ကြားရမည်။ လိုက်နာမှု မရှိပါက ခွင့်ပြုမိန့်ကို ပယ်ဖျက်နိုင်သည်။

## အခန်း (၉)
## တားမြစ်ချက်များ

၂၇။ မည်သူမျှယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသရှိ မြို့ပြနှင့်ကျေးရွာအတွင်း အောက်ပါကိစ္စရပ်များကို အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) အဆောက်အအုံ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှတစ်ပါး အခြားအဆောက် အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်ကို ကာရံခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကိုမထိခိုက်သည့် သာသနိကအဆောက်အအုံ များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြုပြင် မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊

(ဃ) လမ်းများတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဆိပ်ခံဇေတံတားများ ပြင်ဆင်ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ ရေကူးကန်၊ ရေလှောင်ကန်၊ မွေးမြူရေးကန်များ၊ မွေးမြူရေးခြံများ၊ နှစ်ရှည်ပင် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(စ) လက်မှုလုပ်ငန်းဆိုင်ရာအလုပ်ရုံများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ ပြုပြင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းဆိုင်ရာ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများ တည် ဆောက်ခြင်း၊ တိုးချဲ့ပြုပြင်ခြင်း၊

(ဇ) ပြခန်းလုပ်ငန်းဆိုင်ရာ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ ပြုပြင်ခြင်း၊

(ဈ) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် အသေး စား၊ အလတ်စားစက်မှုလုပ်ငန်း အဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ည) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ အခြားစက်တပ်၊ စက်မဲ့ယာဉ်ပျံသန်းခြင်း၊

၂၈။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ကြားခံဒေသအတွင်းတွင် အောက်ပါကိစ္စရပ်များကို အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသ ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မပြုလုပ်ရ-

(က) လမ်းဖောက်လုပ်ခြင်း၊ ဆိပ်ခံဇေတံတား၊ ယာဉ်ရပ်နားစခန်း၊ ရထားလမ်း၊ ရထားဘူတာရုံ၊ အားကစားရုံ၊ အားကစားကွင်းများ၊ အဆောက်အအုံနှင့် တံတားများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ခ) ဆက်သွယ်ရေးတာဝါတိုင်များ၊ မြေအောက်လုပ်ငန်းများ၊ မြေအောက် ဓာတ်အားကြိုးများ၊ လျှပ်စစ်မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်တိုင်များ၊ ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စိုက်ထူခြင်း၊

(ဂ) ရဟတ်ယာဉ်၊ လူစီးမီးပုံးပျံများ၊ မောင်းသူမဲ့လေယာဉ်၊ ဖြတ်သန်းပျံသန်း ခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဃ) ဇာတ်ရုံကဲ့သို့သောဖျော်ဖြေရေးဆိုင်ရာ အဆောက်အအုံများ၊ နားနေစခန်း များ၊ မြင်းစီးစခန်း ပြိုင်ကွင်းများနှင့် အခြေခံအဆောက်အအုံများ တည် ဆောက်ခြင်း။

၂၉။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါလုပ်ငန်း တစ်ရပ်ရပ်ကို ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မပြုလုပ်ရ-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဍာန် ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံ နယ်နိမိတ်ကို ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊

(ခ) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဂ) ပြတိုက်များ တည်ဆောက်ခြင်း၊ ဖွင့်လှစ်ခြင်း၊

(ဃ) စီမံခန့်ခွဲမှုအရ မဖြစ်မနေလိုအပ်သော အဆောက်အအုံ၊ လူအများသုံး အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။

၃၀။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခု မပြုလုပ်ရ-

(က) မူလရှိပြီး ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှု လုပ်ငန်းအဆောက်အအုံကို ပြင်ဆင်ခြင်း၊

(ခ) လယ်မြေ၊ ယာမြေများပေါ်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင် မြင်ကွင်းကို ထိခိုက်စေသော နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(ဂ) မူလမြေမျက်နှာသွင်ပြင်ကိုပျက်စီးစေနိုင်သည့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-

(၁) ရွှေကျင်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ အမှိုက်များ စုပုံစွန့်ပစ်ခြင်း၊ ရေဆိုးထုတ်ခြင်း၊

(၂) သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်း၊ မြေတူးခြင်းနှင့် ရေစီးရေလာ ပိတ်ဆို့တားဆီးခြင်း၊

(၃) ကန်၊ ချောင်း၊ ဆည်မြောင်း၊ လျှို၊ ချိုင့်များ မြေဖို့ခြင်း။

(ဃ) လက်ရှိပေါက်ရောက်နေသည့် ဒေသမျိုးရင်း သဘာဝသစ်ပင်များကို ခုတ်ထွင်ခြင်း၊ ခင်တန်းများကို ဖျက်ဆီးခြင်း၊ ဒေသမျိုးရင်း မဟုတ် သော မျိုးစိတ်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံများနှင့် ပရဝဏ်များအတွင်း တိရစ္ဆာန်များ လွှတ်ကျောင်းခြင်း၊

(စ) ဝင်းခြံတစ်ခုခုအတွင်း ကျရောက်နေသည့် ရှေးဟောင်းအဆောက် အအုံများ၊ နေရာများ၏မြင်ကွင်းကို တမင်ဖုံးကွယ်ခြင်း၊ အလွယ်တကူ ဝင်ရောက်သွားလာကြည့်ရှုမရအောင် ပိတ်ဆို့တားဆီးခြင်း၊ ခြံခတ် ကာရံခြင်း။

၃၁။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ဖြစ်စေ၊ အဆောက် အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံ သဏ္ဍာန်ကို ဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ ပြောင်းလဲ စေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တု ရှာဖွေရန် တူးဖော်ခြင်း။

၃၂။ မည်သူမျှ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန သို့မဟုတ် အမျိုးသားအဆင့်စီမံ ခန့်ခွဲမှုကော်မတီ သို့မဟုတ် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများက ထုတ်ပြန်သော စည်းကမ်းချက်၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ သတ်မှတ်သည့် နယ်နိမိတ် အတွင်း ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေရန် ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် တစ်ဆယ်သိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၈ သို့မဟုတ် ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့် အပြင် အနည်းဆုံး ကျပ်တစ်ဆယ် သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ် လည်း ချမှတ်နိုင်သည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးနှစ်မှ အများဆုံးငါးနှစ် အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့်အဆောက်အအုံကိုဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဍာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဍာန်အတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊

(ဃ) သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း။

၃၉။ မည်သူမဆို ပုဒ်မ ၃၈ အရ ချမှတ်သည့်အမိန့်ကို ရက်ပေါင်း ၃၀ အတွင်း လိုက်နာဆောင်ရွက်ရမည်။ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက အမိန့်ချမှတ်ပြီး ရက်ပေါင်း ၃၀ ကျော်သည့်နေ့မှစ၍ တစ်နေ့လျှင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၄၀။ နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက် ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့် စပ်လျဉ်း၍-

(က) ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသနှင့် အမျိုးသားအဆင့်သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေ အနှစ်ဒေသများတွင် ဆောင်ရွက်ခြင်းကို တားမြစ်သည်။

(ခ) ပုဒ်မခွဲ(က) ပါ ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှတစ်ပါး အခြား ယဉ်ကျေးမှု အမွေအနှစ်ဒေသများတွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ရာတွင် ထိခိုက်ပျက်စီးနိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း နိုင်ငံတကာလုပ်ထုံးလုပ်နည်း သတ်မှတ် ချက်များနှင့်အညီ ပြောင်းရွှေ့အစားထိုးထိန်းသိမ်း၍ ဆောင်ရွက်နိုင် သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ငြိမ်းချမ်းရေးကဗျာဆရာ ကွယ်လွန်

ငြိမ်းချမ်းရေးကဗျာဆရာ မောင်အောင်ပွင့် ကွယ်လွန်သွားပြီဖြစ်သည်။ ၁၉၄၅ ခုနှစ်က မွေးဖွားပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ သူ၏ငယ်စဉ်ဘဝကို ပြည်တွင်းစစ်အတွင်း ကြီးပြင်းခဲ့ရသည်။ သူသည် အမေပျောက်သော သားငယ်တစ်ဦး ဖြစ်ခဲ့ရ၏။ ပြည်တွင်းစစ်ဒဏ်ရာကြောင့် ဆရာ မောင်အောင်ပွင့်၏ နှလုံးသားတွင် အမေပျောက် ရှာပုံတော်ဖွင့်ခဲ့ရသော သောကမှာ ကွယ်လွန်သည့် အချိန်ထိ စွဲထင်သွားခဲ့သည်။

ကဗျာဆရာ မောင်အောင်ပွင့်ကို ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ဘုရားကုန်းကျေးရွာ၌ ၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။ သူ၏ ပထမဆုံးကဗျာကို ၁၉၆၈ ခုနှစ်ထုတ် အိုးဝေဂျာနယ် အမှတ်(၄) တွင် စတင်ဖော်ပြခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် "အလွမ်းပင်တော" ကဗျာစာအုပ်၊ "ဝါကျင့်ကျင့်နေ့ခင်းရှည်" သုံးယောက်ပေါင်း ကဗျာစုစည်း မှုကို ထုတ်ဝေခဲ့သည်။ ၁၉၉၅ တွင် "ကောင်းကင်တော်တမ်းခြင်း" ကဗျာစာအုပ်ထုတ်ဝေပြီး ၁၉၉၆ တွင် ကဗျာဆရာလေးဦးပါဝင်သော "ကေစာမီးခိုးများ" ကဗျာစာအုပ် ထွက်ရှိခဲ့သည်။

ကဗျာဆရာ မောင်အောင်ပွင့်သည် ကျောင်းဆရာ၊ စာပြင်ဆရာ၊ စာအုပ်ဟောင်းရောင်းသမား၊ သတင်းမှတ်တမ်းအယ်ဒီတာနှင့် ဗီဒီယိုအစီအစဉ် စာရေးဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ သူ၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပုသိမ်ထောင်တွင် ၁၉၆၇ မှ ၁၉၆၈၊ အင်းစိန်ထောင်တွင် ၁၉၇၈ မှ ၁၉၈၀ ထိ၊ တံတားဦးရဲစခန်းအချုပ်တွင် ၁၉၉၇၊ အင်းစိန်ထောင်နှင့် သာယာဝတီထောင်တွင် ၁၉၉၅ မှ ၂၀၀၅ တို့တွင် အကျဉ်းကျခံခဲ့ရသည်။

ဆရာမောင်အောင်ပွင့်သည် ကဗျာနှင့် နိုင်ငံ့ငြိမ်းချမ်းရေးအပေါ်တွင် ယုံကြည်မှု ပြင်းထန်လွန်းသူဖြစ်သည်။ ထို့အပြင် တိုင်းပြည်၏ ဖွံ့ဖြိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ခံစားတတ်သူဖြစ်သည်။ သူသည် ဝေနမြစ်ကမ်းတွင် ကြီးပြင်းခဲ့ရသူဖြစ်၏။ ရောဝတီ၊ ဝေနမြစ်များသည် သူ့ငယ်စဉ်ဘဝ ပြည်တွင်းစစ်ကြား အမေပျောက်ကို ရှာခဲ့ရသလားမသိ၊ အမြင်တွေ စူးရှထက်မြက်နေသည်ကို တွေ့ရသည်။ "ရောဝတီ"ဟူသော ကဗျာတစ်ပုဒ်ကို ရေးခဲ့၏။

**ရောဝတီ**
**ရေကိုသားလို့ အကြားမထင်တဲ့**
**မြစ်မကြီးလေ**
**နွေရေခန်းခြောက်**
**သောင်ပြင်တစ်လျှောက်**
**ရေတွေ ရေတွေ**
**ရှင်ကွဲ ကွဲကုန်ကြရော ....။**

ကျွန်တော်တို့ ရောဝတီမြစ်ကြီးသည် မိုးဥတုတွင် ရေများပြည့်လျှံပြီး ရေကိုသားလို့ အကြားမထင်သလို ရှိနေတတ်သည်။ ဆောင်းရာသီရောက်လာကတည်းက ရေတွေတဖြည်းဖြည်း


ငြိမ်းချမ်းရေးကဗျာဆရာ မောင်အောင်ပွင့်

ခန်းလာသည်။ နွေရာသီရောက်သည်နှင့် သဲသောင်ပြင်တွေပေါ်လာသည်။ ထိုသဲသောင်ပြင်ပေါ်တွင် ဆောင်းသီးနှံ၊ ကိုင်းသီးနှံများဖြစ်သော ပဲ၊ နှမ်း၊ နေကြာစသည့် သီးနှံများကို စိုက်ပျိုးကြ၏။

ရောဝတီမြစ်ကြီးအတွင်း သဲသောင်ပြင်အစုစုပေါ်တွင် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသော်လည်း ရောဝတီမြစ်ရေကား သောင်ပြင်အစုစုကြောင့် တစ်မြစ်ထဲစီးပြီး ရှင်ကွဲ ကွဲသွားရသလို ဖြစ်ကြောင်း ရေးခဲ့သည်။

သူ၏ကဗျာကား သူ့မိသားစု၏ ဖြတ်သန်းမှုဘဝကို သရုပ်ထင်နေသည်လားကျွန်တော်စဉ်းစားမိသည်။ သူ၏ဘဝတစ်လျှောက် ယုံကြည်မှုဖြင့် သားတစ်ကွဲ မယားတစ်ကွဲ ဖြစ်ခဲ့ရသည်က နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်ခဲ့၏။ အကျဉ်းထောင်ထဲတွင် နှစ်ပေါင်းများစွာ၊ နယ်နှင်ဒဏ်သင့်ခဲ့ရသော အချိန်များကလည်း နှစ်ပေါင်းများစွာ။ ထိုနှစ်များ၏ လောကခံကို သူကြံ့ကြံ့ခံခဲ့သည်။ အစားပျက်၊ အအိပ်ပျက် နှစ်ပေါင်းများစွာဖြင့် ရန်ကုန်တွင် နေထိုင်ခဲ့ရသော သူ့ကဗျာတစ်ပုဒ်ကလည်း ကြေကွဲစရာဖြစ်ခဲ့သည်။

**ငါးရိုးနင်နေတဲ့ ငွေလမင်း**
**ဆာကလည်း ဆာလောင်**
**မြို့လယ်ခေါင်ကြီး**
**လရောင်တောင်မရှိ။**
**ကောင်းကင်မော်ကြည့်မှ**
**ဟောဒီ့အမိုးတွေမှာ**
**ငါးရိုးပမာ**
**ထိုးထိုးထောင်ထောင်**
**အပြိုင်အဆိုင်**
**တီဗွီတိုင်တွေရှုပ်ယှက်ခတ်**
**လမျက်နှာမှာအရိုးနင်ပုံ**
**မြင်ရုံနဲ့မော**
**"တော" ပဲ ပြန်ချင်ပါတော့တယ်။**

သူသည် နူးညံ့သိမ်မွေ့သူတစ်ဦးဖြစ်ပြီး သူ၏ကဗျာကလည်း နူးညံ့သိမ်မွေ့သော စကားလုံးများကို ဆင်ယင်ရေးဖွဲ့လေ့ရှိသူဖြစ်၏။ သူသည် ခေတ်အဆက်ဆက် ပြည်သူကို ဖိနှိပ်သူများကို တော်လှန်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း မွတ်သိပ်သူတစ်ဦးဖြစ်၏။ သို့သော် သူသည် ကဗျာရေးသားရာတွင် မဟုတ်ဘဲ စကားပြောဆိုရာတွင်ပါ နူးညံ့သူတစ်ဦး ဖြစ်သည်။ သူ့စိတ်ထဲ အဆင်မပြေသူများ၊ သူ့အပေါ် ဖိနှိပ်သူများကိုပင် ရန့်ရင်းကြမ်းတမ်းစွာ မပြောဘဲ "ဒီမောင်ရင်တွေကကွာ" "ဒီမောင်ရင်တွေကကွာ" ဟုသာ ကြေကြေကွဲကွဲ ပြောတတ်သည်။

ဆရာမောင်အောင်ပွင့်၏ နိုင်ငံရေးယုံကြည်ချက်နှင့် လှုပ်ရှားမှုများကြောင့် ၂၀၀၂ ခုနှစ်တွင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ဟဲလ်မင်း ဟမ်းမတ်ဂရန့်ဆုနှင့် ၂၀၀၄ တွင် နိုင်ငံတကာ သတင်းသမားများ အခွင့်အရေးကာကွယ်စောင့်ရှောက်မှုကော်မတီကလည်း နိုင်ငံတကာစာနယ်ဇင်း လွတ်လပ်ခွင့်ဆု ချီးမြှင့်ခြင်းခံရသည်။

၂၀၁၇ ခုနှစ်က ပြုလုပ်ခဲ့သော (၅) ကြိမ်မြောက် လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာရုပ်ရှင်ပွဲတော်တွင် နယ်သာလန်နိုင်ငံမှ ဒါရိုက်တာနှစ်ဦး ရိုက်ကူးထားသော ကဗျာဆရာ မောင်အောင်ပွင့်အကြောင်း တင်ဆက်ထားသည့် Burma Story Book မှတ်တမ်းရုပ်ရှင်ကိုလည်း ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံတွင် ပြသခဲ့သည်။

ကဗျာဆရာ မောင်အောင်ပွင့်သည် ကွယ်လွန်သူ သူ၏ ဇနီးဖြစ်သူ ဆရာမနန်းညွန့်ရွှေ(တောင်ဇလပ်ဖြူ)ကို ခွဲခွာခဲ့ရပြီး သားမောင်ကြီးငြိမ်းချမ်း၊ သမီးလုံမငြိမ်းချမ်းတို့ကို လူ့လောကထဲတွင် ချန်ထားရစ်ခဲ့သည်။ ထိုမျှသာမက သူမျှော်လင့်ခဲ့ရသော မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအပြီးတိုင်မရမီပင် လူ့လောကကို စွန့်ခွာသွားခဲ့ရသည်။ ကင်ဆာလို အမြစ်စွဲနေသော ပြည်တွင်းစစ်မီးတောက်ကြီး ငြိမ်းစေသောသဘောဖြင့် သူရေးခဲ့သော ကဗျာတစ်ပုဒ်ဖြင့် ဆောင်းပါးကို အနှစ်ချုပ်ချင်ပါသည်။ ကဗျာဆရာ မောင်အောင်ပွင့် ငြိမ်းချမ်းသောဘုံဘဝသို့ ရောက်ရှိပါစေ၊ မြန်မာပြည်ကြီးငြိမ်းချမ်းပါစေဟု ဆန္ဒပြုပါသည်။

**ကင်ဆာကျဆုံးပါစေ**
**ဘဝမှာပျော်ပျော်ရွှင်ရွှင်နေသူတွေ**
**ကင်ဆာမဖြစ်ဘူး**
**ဒီအဆိုအတိုင်းသာဖြင့်**
**ဒီတိုင်းပြည် မဟာကာလ ငရဲမှာ**
**ကင်ဆာဟာ**
**အမျိုးသားရောဂါလက္ခဏာ**
**နှစ်ပရိစ္ဆေဒရှည်ကြာ**
**ဝေဒနာခံစားနေရတဲ့**
**နိုင်ငံတော်**
**ကင်ဆာကျဆုံးပါစေ**
**ကင်ဆာကျဆုံးပါစေ**
**ကင်ဆာကျဆုံးပါစေ**
**မိုးနှောင်းနဲ့ ဆောင်းဦးကာလ**
**သူ့ကိုလွှဲအပ်ကြ**
**လက်ခံကြတော့မယ်**
**မုတ်သုံလေလည်းမဟုတ်**
**မြောက်ပြန်လေလည်းမဟုတ်**
**ငါ့မျက်နှာ ငါ့အသားအရေပေါ်မှာ**
**အေးမြညင်သာ**
**မိုးနဲ့ဆောင်း**
**ဒိုင်ယာလော့ဂ်လုပ်နေတာ**
**ဒီလိုအေးမြ ညင်သာမှုမျိုးပေါ့**
**မင်ဒဲလားနဲ့ ဒီကလပ်**
**အာရာဖတ်နဲ့ ရာဘင်တို့**
**ကမ္ဘာ့ငြိမ်းချမ်းရေးဆု**
**အတူရကြတာ**
**ငြိမ်းချမ်းရေးဆိုတာ**
**ရန်သူနဲ့မှ လုပ်ရတာမျိုးပဲ**
**ထာဝရရန်သူမရှိ**
**ထာဝရ မိတ်ဆွေမရှိ**
**ထာဝရအကျိုးစီးပွားသာရှိတယ်**
**မိုးနဲ့ဆောင်းက သိတယ်**
**ရာသီတွေကတောင်သိတယ်**
**မသိတာဟာ ကင်ဆာ**
**ကင်ဆာကျဆုံးပါစေ...**
**ကင်ဆာကျဆုံးပါစေ...။**

**ဗညားလှိုင်ဦး**

# ကဗျာအိမ်ကို မတ်မတ်ထူနိုင်ခဲ့သည့်လူ

၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းရက် နှစ်ရက်တွင် မြန်မာကဗျာဆရာနှစ်ဦး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားသည်။

နိုဝင်ဘာ ၂၉ ရက်တွင် ကဗျာဆရာ လူအိမ်၊ နိုဝင်ဘာ ၃၀ ရက်တွင် ကဗျာဆရာ မောင်အောင်ပွင့်။

နှစ်ဦးစလုံးမှာ မြန်မာကဗျာလောကအတွက် အရေးကြီးသော ကဗျာဆရာများဖြစ်သည်။ သူတို့နှစ်ဦးကို ကဗျာဆရာများအဖြစ်အပြင် သမိုင်းခေတ်က ပေးအပ်သော တာဝန်များကို ဦးလည်မသုန်ထမ်းခဲ့သူများအဖြစ်ပါ သိကြသည်။

အသက်အရွယ်နှင့် ဖြတ်သန်းမှုအရ ဆရာမောင်အောင်ပွင့်မှာ နိုင်ငံ၏ နယ်နိမိတ်အပြင်သို့တိုင် ထင်ရှားသော အသိအမှတ်ပြုခံရသော ကဗျာဆရာကြီးဖြစ်သကဲ့သို့ လူအိမ်မှာလည်း ကဗျာလောကသားများက လေးစားနိုင်လောက်သည့် ကဗျာအထုအထည်ကို ကဗျာလောကအတွက် ရေးသားထည့်ဝင်ခဲ့ပြီး ကဗျာဆရာတစ်ဦးဖြစ်သည်။

အင်တာဗျူးတစ်ခုတွင် ကဗျာဆရာ လူအိမ်က သူ့ဘဝဇာတ်ကြောင်းကို သူကိုယ်တိုင် ရိုးရိုးရှင်းရှင်း ဖြေဆိုခဲ့ဖူးသည်။ "သူလိုကိုယ်လို သာမန်မိဘနှစ်ပါးက မွေးဖွားသည်။ ၁၉၈၀-၈၁မှာ ၁၀ တန်းအောင်တယ်။ ပုသိမ်ဒီဂရီကောလိပ်က မြန်မာစာအဓိကနဲ့ ကျောင်းပြီးတယ်။ တွဲဖက်ကျောင်းဆရာလုပ်ဖူးတယ်။ အိမ်က ပျောက်ဖူးတယ်။ ဘဝတက္ကသိုလ် ခိုဝင်ခဲ့ဖူးတယ်။ ၁၉၉၅ ခု၊ ဇွန်လထုတ် သရဖူမဂ္ဂဇင်းမှာ လူအိမ်ကလောင်အမည်နဲ့ 'လေးလံခြင်း' အမည်ရှိ ကဗျာစတင် ပုံနှိပ်ဖော်ပြခြင်းခံရတယ်။ နောက်ကဗျာတွေ ဆက်ရေး၊ ဆက်ပေးဖြစ်တယ်။ ပရိယေသနအတွက် ပုံနှိပ်ဖလင်အလုပ်ကို လုပ်ကိုင်တယ်။ လက်ရှိ ရန်ကုန်မှာ နေတယ်။"

လူအိမ်သည် ကဗျာအားဖြင့် နှစ် ၂၀ ကျော်နေသွားသည်ဟု ဆိုရမည်။ လူအိမ့်ကဗျာပုဒ်ရေ ၂၀ မကမှာ ကဗျာချစ်သူများ၊ ကဗျာဆရာများကြား ထင်ရှားသည်ဟု အသေအချာဆိုနိုင်လောက်သည်။ များချင်သာများမည်၊ သည့်ထက်မလျော့။ ဒါ့အပြင် သူ့ကဗျာများသည် ခေတ်နှင့်အုပ်ချုပ်သူ အာဏာပိုင်ဝါဒ အစိုးရလက်အောက် ဒုက္ခဆင်းရဲနှင့် အကျပ်အတည်း အမျိုးမျိုးကို ရင်ဆိုင်နေရသော ပြည်သူလူထုဘက်မှ တိုက်ပွဲဝင်ရပ်တည်ခဲ့သော ကဗျာများက အများအပြားဖြစ်သည်။

ဒါကြောင့် လေးစားအပ်သော ကဗျာဆရာအဖြစ် သိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့သော ကဗျာဆရာတစ်ဦး ဖြစ်ခဲ့သည်။ ယုဇနနေအိမ်မှာ ရုတ်တရက် မူးလဲကျပြီးနောက် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောကုသဆောင်သို့ ပို့ဆောင်အကုသခံနိုင်ရန် သူ့ရဲဘော်၊ ရေးဘော် ကဗျာဆရာများက စီစဉ်ပို့သခဲ့သည်။ ဆေးရုံသို့ သူ့ကို လေးစားချစ်ခင်သော ကဗျာဆရာများ ဝိုင်းဝန်းရောက်ရှိလာကြသည်။ သူ့ကျန်းမာရေးသတင်းက လူမှုမီဒီယာပေါ်တွင် ချက်ချင်းပျံ့နှံ့သွားကာ အကြေ၊ အညာ၊ မြစ်ဝကျွန်းပေါ်တို့ရှိ ကဗျာဆရာ စာရေးဆရာများထံမှ ကူညီမှုများ စီးဝင်လာခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံမှ ကဗျာဆရာ စာရေးဆရာများ နာမကျန်းဖြစ်သည့်အခါ ဖြစ်ပေါ်လာသည့် ကျန်းမာရေး စောင့်ရှောက်သည့်ပုံစံဟု ဆိုရမည်။ နိုဝင်ဘာ ၂၉ ရက် ၃ နာရီ ၅၇ မိနစ်မှာ ကဗျာဆရာကို လက်လွှတ်လိုက်ရတော့သည်။ ကဗျာဆရာ၏ ဈာပနသည်လည်း အများစု ကဗျာဆရာများအားဖြင့်ပင် မြေကျနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေခဲ့သော သူ၏ ကဗျာစာအုပ် 'ရှူးနေတဲ့ ကမ္ဘာ'ထဲမှ 'ရှူးနေတဲ့ ကမ္ဘာ' ကဗျာထဲတွင် ဒီနေ့ ကမ္ဘာပေါ် သူမြင်ရပုံကို အညှာတာကင်းကင်းနှင့် ခပ်ရှင်းရှင်း သူရေးခဲ့သည်။ ဒါသည်ပင် လူအိမ်၏ ဟန် လူအိမ်၏ အသံဟုလည်း ဆိုနိုင်လောက်သည်။

**ကမ္ဘာဟာ**
**သူ့ကိုယ်သူ**
**ကမ္ဘာတည်မယ် ထင်နေရဲ့**
**ဘဝင်လည်း မြင့်ရဲ့**
**ရှူးလည်း ရှူးရဲ့**
**ဂိုက်ပေးလည်း ကြမ်းရဲ့**
**ကမ္ဘာကို မထီမဲ့မြင် ပြုရဲ့**
**'မာသာထရီဇာ'က**
**တစ်ယောက်တည်း**
**'ဘင်လာဒင်'တွေက အများကြီးပဲ**
**'ဂန္ဒီ'က တစ်ယောက်တည်း**
**'ဟစ်တလာ'တွေက အများကြီးပဲ။**

ကောင်းကင်ပိရင် ဘယ်ခေါင်းမှ မလွတ်တော့တဲ့၊ ရှူးနေတဲ့ ကမ္ဘာကနေ ကဗျာဆရာ လူအိမ်က ထွက်ခွာသွားပြီ။ လူငယ် ကျောင်းသားဘဝတုန်းကလည်း ကြုံတွေ့လာရသည့် ရှစ်ဆယ့်ရှစ်အရေးတော်ပုံကြီးအပြီး တောခိုကျောင်းသားတစ်ဦးလည်း ဖြစ်ခဲ့ကာ ကဗျာများကို ရေးသားခဲ့သူသည် လူအိမ်ဟူသော ကဗျာကလောင်တစ်ချောင်းကို ကိုင်ခဲ့သော နှစ်ကာလများတွင်လည်း ခေတ်နှင့် အာဏာကို ရေဆန်ဆန်


ကဗျာဆရာ လူအိမ်

ရပ်ခံခဲ့သော ကဗျာဆရာတစ်ဦးအဖြစ် သူ့ဘဝကို သူ သိက္ခာရှိစွာ ရပ်တည်သွားနိုင်ခဲ့သူဖြစ်သည်။

သူ၏ အသက်မွေးဝမ်းကျောင်းဖြစ်သော လက်ခွဲဖလင်လုပ်ငန်း ခေတ်တိမ်သွားသောအချိန်တွင် ဘဝရပ်တည်မှုအတွက် ပိုမိုရုန်းကန်ရင်ဆိုင်ခဲ့ရသော်လည်း သူ့ကဗျာ သူ့အသံနှင့် သူ့ယုံကြည်မှုကို ကိုင်စွဲသွားနိုင်ခဲ့သူဖြစ်သည်။ ဒါကြောင့် သူ အသေလှခဲ့သလို သူ့ကဗျာများလည်း မြန်မာစာပေလောကတွင် အနေလှနိုင်မည်မှာ ယုံမှားဖွယ်မရှိ။ သူ့ဈာပနတွင်ကမ်းသည့် လက်ကမ်းလွှာတွင် သူ့ဘဝသခ်ေပကို သူချစ် သော ကဗျာဆရာများက ဤသို့ မှတ်တမ်းတင် ဖော်ပြခဲ့သည်။

**ကဗျာဆရာ လူအိမ်(ကိုရဲငွေး)**
**(၁၉၆၂-၂၀၁၈)**

ပုသိမ်မြို့ညောင်ချောင်း(သဘော်ကျင်း) တွင် ၁၉၆၂ ခုနှစ် အဖ ဦးသောင်းဟန်၊ အမိ ဒေါ်စိန်လှိုင်တို့မှ မွေးဖွား။ ၈၈ အရေးတော်ပုံ၊ ပုသိမ်မြို့ မျိုးချစ်လူငယ်တပ်ဦးအဖွဲ့ ဦးဆောင်အဖွဲ့ဝင်။ ဘုရားသုံးဆူဒေသ၊ ဟွေးကော့ပ် စခန်း ABSDF တပ်ရင်း ၁၀၁၊ ဒီမိုကရက်တစ် လူငယ်များတပ်ဦး (DYF) နှင့်အတူ ခေတ်မှ ပေးအပ်သောတာဝန်များကို ထမ်းဆောင် ဖြတ်သန်းခဲ့သူဖြစ်သည်။ တော်လှန်ရေးစာစောင်များတွင် ညီနိုင်အမည်ဖြင့် တော်လှန်ရေးကဗျာများ ရေးသားခဲ့သူဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ရှူးနေတဲ့ကမ္ဘာ တစ်ကိုယ်တော် ကဗျာစာအုပ် ထုတ်ဝေခဲ့သည်။ ၂၀၀၅ ခုနှစ် ငါတို့ကဗျာရေးတယ် ကဗျာဖြင့် ထန်းရိပ်ညိုအနုပညာဆု (ကဗျာ)ကို ရရှိခဲ့။ ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော် အေဘာလောက် အင်ကြင်းလမ်း တိုက် ၄ အခန်း ၃၀၁ တွင် နေထိုင်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၃ နာရီ ၅၇ မိနစ် ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်မေမျိုးခင်နှင့် သမီးတစ်ဦး၊ သားတစ်ဦး ကျန်ရစ်။

**မ၊ လ၊ ရိပ်**

❑ *ရွှေဖုံးမှ*

ညီအစ်ကို မောင်နှမများအားလုံး တရားမျှတ၍ တန်းတူညီတူ အခွင့်အရေးများ ရရှိရေးနှင့် (၂၁)ရာစု ပင်လုံညီလာခံမှသည် ငြိမ်းချမ်း၍ တရားမျှတသော ဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးဟူသော ဦးတည်ချက်ဖြင့် တိုင်းရင်းသား ပေါင်းစုံပူးပေါင်းပါဝင်သည့် ရိုးရာအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ငြိမ်းချမ်းရေးဈေးပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေးသင်္ကေတအဖြစ် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမျိုးညွန့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဒေါ်မေဝင်းမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း ဒေသကြီး အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးမြင့်ဒွေးတို့က ချိုးဖြူငှက်တို့ကို လွှတ်ကာ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အမျိုးသားအောင်ပွဲနေ့ဖြစ်သော ယနေ့တွင် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ငြိမ်းချမ်းရေးဈေးပွဲတော်ကို မွန်းလွဲ ၂ နာရီမှ ည ၉ နာရီအထိ သုံးရက်ကျင်းပပြီး တိုင်းရင်းသားတို့၏ အကပဒေသာနှင့်အတူ အနုပညာရှင်တို့က ပါဝင်သီဆို ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သန်းထိုက်**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၂ ဘောလုံးပြိုင်ပွဲ စစ်ကိုင်း၊ ရှမ်း (တောင်)နှင့် မကွေးအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် MFF Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၂ ဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယ နေ့ကို ယနေ့နံနက်နှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ စစ်ကိုင်း၊ ရှမ်း (တောင်)နှင့် မကွေးအသင်းတို့ အနိုင်ရခဲ့သည်။

အုပ်စုပွဲများကို နံနက်နှစ်ပွဲ၊ ညနေနှစ်ပွဲဖြင့် တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် ကျင်းပနေခြင်းဖြစ်ပြီး နံနက်ပိုင်းပွဲစဉ်များတွင် စစ်ကိုင်းအသင်းက ရခိုင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ရှမ်း (တောင်) အသင်းက ရှမ်း(မြောက်) အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ညနေပိုင်းပွဲစဉ်များတွင် မကွေးအသင်းက မွန်အသင်းကို ငါးဂိုးပြတ်အနိုင်ရပြီး တနင်္သာရီနှင့် နေပြည်တော်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ တနင်္သာရီနှင့် နေပြည်တော်အသင်းမှာမူ အပြန်အလှန်ကစားသော်လည်း ဂိုးမသွင်းနိုင်၍ သရေ ရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ အုပ်စုတတိယနေ့ကို ဒီဇင်ဘာ ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည် ဖြစ်ပြီး နံနက် ၈ နာရီတွင် ရန်ကုန်နှင့် ကချင်၊ ချင်းနှင့် မန္တလေး၊ ညနေ ၄ နာရီတွင် ဧရာဝတီနှင့် ရှမ်း (အရှေ့)၊ ကရင်နှင့် ပဲခူးအသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့ အောင်မြင်သော မြန်မာနိုင်ငံအဖြစ် ထူထောင်လိုသော ဆန္ဒရှိသူများအတွက် သူရဦးရွှေမန်း၏ ဆွေးနွေးတင်ပြချက်များစာအုပ် ဖြန့်ချိထား

**ရန်ကုန် ဒီဇင်ဘာ ၂**

မဇ္ဈိမတီဗွီ၊ DVB Debate Academy ၏ အစီအစဉ်နှင့် သတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို စုစည်းဖော်ပြထားသည့် "စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့ အောင်မြင်သော မြန်မာနိုင်ငံအဖြစ် ထူထောင်လိုသော ဆန္ဒ ရှိသူများအတွက်" သူရဦးရွှေမန်း၏ ဆွေးနွေးတင်ပြချက်များကို စာအုပ်အဖြစ် ပန်းဆွေမွန်စာပေတိုက်မှ ထုတ်ဝေကာ Myanmar Heritage Publications က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် တွေ့ဆုံမေးမြန်းဖြေကြားမှုမှ တစ်ဆင့် နိုင်ငံအခြေအနေ၊ အဖွဲ့အစည်းများ၏ အခြေအနေ၊ လူပုဂ္ဂိုလ်တို့၏ အခြေအနေများကို သိမြင်ပြီး ရယူသင့်သော သင်ခန်းစာများဖြင့် ရှောင်သင့်သည်များ ရှောင်ပြီး ဆောင်သင့်သည်များ ဆောင်ကာ၊ ကိုယ့်တာဝန်ကိုယ်ယူပြီး တာဝန်ကျေစွာ ဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်သော မြန်မာနိုင်ငံအဖြစ် ထူထောင်နိုင်လိုသော ဆန္ဒရှိသူများအတွက် တစ်စုံတစ်ခုသော အသိ၊ သတိများ ရရှိရန် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ကြောင်း အမှာစာပါရှိသည်။

စာအုပ်၏ တန်ဖိုးမှာ ငွေကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**




## ထိုင်းကလပ် ချောင်ဘူရီအသင်းသို့ စည်သူအောင် တရားဝင်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာ့လက်ရွေးစင်အသင်း တောင်ပံကစားသမား စည်သူအောင်သည် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်းသို့ တရားဝင်ရောက်ရှိခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။

စည်သူအောင်သည် နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ချောင်ဘူရီအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရခဲ့၍ ပြီးခဲ့သည့်ရက်ပိုင်းက ဆေးစစ်မှုပြုလုပ်ကာ ဒီဇင်ဘာ ၂ ရက်တွင် အပြီးသတ်စာချုပ်ချုပ်ဆိုပြီး ချောင်ဘူရီအသင်းဝတ်စုံဖြင့် တရားဝင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ စည်သူအောင်သည် ချောင်ဘူရီအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး လစာငွေကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိပေ။ ထိုင်းကလပ် ချောင်ဘူရီအသင်းသည် မြန်မာကစားသမားများကို လာမည့်ရာသီအတွက် ခေါ်ယူထားပြီး စည်သူအောင်အပြင် လက်ရွေးစင်နောက်ခံလူ ဇော်မင်းထွန်းကိုလည်း ခေါ်ယူရန် သဘောတူညီမှုရထားသည်။ ဇော်မင်းထွန်းသည် ရန်ကုန်အသင်းနှင့် စာချုပ်ကျန်နေသောကြောင့် အပြီးသတ်စာချုပ် ချုပ်ဆိုရန် ကြန့်ကြာနေခြင်းဖြစ်သည်။

မြန်မာကစားသမားများမှာ ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားရန် ကြိုးပမ်းနေပြီး နာမည်ကြီးတိုက်စစ်မှူး အောင်သူကို ခေါ်ယူရန် ထိုင်းကလပ်အသင်းများအပြင် ဂျပန်ကလပ်အသင်းများလည်း စိတ်ဝင်စားနေကြောင်း သိရသည်။ သိန်းသန်းဝင်းနှင့် သန်းထက်အောင်မှာလည်း ထိုင်းကလပ်အသင်းများသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းလျက်ရှိသည်။

**ညီမြတ်သော်တာ**

## လန်ဒန်ဒါဘီ အာဆင်နယ်နှင့်စပါး အကြိတ်အနယ်ယှဉ်ပြိုင်ပြီး အာဆင်နယ်တို့ အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၁၃)များကို ဒီဇင်ဘာ ၂ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လန်ဒန်ဒါဘီ ပြိုင်ဘက်ဖြစ်သည့် အာဆင်နယ်နှင့် စပါးတို့ပွဲမှာ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး အာဆင်နယ်က လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် ရရှိသည့် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် အူဘာမီယန်က သွင်းယူပေးပြီး မိနစ် ၃၀ တွင် စပါးမှ ဒိုင်ယာက ချေပဂိုး သွင်းယူခဲ့သည်။ စပါးအတွက် ဒုတိယဂိုးကို ဟယ်ရီကိန်းက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးကာ ပထမပိုင်းအပြီး စပါးတို့ နှစ်ဂိုး - တစ်ဂိုးဖြင့် ပွဲကို ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ၅၆ မိနစ်တွင် အူဘာမီယန်က အာဆင်နယ်အတွက် ဒုတိယချေပဂိုး သွင်းယူပေးသည်။ ပွဲချိန် ၇၄ မိနစ်တွင် လာကာဇက်တီ၏ သွင်းဂိုးဖြင့် အာဆင်နယ်တို့ တတိယဂိုးရရှိကာ ၇၇ မိနစ်တွင် အာဆင်နယ်မှ တိုရီရယ်က အာဆင်နယ်အတွက် စတုတ္ထဂိုးသွင်းယူပေးခဲ့သည်။ ပွဲအပြီး အာဆင်နယ်တို့ လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ချယ်လ်ဆီးနှင့် ဖူလ်ဟမ်တို့ပွဲတွင် ချယ်လ်ဆီးက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးနှင့် အဲဗာတန်တို့ပွဲတွင် လီဗာပူးမှ အိုရီဂီ၏ ပွဲပြီးခါနီး သွင်းဂိုးဖြင့် လီဗာပူးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**သီဟ**




| Only for below model | kVA | |
|---|---|---|
| | Prime | Stand by |
| Caterpillar DE165E0 Open Type | 150 | 165 |
| Caterpillar DE250E0 Sound Proof | 230 | 250 |
| Caterpillar DE250E0 Open Type | 230 | 250 |
| Caterpillar DE300E0 Open Type | 275 | 300 |
| Caterpillar DE300E0 Sound Proof | 275 | 300 |
| Caterpillar 3406-320 Open Type | 320 | 350 |
| Olympian GEH250-4 Sound Proof | 230 | 250 |
| Olympian GEH300-1 Open Type | 275 | 300 |
| Olympian GEH330-1 Open Type | 300 | 330 |
| While Stock Available. | | |


● *ကျောဖုံးမှ*

ဖြင့် ပထမ၊ နှင်းယုစိုး က ၃၉ မိနစ် ၂၇ စက္ကန့်ဖြင့် ဒုတိယ၊ မြင့်မြင့်အေးက ၃၉ မိနစ် ၂၈ စက္ကန့်ဖြင့် တတိယ ရရှိခဲ့ပြီး ပထမငွေကျပ် ၁၀ သိန်း၊ ဒုတိယ ငွေကျပ်ရှစ်သိန်း၊ တတိယ ငွေကျပ်ငါးသိန်းနှင့် ဆုတံဆိပ်များ ရရှိခဲ့ကြကာ ၃ ဒသမ ၅ ကီလိုမီတာ အပျော်တမ်း အပြေးလမ်းလျှောက်ပြိုင်ပွဲတွင် ပန်းဝင်သူများကို ဂုဏ်ပြုဆုတံဆိပ် တစ်ခုစီ ချီးမြှင့်ခဲ့သည်။ ပထမဆုံးအကြိမ် မာရသွန်အပြေးပြိုင်ပွဲကြီးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာတွင် ကျင်းပခဲ့ရာ အပြေးပြိုင်ပွဲဝင် ငါးထောင်ခန့်နှင့် ယခုနှစ်ဖေဖော်ဝါရီတွင် မန္တလေး၌ ကျင်းပခဲ့သည့် မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သူ တစ်ထောင့်ငါးရာသာ ပါဝင်ခဲ့ကြသည်။ ယခု မာရသွန်အပြေးပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ၁၀ ကီလိုမီတာ ပြိုင်ပွဲ၌ အနိုင်ရရှိသူများသည် ၂၀၁၇ ပြိုင်ပွဲစံချိန်ကို ချိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- နာပိုလီအသင်းသည် ဆီနီဂေါနောက်ခံကစားသမား ကော်လီဘာလီ (၂၇နှစ်) အတွက် ပေါင် ၉၁ သန်းဖြင့် မန်ယူအသင်း၏ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် အာဆင်နယ်အသင်းမှ ဝေးလ်ကွင်းလယ်ကစားသမား အာရွန် ရမ်ဆေး (၂၇နှစ်) ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အခမဲ့ဖြင့်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ဖွယ် ရှိကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် ဒေါ့မွန်ကွင်းလယ်ကစားသမား ပူလီဆစ် (၂၀နှစ်) ကို ခေါ်ယူရန် ဆန္ဒပြင်းပြနေသော်လည်း ပေါင်သန်း ၇၀ အောက်သာ ပေးချေလိုကြောင်းလည်း ဂိုးဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။
- အေစီမီလန်အသင်းသည် ဘာစီလိုနာကွင်းလယ်ကစားသမား ဒင်းနစ် ဆွာရက်ဇ် (၂၄နှစ်) ကို ခေါ်ယူရန် အာဆင်နယ်၊ ချယ်လ်ဆီးတို့နှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။
- နယူးကာဆယ်နည်းပြ ရာဖေးလ် ဘင်နီတက်ဇ်သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလ ရက်သတ္တနှစ်ပတ်အတွင်း ကစားသမားနှစ်ဦးခေါ်ယူရန် ဆန္ဒရှိနေကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် ပေါ်တိုအသင်းတွင် ကစားလျက်ရှိသော ဘရာဇီးနောက်ခံကစားသမား အယ်ဒါ မီလီတိုကို ခေါ်ယူရေးတွင် အဲဗာတန်၊ ဂျူဗင်တပ်စ်၊ မန်ယူအသင်းတို့နှင့်အပြိုင် ပါဝင်လာကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၃-၁၂-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်းအစီအစဉ်"
၉း၁၀ - BBC Click

**ညပိုင်း**

၁၇း၃၅ - Yes or No Talk Show
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ကမ္ဘာမှာထင်ရှားသော မြန်မာအချို့နှင့် ဥပဒေလောကမှာထင်ရှားသော မြန်မာများ" (တတိယပိုင်း)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၆၃)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်းအစီအစဉ်"
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၁၅)

## ဒေါပုံမြို့နယ်ရှိ ရွှေဆိုင်တစ်ဆိုင်တွင် ရွှေဆွဲကြိုးခိုးယူသွားသူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂**

တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် အင်းဝလမ်းနေ ဒေါ်------သည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီခန့်က ၎င်းပိုင်သော ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် ဇေယျာသီရိလမ်းနှင့် တေဇလမ်းထောင့်ရှိ ------- ရွှေဆိုင်၌ တစ်ဦးတည်းရှိနေစဉ် ယာဉ်အမှတ်(မမှတ်မိ)၊ Caldina အငှားယာဉ်ဖြင့် အမျိုးသားတစ်ဦး ရောက်ရှိလာပြီး ရွှေဆွဲကြိုးဝယ်ယူလိုကြောင်း ပြောဆိုသဖြင့် ဒေါ်-----က ၁၅ ပဲရည် အလေးချိန် ကိုးပဲသားရှိ သဇင်မြိုင်အကျဲပုံ ရွှေဆွဲကြိုးတစ်ကုံးကို တန်ဖိုးငွေကျပ် ၆၁၀၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ပြောဆိုပြီး ကောင်တာအတွင်းမှ ၎င်းအမျိုးသားအား ထုတ်ယူပြသခဲ့ရာ အဆိုပါအမျိုးသားက ငွေကျပ် ၅၅၀၀၀၀ ခန့်သာပါရှိသဖြင့် ငွေမလုံလောက်သောကြောင့် သူငယ်ချင်းများထံ ပိုက်ဆံချေးပြီး ပြန်လည်လာရောက်ဝယ်ယူမည်ဟု ပြောဆိုထွက်သွားခဲ့ကြောင်း၊ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် အဆိုပါ အမျိုးသားမှာ ဆိုင်သို့ ပြန်ရောက်လာပြီး ၎င်းကြည့်ရှုထားသည် ရွှေဆွဲကြိုးကို ထပ်မံပြသခိုင်းသဖြင့် ပြသခဲ့ကြောင်း၊ ယင်းနောက် နောက်ထပ် ရွှေဆွဲကြိုးတစ်ကုံးအား ပြသခိုင်းပြန်သဖြင့် မှန်ကောင်တာအတွင်းသို့ ခေါင်းငုံ့ရှာပြီးပြသရန် ကြည့်ရှုစဉ် အဆိုပါအမျိုးသား မရှိဘဲ ၎င်းပါလာသည့် အငှားယာဉ်ဖြင့် ထွက်ပြေးသွားခဲ့ပြီး ကောင်တာပေါ်တွင် တင်ထားသည့် ရွှေဆွဲကြိုးမှာလည်း ပျောက်ဆုံးနေသဖြင့် ဒေါပုံမြို့မရဲစခန်းသို့ ဖုန်းဖြင့်ဆက်သွယ် တိုင်တန်းခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါပုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အဆိုပါယာဉ်ကို လိုက်လံဖမ်းဆီးရာ ည ၇ နာရီ ၂၅ မိနစ်တွင် ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းနှင့် လမ်း ၃၀ ထောင့်၌ ယာဉ်နှင့်အတူ ပြစ်မှုကျူးလွန်သူ ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်အောင်ကျော်လမ်းနေ ပြည့်ဖြိုးအောင် (၃၃ နှစ်)ကို ဖမ်းဆီးရမိခဲ့ကာ ၎င်းကို အခြားပြစ်မှုများ ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြု စောင့်ကြည့်သတင်းပို့စနစ်အရ တာဝန်သိသူပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအပေါ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွင်းဆင်းစစ်ဆေး ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်တာ ကာလအတွင်း ပဲခူးရိုးမ ရေတာရှည်မြို့နယ် ကိုးပင်-သာဂရလမ်း (၁၈) မိုင်တိုင်အနီးဝန်းကျင်နှင့် ကိုးပင်-သာဂရလမ်း တောင်ဘက် ပဲခူးရိုးမသစ်တောအတွင်း နေရာသုံးနေရာတို့မှ စုစုပေါင်း တရားမဝင်ကျွန်းသစ် ၉၂ လုံး (၁၉ တန်ခန့်)၊ ကျွန်းသစ်ခွဲသား ၇၃၂ ချောင်း (၁၀ တန်ခန့်) တို့ကို တရားခံ ၁၁ ဦး၊ ဆိုင်ကယ်ကိုးစီး၊ လှည်းငါးစီး၊ နွား ရှစ်ကောင်၊ ကျွဲနှစ်ကောင်၊ သစ်စက်အင်ဂျင်တစ်လုံးနှင့် သစ်စက် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယခုအချိန်ကာလသည် ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်သဖြင့် တရားမဝင်သစ်ခိုးထုတ်သယ်ဆောင်မှုများ ပိုမိုဆောင်ရွက်လာနိုင်မှုအပေါ် သစ်တောဦးစီးဌာနအနေဖြင့် ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မောင်တောမြို့နယ်၌ စီးကရက်စက္ကူပုံးကြီး ၁၁၉ ပုံး သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂**

မောင်တောမြို့နယ် နယ်မြေ(၂) သစ်တုံးနားခွဆုံကျေးရွာအနီး ဒီဇင်ဘာ ၁ ရက် နံနက် ၇ နာရီခွဲခန့်က လူနေထိုင်ခြင်းမရှိသည့် အဆောက်အအုံတစ်ခုကို ပူးပေါင်းအဖွဲ့က သတင်းအရ ဝင်ရောက်ရှာဖွေရာ Marble တံဆိပ်ပါ စီးကရက် စက္ကူပုံးကြီး ၈၇ ပုံး (တစ်ပုံးလျှင် ၅၀ တောင့်ပါ)၊ Man San တံဆိပ်ပါ စီးကရက်စက္ကူပုံးကြီး ၁၃ ပုံး (တစ်ပုံးလျှင် ၅၀ တောင့်ပါ)၊ Premium Gold တံဆိပ်ပါ စီးကရက်စက္ကူပုံးကြီး ၁၉ ပုံး (တစ်ပုံးလျှင် ၅၀ တောင့်ပါ) စုစုပေါင်း စီးကရက်စက္ကူပုံးကြီး ၁၁၉ ပုံး (တန်ဖိုးငွေကျပ် ၁၅၄၂၀၀၀၀ ခန့်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သဖြင့် အောင်ဇူနယ်မြေ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**







# စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို ဆန့်ကျင်သည့် ပါရီဆန္ဒပြမှုအတွင်း ၁၀၀ကျော် ဒဏ်ရာရ



အဝါရောင် အင်္ကျီဝတ်ဆင်ထားကြသည့် ဆန္ဒပြသူများ ပါရီ၌ စုဝေးနေသည်ကို တွေ့ရစဉ်။

**ပါရီ ဒီဇင်ဘာ ၂**

စက်သုံးဆီဈေးနှုန်းမြင့်တက်မှုနှင့် ဘဏ္ဍာငွေ မလုံလောက်မှုကို ဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်မှုကြောင့် ပါရီ၌ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီးနောက်တွင် ပြင်သစ်ရဲတပ်ဖွဲ့သည် ပြီးခဲ့သည့် စနေနေ့က လူ ၁၀၇ ဦးထက်မနည်းကို ထိန်းသိမ်းလိုက်ကြောင်း ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝပ်ဖိလစ်ပီက ပြောသည်။

အခွန်အခကြီးမြင့်မှုနှင့် ဘဏ္ဍာငွေမလုံလောက်မှုကို ဆန့်ကျင်သည့်လှုပ်ရှားမှုများ နိုင်ငံတစ်ဝန်း ပေါ်ပေါက်ခဲ့ကာ ကမ္ဘာ့ခရီးသွားလာမှု အများဆုံးနေရာတစ်ခု ဖြစ်သည့် ပါရီမြို့တော်၌ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများပေါ်ပေါက်လာစေခဲ့ရာ ယင်းသို့ ဖြစ်ပွားမှုများအတွင်း လူ ၁၁၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ခရစ္စတိုဖီကက်စ်တန်နာက ပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူများ အရေအတွက်ကို BFMTV သတင်းချန်နယ်သို့ ပြောကြားခဲ့ရာတွင် ပြည်ထဲရေးဝန်ကြီး ခရစ္စတိုဖီက ရဲအရာရှိ ၂၀ မှာ အထိနာခဲ့ရကြောင်းနှင့် အဝါရောင်ဝတ် ဆန္ဒပြသူတစ်ဦးမှာ ပြင်းထန်စွာထိခိုက်ဒဏ်ရာ ရရှိခဲ့သည့်အတွက် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေရှိကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

လက်နက်များကိုင်ဆောင်ထားကြသည့် မျက်နှာဖုံးစွပ်လူငယ်များပါဝင်သည့် အဖွဲ့များသည် ချမ်းသာကြွယ်ဝသူများကို မျက်နှာသာပေးပြီး ဝင်ငွေနည်းပါးသည့် နိုင်ငံသားများကို ဖိနှိပ်ရာရောက်သည်ဟု ယူဆထားကြသည့် အစိုးရ၏ စီးပွားရေးနည်းဗျူဟာနှင့် ဘဏ္ဍာရေးဆိုင်ရာမူဝါဒကို လူသိရှင်ကြား ပြစ်တင်ရှုတ်ချရန် ပါရီရှိ လမ်းများပေါ်တွင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်နေကြသည့် ပြည်သူများနှင့်အတူ ရောနှောသွားခဲ့သည်။ ပါရီမြို့၏ အထင်ကရနေရာသည် တိုက်ပွဲဖြစ်ပွားသည့်နေရာသဖွယ် အသွင်ပြောင်းသွားခဲ့သည်ကို ရုပ်သံဖိုင်များတွင်တွေ့ရသည်။ တိမ်းမှောက်နေသည့် ယာဉ်များမှာ မီးများလောင်လျက်ရှိပြီး ခရစ္စမတ်သစ်ပင်များလည်း ပြိုလဲကျကာ မြေအောက်ရထား ဘူတာရုံအများအပြားကို ပိတ်ထားခဲ့ရကြောင်း သိရသည်။

ပြင်သစ်ပြည်ထဲရေးဝန်ကြီး၏ ပြောကြားချက်အရ ပြဿနာများ ဖြစ်ပွားအောင် လုပ်ဆောင်သူ ၃၀၀၀ ခန့်ရှိကြောင်း၊ ၎င်းတို့၏ လုပ်ဆောင်မှုကြောင့် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး ၂၆၃ ဦးကို ဖမ်းဆီးလိုက်ရကြောင်း သိရသည်။ **ဆင်ဟွာ**

# မက္ကဆီကိုသမ္မတသစ်အဖြစ် လိုပက်ဇ်အော်ဘရာဒါ ကျမ်းသစ္စာကျိန်ဆို

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၂**

ရွေးကောက်ပွဲတွင် အောင်ပွဲများ ဆက်တိုက်ရရှိခဲ့ပြီး ငါးလအကြာတွင် မက္ကဆီကိုနိုင်ငံ၏ သမ္မတသစ်အဖြစ် တာဝန်ယူဆောင်ရွက်တော့မည့် လက်ဝဲနိုင်ငံရေးသမား အန်ဒရီစ်မန်နျူရယ်လ် လိုပက်ဇ်အော်ဘရာဒါသည် မက္ကဆီကို၌ နက်နဲသည့်လူမျိုးရေးဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်ရန် အလေးပေးလျက်ရှိကြောင်း သိရသည်။

လူသိများသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည့် လိုပက်ဇ်သည် ရုံးတော်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ကွန်ဂရက်လွှတ်တော် ရှေ့မှောက်တွင် သမ္မတခါးစည်းစလွယ်ကို ဝတ်ဆင်ခဲ့သည်။ ၈၉ နှစ်ကြာ သက်တမ်းရှိခဲ့သည့် အစိုးရအဖွဲ့ကို လွှတ်တော်နှစ်ရပ်အားဖြင့် အဆုံးသတ်ခဲ့ပြီးနောက် လိုပက်ဇ်သည် ရာဇဝတ်မှု၊ ဆင်းရဲနွမ်းပါးမှုနှင့် အကျင့်ပျက်ခြစားမှု ကိစ္စရပ်များ ပျံ့နှံ့လာအောင် တွန်းအားပေးနေသည့် အကြောင်းအရာများကို ဖြေရှင်းမည့် ချဉ်းကပ်မှုအသစ်တစ်ရပ်ကို ဆောင်ရွက်မည်ဟုဆိုကာ ဇူလိုင်ရက်ရွေးကောက်ပွဲများအတွင်း အကြီးအကျယ် အောင်ပွဲရရှိလာခဲ့သည်။

သို့သော် နိုင်ငံရေးဝေဖန်သူအချို့က ငွေရောင်ဆံပင်ရှိပြီး ပါးနပ်စွာပြောဆိုနိုင်စွမ်းရှိသည့် ခေါင်းဆောင်လိုပက်ဇ်သည် လူမျိုးရေးဆိုင်ရာ သဘောထားပြင်းထန်ပြီး အာဏာရှင်ဆန်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ပြောဆိုမှုများ ထွက်ပေါ်ခဲ့သည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးကျွမ်းဝင်မှုရှိသည့်မူဝါဒများ ချမှတ်မည်ဟု ကတိပေးအပ်မှုများ ရှိခဲ့သော်လည်း မက္ကဆီကို စတော့ဈေးကွက်နှင့် ပီဆိုငွေကြေးမှာ မကြာသေးမီ ရက်သတ္တပတ်များအတွင်း ထိုးတက်လာခဲ့သည်။ **အေအက်ဖ်ပီ**



မက္ကဆီကို သမ္မတသစ် လိုပက်ဇ်အော်ဘရာဒါကို ကျမ်းသစ္စာကျိန်ဆိုပွဲတွင် တွေ့ရစဉ်။

# ဆွေးနွေးပွဲများ ပြုလုပ်ရန် မူဘောင်တစ်ရပ်ကို အာဘေးနှင့်ပူတင် သဘောတူညီ




ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးကျင်းပမှုအတွင်း အာဘေးနှင့်ပူတင်တို့ နှုတ်ဆက်နေစဉ်။

**တိုကျို ဒီဇင်ဘာ ၂**

ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများ အရှိန်အဟုန်မြင့် ဆောင်ရွက်သွားရန် သဘောတူညီမှုတစ်ရပ်ကို ဂျပန်နှင့် ရုရှားခေါင်းဆောင်တို့က ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် လာမည့်နှစ် အစောပိုင်းတွင် ကျင်းပမည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးမတိုင်မီ ယင်းကိစ္စကို ဆွေးနွေးရန် နိုင်ငံခြားရေးဝန်ကြီးများအကြား ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်သွားရန်အတွက် သဘောတူညီခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးအပြီးတွင် အာဂျင်တီးနားနိုင်ငံ၌ တွေ့ဆုံခဲ့ကြသည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ရုရှားသို့ မသွားရောက်မီ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် ၎င်း၏ ဆွေးနွေးဖက် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်ကို ဆွေးနွေးသွားမည်ဖြစ်သည်ဟု ခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

အာဘေးနှင့် ပူတင်တို့က ညှိနှိုင်းဆွေးနွေးရေး အကြီးအကဲများအဖြစ် ဆောင်ရွက်ရန် စီစဉ်ထားကြသည်။

ဒုတိယနိုင်ငံခြားရေးဝန်ကြီး တာကီရိုမိုရီနှင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အီဂေါမော်ဂူလော့ဗ်တို့က အထူးသံတမန်များအနေဖြင့် ဆောင်ရွက်ကာ ခေါင်းဆောင်များအဖြစ် ကိုယ်စားပြုကြမည်ဖြစ်သည်။

စင်ကာပူ၌ နိုဝင်ဘာလအတွင်းက ထိပ်သီးဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပြီး နောက်တွင် ယင်းတွေ့ဆုံမှုသည် ခေါင်းဆောင်များ၏ (၂၄)ကြိမ်မြောက် တွေ့ဆုံမှုဖြစ်ခဲ့သည်။

စင်ကာပူ၌ အာဘေးနှင့် ပူတင်တို့သည် ၁၉၅၆ ပူးတွဲကြေညာချက်ကို အခြေခံသည့် ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးမှုများ အရှိန်မြှင့်ဆောင်ရွက်သွားကြရန် သဘောတူညီလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ပိတ်ဆို့မှုကို အမေရိကန်ခေတ္တရပ်ဆိုင်း

**ဝါရှင်တန် ဒီဇင်ဘာ ၂**

အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအား ပိတ်ဆို့တားဆီးမှုများကို တိုးမြှင့်သွားရန် အစီအစဉ်တစ်ရပ်ကို ဆက်လက်လုပ်ဆောင်တော့မည် မဟုတ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထရမ့်အစိုးရအဖွဲ့က လာမည့်နှစ်ဇန်နဝါရီ ၁ ရက်တွင် ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပိတ်ဆို့တားဆီးမှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက်တွင် ယင်းကြေညာချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ထရမ့်က ထိပ်သီးအစည်းအဝေးပွဲကို အံ့အားသင့်ဖွယ်ကောင်းပြီး တိုးတက်ဖြစ်ထွန်းမှုရှိသော အစည်းအဝေးတစ်ရပ်အဖြစ် ခေါ်တွင်ခဲ့ကာ ယင်းကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

အိမ်ဖြူတော်က တရုတ်နိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် စွမ်းအင်များကို ပိုမိုဝယ်ယူခြင်းဖြင့် ဝါရှင်တန်နှင့် ၎င်း၏ ကုန်သွယ်ရေးဆိုင်ရာ လိုငွေပြမှုကို လျှော့ချသွားလိမ့်မည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံတို့သည် ဉာဏဆိုင်ရာ မူပိုင်ခွင့် ကာကွယ်မှုနှင့် ဆိုက်ဘာရာဇဝတ်မှု ကိစ္စရပ်များကိုလည်း အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ စတင်မည်ဖြစ်သည်ဟု အိမ်ဖြူတော်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




သမ္မတထရမ့်နှင့် သမ္မတရှီကျင့်ဖျင်တို့ ဂျီ - ၂၀ ထိပ်သီးအစည်းအဝေး၌ တွေ့ဆုံဆွေးနွေးခဲ့စဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ထရမ့်နှင့် ရှီ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးမည်

**ဗျူနိုအေရိစ် ဒီဇင်ဘာ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်တွင် ကျင်းပနေသည့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေး၏ သီးခြားအစည်း အဝေးတွင် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးနိုင်ကြောင်း သိရသည်။

နှစ်နိုင်ငံကြား ဖြစ်ပွားနေသည့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုကို ဖြေလျှော့နိုင်သည့် နည်းလမ်းများကို ခေါင်းဆောင်နှစ်ဦးတို့ ရှာဖွေတွေ့ရှိနိုင်မလားဆိုသည့်အပေါ် နိုင်ငံတကာက အာရုံစိုက်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ စတီးနှင့် အခြားထုတ်ကုန်များ တင်ပို့မှုအပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက အခွန်များတိုးမြှင့် ကောက်ခံသည့် မတ်လမှစကာ နှစ်နိုင်ငံ ကုန်သွယ်မှုတွင် တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။

တရုတ်နိုင်ငံကလည်း လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံ၏ တင်ပို့မှုများပေါ် အခွန်စည်းကြပ်မှုများ ပြန်လည်ပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### လောင်စာဆီအခွန်စည်းကြပ်မှု မြင့်တက်လာခြင်းကြောင့် ပြင်သစ်၌ ဆန္ဒပြ

**ပါရီ ဒီဇင်ဘာ ၂**

လောင်စာဆီ အခွန်စည်းကြပ်မှုများ မြင့်တက်လာခြင်းကို ဆန့်ကျင်သည့် လူများသည် ရဲတပ်ဖွဲ့ဝင်များနှင့် ပါရီအလယ်ပိုင်း Champs-Elysees Avenue တွင် ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။

အခွန်စည်းကြပ်မှုများ တိုးမြှင့်ကောက်ခံရန် ပြင်သစ်အစိုးရ၏ ဆုံးဖြတ်ချက်သည် ဓာတ်ဆီဈေးနှုန်းများကို နှစ်ဆ မြင့်တက်စေခဲ့သောကြောင့် လွန်ခဲ့သည့်လကတည်းက လူစည်ကားရာ နိုင်ငံခြားသား ခရီးသွားအပန်းဖြေနေရာများတွင် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

ဆန္ဒပြသူများသည် မီးရှို့မှုအချို့နှင့် ကျောက်ခဲများဖြင့် ပစ်ပေါက်ပြီးနောက် ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြလူအုပ်ကြီးကို မျက်ရည်ယိုဗုံးများနှင့် မီးသတ်ပိုက်များ အသုံးပြုကာ လူစုခွဲခဲ့ရကြောင်း သိရသည်။

အဆိုပါ ဆန္ဒပြမှုနှင့် ပတ်သက်ပြီး လူပေါင်း ၁၀၀ ထက်မနည်း ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြခဲ့သည်။ ဆန္ဒပြမှုတွင် ရဲတပ်ဖွဲ့ဝင်အချို့နှင့် ဆန္ဒပြသူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

အချို့ဆန္ဒပြမှုများသည် အကြမ်းဖက်အသွင်သို့ ဆောင်လာသောကြောင့် ရဲတပ်ဖွဲ့ဝင်များက နှိမ်နင်းဖြိုခွဲမှုများ ပြုလုပ်ခဲ့သည်။ ယခုအချိန်အထိ ဆန္ဒပြမှု ပြီးဆုံးမည့် အရိပ်အယောင် မတွေ့ရသေးကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အားလုံးက စိတ်ဝင်တစားရှိနေသည့် ကမ္ဘာ့ခေါင်းဆောင်များနှင့် ဆော်ဒီအိမ်ရှေ့မင်းသား တွေ့ဆုံမှု

**ခြူးစန္ဒီနွေး**

**အခုဆိုရင် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကို တက်ရောက်ဖို့အတွက် နိုင်ငံ့ခေါင်းဆောင်တွေဟာ အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့မှာ စုဝေးရောက်ရှိနေကြပါပြီ။ အဲဒီမှာ အားလုံးစိတ်ဝင်စားကြတာကတော့ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်နဲ့ ကမ္ဘာ့ခေါင်းဆောင်တွေ တွေ့ဆုံကြတဲ့အခါ ဘယ်လိုမျိုးရလဒ်တွေ ဖြစ်ပေါ်လာမလဲ ဆိုတာကို စိတ်ဝင်စားနေကြပါတယ်။**




ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအတွင်း ရုရှားသမ္မတ ပူတင်နှင့် ဆော်ဒီအိမ်ရှေ့မင်းသားတို့ တွေ့ဆုံကြစဉ်။

**အပြုံးချင်းဖလှယ်**

တူရကီနိုင်ငံ ဆော်ဒီကောင်စစ်ဝန်ရုံးအတွင်း ဆော်ဒီဂျာနယ်လစ် အသတ်ခံရမှုမှာ အိမ်ရှေ့မင်းသားရဲ့ ပါဝင်ပတ်သက်မှုရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ဝေဖန်ပြစ်တင်မှုကို ခံနေရချိန်လည်း ဖြစ်ပါတယ်။ ဗျူနိုအေရိစ်မှာ ပြုလုပ်တဲ့ စီးပွားရေးထိပ်သီးအစည်းအဝေးကို တက်ရောက်စဉ်မှာတော့ ဆော်ဒီအိမ်ရှေ့မင်းသားဟာ ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ အပြုံးချင်းဖလှယ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီးမှ နေရာယူခဲ့ကြပါတယ်။ အမေရိကန်ထောက်လှမ်းရေးအေဂျင်စီနဲ့ အနောက်နိုင်ငံတွေက ဂျမားလ်ခါရှော့ဂီ အသတ်ခံရတဲ့အမှုမှာ ဆော်ဒီအိမ်ရှေ့မင်းသားဟာ အမိန့်ပေးသူဆိုပြီး စွပ်စွဲကြပေမယ့် အိမ်ရှေ့မင်းသားကတော့ သူ့ကို ကြိုဆိုမယ့် နိုင်ငံအချို့ကို မျှော်လင့်နေဆဲပါပဲ။

**ဆော်ဒီဘုရင်၏ အချစ်ဆုံးသား**

နောက်ပြီးတော့ သူစွပ်စွဲခံထားရတာတွေအားလုံးအတွက်လည်း မဟုတ်ဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ ဆော်ဒီအိမ်ရှေ့မင်းသားဟာ အသက် ၃၃ နှစ်ရှိပြီဖြစ်ပြီး ဆော်ဒီဘုရင်ရဲ့ အချစ်ဆုံးသားလည်း ဖြစ်ပါတယ်။ ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးပွဲမှာ ကမ္ဘာ့စီးပွားရေးအင်အားအကောင်းဆုံးသောနိုင်ငံတွေ စုဝေးနေပြီး ရေနံပေါကြွယ်ဝတဲ့ ဆော်ဒီနိုင်ငံက အိမ်ရှေ့မင်းသားအတွက် ဒီထိပ်သီးအစည်းအဝေးပွဲဟာ အရေးအပါဆုံး စမ်းသပ်မှုတစ်ခုလည်း ဖြစ်ပါတယ်။

**စုံစမ်းမှုစတင်**

ဒါ့အပြင် အာဂျင်တီးနားက ရှေ့နေတွေလည်း ဂျမားလ်ခါရှော့ဂီ ညှဉ်းပန်းနှိပ်စက်ခံရပြီး အသတ်ခံရမှု၊ ယီမင်စစ်ပွဲမှာ ဆော်ဒီနိုင်ငံရဲ့စစ်ရာဇဝတ်မှုကျူးလွန်မှုများ၊ ဆော်ဒီအကျဉ်းသားတွေအပေါ် နှိပ်စက်မှု အစရှိတဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရမှု စွပ်စွဲချက်တွေနဲ့ စုံစမ်းမှုတွေ စတင်နေပါပြီ။ နှစ်ရက်တာကျင်းပမယ့် အစည်းအဝေးအတွင်းမှာတော့ အိမ်ရှေ့မင်းသားအပေါ် ဘယ်လိုအရေးယူမှုမျိုးကိုမှ ခွင့်ပြုပေးမှာမဟုတ်ဘူးလို့ အာဏာပိုင်တွေက ပြောပါတယ်။ ဒါပေမယ့်လည်း အချို့သော ကမ္ဘာ့ခေါင်းဆောင်တွေကတော့ ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုအတွက် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုတွေ ပြုလုပ်သွားသင့်တယ်လို့ ပြောပါတယ်။

**အိန္ဒိယဝန်ကြီးချုပ်နဲ့ တွေ့ဆုံ**

အဲဒီလို ထိပ်တိုက်တွေ့ဆုံချင်တဲ့ ခေါင်းဆောင်တွေထဲမှာ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်လည်း အပါအဝင်ဖြစ်ပုံရပါတယ်။ သောကြာနေ့မှာတော့ ဆော်ဒီအိမ်ရှေ့မင်းသားဟာ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနဲ့ တွေ့ဆုံခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက ယာယီရွှေ့ပြောင်းလုပ်သားအများစုဟာ ဆော်ဒီမှာ အလုပ်လုပ်ကိုင်ကြပါတယ်။ ကျန်တဲ့ ခေါင်းဆောင်တွေနဲ့ အဆင်ပြေမပြေတော့ မသိရပေမယ့် ရုရှားသမ္မတ ပူတင်နဲ့ နှုတ်ဆက်ရာမှာတော့ ဝမ်းပန်းတသာရှိပုံရပါတယ်။ သူတို့နှစ်ဦးဟာ ရယ်ရယ်ပြုံးပြုံးနဲ့ နှုတ်ဆက်နေကြတာကို တွေ့ရပါတယ်။

**အသနားခံစာတင်**

လူ့အခွင့်အရေး စောင့်ကြည့်ရေးရှေ့နေအုပ်စုကတော့ ယခုသီတင်းပတ်အတွင်းမှာပဲ အာဂျင်တီးနားတရားရုံးချုပ်ကို ဆော်ဒီအိမ်ရှေ့မင်းသားရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စုံစမ်းစစ်ဆေးပေးဖို့ အသနားခံစာတင်ခဲ့ကြပါတယ်။ ခါရှော့ဂီအသတ်ခံရမှုအပေါ် စိတ်ဝင်စားမှုတွေ မြင့်တက်နေပေမယ့် လူ့အခွင့်အရေးရှေ့နေအုပ်စုတွေရဲ့ အသနားခံစာကတော့ ယီမင်နိုင်ငံစစ်ပွဲမှာ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တွေ ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေအပေါ်မှာ ဦးတည်ထားပါတယ်။ ယီမင်နိုင်ငံမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကိုတော့ ကမ္ဘာပေါ်မှာ အဆိုးရွားဆုံး လူသားတွေကြောင့် ဖြစ်ပေါ်လာရတဲ့ ဘေးတစ်ခုအဖြစ် အသိအမှတ်ပြုထားပါတယ်။ ကုလသမဂ္ဂကတော့ ယီမင်စစ်ပွဲမှာ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တွေရော ဟူသီသူပုန်တွေပါ နှစ်ဖက်စလုံးဟာ စစ်ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့ကြတယ်လို့ သတ်မှတ်ထားပါတယ်။

**ပြင်သစ်သမ္မတရဲ့ သဘောထား**

အာဂျင်တီးနားသမ္မတ မောရီကိုမက်ခရီကတော့ ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးမှာ မစ္စတာ ခါရှော့ဂီအသတ်ခံရမှုမှာ ဆော်ဒီအိမ်ရှေ့မင်းသားပါဝင်မှု ရှိ မရှိကို အစည်းအဝေးတက်ရောက်လာကြတဲ့ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတွေကြားမှာ ဆွေးနွေးသွားဖို့ရှိတယ်လို့ ကြာသပတေးနေ့က ပြောခဲ့ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာတော့ ပြင်သစ်သမ္မတ မက်ခရွန်က သူဟာ ဆော်ဒီအာရေဗျမှာ ကြုံတွေ့နေရတဲ့ ပြဿနာကို နားလည်ပါတယ်။ ဆော်ဒီအိမ်ရှေ့မင်းသားနဲ့လည်း တွေ့ဆုံဆွေးနွေးခွင့်ရလိမ့်မယ်လို့ ပြောခဲ့ပါတယ်။ အခုကိစ္စကို တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စားနေကြတယ်လို့ မက်ခရွန်က ဆက်ပြောပါတယ်။ ပြင်သစ်သမ္မတဟာ ခါရှော့ဂီအသတ်ခံရမှု၊ ယီမင်စစ်ပွဲနဲ့ ရေနံဈေးအကြောင်းတို့ကို ဆော်ဒီအိမ်ရှေ့မင်းသားနဲ့ တစ်ဦးချင်းတွေ့ဆုံတဲ့အခါ ဆွေးနွေးခွင့်ရဖို့ နည်းလမ်းတွေ ရှာဖွေနေတယ်လို့ ပြင်သစ်အရာရှိတွေက သောကြာနေ့မှာ ပြောခဲ့ပါတယ်။ ဒါကတော့ ပြင်သစ်သမ္မတရဲ့ ဆော်ဒီအပေါ် လက်ရှိသဘောထားလည်း ဖြစ်ပါတယ်။

**အမေရိကန်ဘက်ကအခြေအနေ**

ပြင်သစ်သမ္မတက ဆော်ဒီအရေး စိတ်ပါဝင်စားမှုတွေ ပြသနေချိန်မှာ အမေရိကန်ဘက်ကရော ဘယ်လိုအနေအထားရှိသလဲဆိုတာလည်း စိတ်ဝင်စားဖို့ ကောင်းတဲ့ နောက်တစ်ချက်ပါ။ အမေရိကန်သမ္မတ ထရမ့်ကတော့ ဝါရှင်တန်ကနေ အာဂျင်တီးနားကို မလာခင်ကတည်းကပဲ သူ့အနေနဲ့ ဆော်ဒီအိမ်ရှေ့မင်းသားနဲ့ တစ်ဦးချင်းတွေ့ဆုံဖြစ်ခဲ့ရင် ဝမ်းသာမိမှာပါ။ ဒါပေမယ့် အစည်းအဝေးရဲ့ အစီအစဉ်တွေအားလုံးက သတ်မှတ်ပြီးဖြစ်နေတယ်။ ဒါကြောင့်မို့လို့ တစ်ဦးချင်းမတွေ့ဆုံဖြစ်ပေမယ့် အစည်းအဝေးမှာတော့ တွေ့ဖြစ်ကြမှာပါလို့ ကြာသပတေးနေ့ကတည်းက ပြောခဲ့ပါတယ်။ "ဆော်ဒီဟာ အမေရိကန်နိုင်ငံရဲ့ လက်နက်တွေကို အဓိကဝယ်ယူတဲ့ နိုင်ငံဖြစ်တာကြောင့် အမေရိကန်အတွက် အရေးပါတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့အပြင် ဆော်ဒီဟာ ရေနံအတွက် အဓိကအရေးပါတဲ့နိုင်ငံဖြစ်သလို အရှေ့အလယ်ပိုင်းဒေသမှာ အီရန်ကို ဆန့်ကျင်ဖို့အတွက် အရေးပါတဲ့ မဟာမိတ်လည်း ဖြစ်ပါတယ်" လို့ ထရမ့်က အလေးထားပြောကြားခဲ့ပါတယ်။ ခါရှော့ဂီ အသတ်ခံရမှုအတွက် ညွှန်ကြားအမိန့်ပေးသူလို့ စွပ်စွဲခံထားရတဲ့ မိုဟာမက် ဘင်ဆယ်မန်ကတော့ သူ့အပေါ် စွပ်စွဲမှုအားလုံးကို ငြင်းဆိုထားပါတယ်။ သူဟာ အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့ကို ဗုဒ္ဓဟူးနေ့ကတည်းက ရောက်ရှိခဲ့တာဖြစ်ပြီး အိမ်ရှင်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးက လာရောက်ကြိုဆိုခဲ့ပါတယ်။

**လူ့အခွင့်အရေးအုပ်စု၏ မျှော်လင့်ချက်**

လူ့အခွင့်အရေး စောင့်ကြည့်ရေးအုပ်စုက အာဏာပိုင်တွေကတော့ အာဂျင်တီးနားတရားရုံးကို သူတို့တင်ခဲ့တဲ့ အသနားခံစာကြောင့် အိမ်ရှေ့မင်းသား မိုဟာမက်အတွက် အစည်းအဝေးတက်ရောက်စဉ် သက်ရောက်မှုတွေ ရှိနေလိမ့်မယ်လို့ ပြောပါတယ်။ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို တက်ရောက်လာတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေထဲက တစ်ဦးတစ်ယောက်ကမျှ ဆော်ဒီဟာ ယီမင်စစ်ပွဲမှာ ရာဇဝတ်မှုတွေ ကျူးလွန်တယ်၊ ညှဉ်းပန်းနှိပ်စက်မှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနေတယ်ဆိုတာကို လျစ်လျူရှုသွားနိုင်မှာ မဟုတ်ဘူးလို့ ပြောပါတယ်။ ဒါကတော့ လူ့အခွင့်အရေးရှေ့နေတွေရဲ့ မျှော်လင့်ချက်လည်း ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ထရမ့်ကတော့ ဆော်ဒီနိုင်ငံဟာ အမေရိကန်ရဲ့ အကျိုးစီးပွားအတွက် အရေးပါတဲ့ နိုင်ငံဖြစ်နေလို့ ဆော်ဒီနဲ့ အခင်အမင်မပျက်လိုဘူးဆိုတာ သိသာပါတယ်။

**အားတက်စရာတစ်ခု**

အခြားကမ္ဘာ့ခေါင်းဆောင်တွေကရော ဆော်ဒီအပေါ် ဘယ်လိုမြင်မလဲ၊ နိုင်ငံတကာမှာ ကျဆင်းနေတဲ့ပုံရိပ်ကို ပြန်လည် မြှင့်တင်နိုင်မှာလားဆိုတာက အခု ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ စိတ်ဝင်စားစရာအကောင်းဆုံး အကြောင်းအရာဖြစ်နေပါတယ်။ ပြင်သစ်သမ္မတ မက်ခရွန်နဲ့ ဆက်ဆံရေးမှာတော့ နွေးထွေးမှုမရှိခဲ့ပေမယ့် ရုရှားသမ္မတနဲ့တော့ အပြုံးမပျက် ဆက်ဆံနိုင်ခဲ့လို့ ဆော်ဒီအိမ်ရှေ့မင်းသားအတွက် အားတက်စရာ တစ်ခုတော့ ဖြစ်လာမှာပါ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

**"ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို တက်ရောက်လာတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေထဲက တစ်ဦးတစ်ယောက်ကမျှ ဆော်ဒီဟာ ယီမင်စစ်ပွဲမှာ ရာဇဝတ်မှုတွေ ကျူးလွန်တယ်၊ ညှဉ်းပန်းနှိပ်စက်မှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနေတယ်ဆိုတာကို လျစ်လျူရှုသွားနိုင်မှာ မဟုတ်ဘူးလို့ ပြောပါတယ်"**

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူးနှင့် လည်ပင်းကြီးရောဂါများ အခမဲ့ခွဲစိတ်ကုသနေမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကြည့်ရှုအားပေး

**စစ်တွေ ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အတွင်းရေးမှူး ဦးညီညီမင်းနှင့် နိုဝင်ဘာလ နောက်ဆုံးပတ်က စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဂျာမနီနိုင်ငံမှ ဆရာဝန်ကြီးများနှင့် စစ်တွေဆေးရုံကြီး အထူးကုဆရာဝန်ကြီးများမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူးနှင့် လည်ပင်းကြီးရောဂါများ ခွဲစိတ်ကုသနေမှုကို ကြည့်ရှုအားပေးခဲ့သည်။**(အောက်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခွဲစိတ်ကုသမှုခံယူရန် စောင့်ဆိုင်းနေသော လူနာများနှင့် ခွဲစိတ်ကုသပြီးလူနာများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးပညာဇောတထံ ခွဲစိတ်ကုသရာတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ခွဲစိတ်ကုသမှုမှာပြည်တွင်း၊ ပြည်ပသာသနာပြု ကျေးဇူးတော်ရှင် အလိုတော်ပြည့် ဆရာတော်ကြီး၏ သြဝါဒအရ မြန်မာနိုင်ငံစားဖိုမှူးများအသင်းမှ ကမကထပြုလျက် ပြည်နယ်အစိုးရအဖွဲ့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ဂျာမနီနိုင်ငံမှ အထူးကုဆရာဝန်ကြီးများ၏ ပြည်နယ် အတွင်း အဌမအကြိမ်မြောက် အခမဲ့ ခွဲစိတ်ကုသမှု ဖြစ်သည်။

ယခုခွဲစိတ်ကုသမှုမှာ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိဖြစ်ပြီး လူနာပေါင်း ၃၆ ဦးကို ကုသပေးပြီးဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**






## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ မန္တလေး၌ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂**

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မနော်ရမ္မ ပြည်သူ့ရင်ပြင်၌ ယမန်နေ့က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ သန်းသန်းမြင့်နှင့် တိုင်းဒေသကြီး ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာငြိမ်းချမ်းတို့က ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၈ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလနောက်ဆုံးပတ်က ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ဥတ္တရသီရိမြို့နယ်လက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥတ္တရသီရိမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲအလိုက် အကောင်းဆုံး ကစားသမားများနှင့် နေရာအလိုက် အကောင်းဆုံးကစားသမားများကို နေပြည်တော်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထိန်ဝင်းနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။



ထို့နောက် တတိယဆုရရှိသော လယ်ဝေးမြို့နယ် လက်ရွေးစင်အသင်းကို နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက လည်းကောင်း၊ ဒုတိယဆုရ ပျဉ်းမနားမြို့နယ် လက်ရွေးစင်အသင်းကို နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူက လည်းကောင်း၊ ပထမဆုရရှိသော ဥတ္တရသီရိမြို့နယ် လက်ရွေးစင်အသင်းကို နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက လည်းကောင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပထမဆုရရှိသည့် ဥတ္တရသီရိမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလား ချီးမြှင့်ပေးသည်။**(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**ဟားခါး ဒီဇင်ဘာ ၂**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ချင်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးငယ်များ ငွေကြေးထောက်ပံ့ပေးခြင်းဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ ပဉ္စမအကြိမ် ပြည်နယ်အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလနောက်ဆုံးပတ်က ချင်းပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က ၂၀၁၇ ခုနှစ် ပထမအကြိမ်မှစ၍ ၂၀၁၈ ခုနှစ် အဌမအကြိမ်အထိ ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက်ကလေးငယ်များ ငွေကြေးထောက်ပံ့ပေးမှု ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်မှု ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုရှင်းလင်း တင်ပြသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒေါက်တာရှိန်မြင့်က ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းကောက်ယူထားသည့် စာရင်းအချက်အလက်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များကို ၂၀၁၇ ခုနှစ် ဇွန်လ မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ စုစုပေါင်း ရှစ်ကြိမ်တွင် အကျိုးခံစားခွင့်ရှိသူပေါင်း ၂၅၆၉၈ ဦးအား ငွေကျပ် ၃၉၂၄ ဒသမ ၀၄၅ သန်းအထိ ထောက်ပံ့ပေးနိုင်ခဲ့ပြီး နဝမအကြိမ်ကို ယခုလအတွင်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပညာပေးသင်တန်း ၃၄ ကြိမ်တွင် တက်ရောက်သူ ၁၁၂၄ ဦးကို ပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

## ဟားခါးမြို့၌ ဒီဇင်ဘာအားကစားလ လမ်းလျှောက်ပွဲ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ ပါဝင်ဆင်နွှဲ

**ဟားခါး ဒီဇင်ဘာ ၂**

၂၀၁၈ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲကို ယမန်နေ့က ဟားခါးမြို့၌ ကျင်းပခဲ့သည်။

အဆိုပါ လမ်းလျှောက်ပွဲတွင် ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ချင်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယင်းလမ်းလျှောက်ပွဲကို ဆေးရုံလမ်းခွဲမှ ဗိုလ်ချုပ်လမ်းအတိုင်း ဝမ္မသူးမောင် အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် ဝမ္မသူးမောင် အားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးများ ပြုလုပ်ခဲ့ကြပြီး တက်ရောက်လာသူများက မြားပစ်၊ ခေါင်းအုံးရိုက်၊ သံပုံးရိုက်၊ လွန်ဆွဲပွဲနှင့် ဆန်ကောရွက်၊ အပြေးပြိုင်ပွဲများကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲကို အပတ်စဉ် စနေနေ့တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒက္ခိဏခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စာပေဝါသနာရှင်များ စာဖတ်ဝိုင်း ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

စာပေကိုချစ်မြတ်နိုးပြီး စာဖတ်သည့်အလေ့အကျင့်ကောင်းများ လက်ဆင့်ကမ်းနိုင်ရန်၊ စာဖတ်သူအချင်းချင်း ရင်းနှီးထိတွေ့မှုရှိလာစေရန် ရည်ရွယ်ကာ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ခရိုင်အတွင်းရှိ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ စာဖတ်ဝိုင်းကို ယမန်နေ့က အဆိုပါရုံး လူထု အခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဒေါ်လှိုင်မိုးမြတ် (Women Club) ဥက္ကဋ္ဌနှင့် တာဝန်ရှိ သူတို့က အိမ်အပြန်စာအုပ်ပါ အတွေးအခေါ်ဆောင်းပါးများနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသမီးလူငယ်များ ဘဝတစ်လျှောက် ဆောင်ရန် ရှောင်ရန်များကို လည်းကောင်း၊ လူငယ်ရေးရာမူဝါဒနှင့် ပတ်သက်၍လည်းကောင်း၊ သံယောဇဉ် ကဗျာထဲမှ အကြောင်းအရာများကို လည်းကောင်း၊ အာဆီယံနိုင်ငံများမှ အသက် ၁၂ နှစ်အရွယ် စွန့်ဦးတီထွင်ပညာရှင် အမျိုးသမီးငယ်တစ်ယောက်အကြောင်းကို လည်းကောင်း၊ စာရေးဆရာ ဇန်းမော် သိန်းဖေ ရေးသားသည့် သူတို့ဘာကြောင့် ကမ္ဘာကျော် စာအုပ်ထဲမှ လက်တစ်ဖက်ပြတ်နေသည့် သေနတ်ပစ်ချန်ပီယံတစ်ဦးရဲ့အကြောင်းကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဘက်စုံစိုက်ပျိုးရေးနှင့် ဆည်ရေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်ရေးဆွဲရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဘက်စုံစိုက်ပျိုးရေးနှင့် ဆည်ရေဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်ရေးဆွဲချမှတ်ခြင်း စီမံကိန်းတွင် KOICA ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် စီမံကိန်းမန်နေဂျာ Mr. Roh Gyeong Tae ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နိုဝင်ဘာလ စတုတ္ထပတ်က ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားကျေးလက်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတို့ ပူးပေါင်း၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဘက်စုံစိုက်ပျိုးရေးနှင့် ဆည်ရေ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ် ရေးဆွဲချမှတ်ခြင်း စီမံကိန်းဆောင်ရွက်ရန် ကိစ္စရပ်များကို လည်းကောင်း၊ စီမံကိန်းဦးဆောင်ကော်မတီနှင့် ပူးတွဲညှိနှိုင်းဆောင်ရွက်ရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်း၊ ရေစီမံခန့်ခွဲမှု၊ ဆည်ရေပေးသွင်းမှု၊ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်မှု၊ ကြိတ်ခွဲမှု၊ ဖြန့်ဖြူးမှုတို့အတွက် ပြီးပြည့်စုံသည့် အစီအစဉ်ရေးဆွဲနိုင်ရန် စီမံကိန်းဧရိယာများနှင့် လိုအပ်သည့် သတင်းအချက်အလက်များ ရရှိရေး စီမံကိန်းဆိုင်ရာပညာရှင်များ၏ ကွင်းဆင်း ဆောင်ရွက်နေမှု ကိစ္စရပ်များကို လည်းကောင်း၊ အင်ဂျင်နီယာများ အရည်အသွေး မြှင့်တင်နိုင်ရေး လေ့ကျင့်သင်ကြားပေးခြင်းနှင့် စီမံကိန်းဆောင်ရွက်ရန် လိုအပ်ချက်များကို လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

# ရန်ကုန်-မန္တလေးကားလမ်းမကြီး လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုပြီးစီးတော့မည်

**ရေတာရှည် ဒီဇင်ဘာ ၂**

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးအား နိုင်ငံတကာအဆင့် မီ လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်သည်။

ထိုလမ်းမကြီး ပြီးစီးအောင်မြင်သွားပါက နေ့စဉ် အစုန်-အဆန် မောင်းနှင်သွားလာလျက်ရှိသော ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်ကြီး၊ ယာဉ်ငယ်မျိုးစုံတို့အနေဖြင့် ယခင်ကထက် အချိန်တိုတို အတွင်း လိုရာခရီးကို ရောက်ရှိနိုင်မည်ဖြစ်ပြီး အထက်နှင့်အောက် ကုန်စည်စီးဆင်းမှု ပိုမိုအားကောင်းလာမည်မှာ သေချာလျက်ရှိကြောင်း စီးပွားရေးလုပ်ကိုင်သူအချို့က သုံးသပ်ပြောကြားသည်။

"ကားလမ်းတွေ ကောင်းလာရင် ယာဉ်အပျက်အစီးသက်သာမယ်။ ဆီကုန်သက်သာလာမယ်။ ရန်ကုန်နဲ့ မန္တလေးအပြန်အလှန် ကုန်ပို့ဆောင်တဲ့အခါမှာ အချိန်တိုတိုနဲ့ရောက်နိုင်တော့ ကုန်စိမ်းသမားတွေ ပိုအဆင်ပြေလာမှာ သေချာတယ်။ တောင်ငူ - အုတ်တွင်း-ဖြူးလမ်းပိုင်းကို အသေအချာပြင်နိုင်ရင် ကောင်းမယ်။ လမ်းတွေ ဆိုးနေဆဲပါပဲ။ ရေတာရှည် ဘက်ကနေ မန္တလေးအထိ လမ်းတွေအလွန်ကောင်းတယ်" ဟု အဝေးပြေးကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေးပြည်ထောင်စုလေးလမ်းသွား ကားလမ်းမကြီးသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးနှင့် နှိုင်းယှဉ်ကြည့်ပါက လမ်းမိုင်အရှည်ဆုံးဖြစ်ကာ နေ့စဉ်ယာဉ်အသွားအလာအများဆုံး အသုံးပြုနေသည့် လမ်းပိုင်းလည်းဖြစ်ကြောင်း သိရသည်။

**သန်းလွင်**



# ငပုတောမြို့နယ်အတွင်း လူမှုဘဝမြင့်မားရေး အရှိန်မြှင့်တင်

**ငပုတော ဒီဇင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို သိရှိနိုင်ရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ ဘဏ်မှ တာဝန်ရှိသူများသည် နိုဝင်ဘာလနောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ စီမံကိန်းဝန်ထမ်းများ၊ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့် စီမံကိန်း ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

မြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ဆောင်ရွက်နေသော ကျောက်ပုံကျေးရွာအုပ်စု ရွာသစ်ကျေးရွာနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေး စီမံကိန်းမှ ဆောင်ရွက်နေသော ကျောက်တန်းကျေးရွာအုပ်စု ငွေးပင်ကွင်းကျေးရွာများရှိ ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက ကျေးရွာအချက်အလက်များ၊ ကျေးရွာကော်မတီဝင်များ၏ ရွေးချယ်ဆောင်ရွက်နေမှုများ၊ စီမံကိန်းနှင့် ပတ်သက်၍ ကျေးရွာနေ ပြည်သူများအပေါ် အကျိုးသက်ရောက်မှုများနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ထပ်မံဆောင်ရွက်လိုသည့် လုပ်ငန်းများကို မေးမြန်းဆွေးနွေးပြီး လူထုဗဟိုပြုစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို စစ်ဆေးခဲ့သည်။




လူထုဗဟိုပြုစီမံကိန်းကို ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ကျေးရွာပေါင်း ၃၄၇ တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် လူထုဗဟိုပြုစီမံကိန်းအကြောင်း ပိုမိုသိရှိနားလည်သဘောပေါက်စေရန်နှင့် စီမံကိန်း လုပ်ငန်းများ ရင်းနှီးကျွမ်းဝင်မှု ရှိစေရန်အတွက် (၁၀) ကြိမ်မြောက် သတင်းပြန်ကြားဆက်သွယ်ရေးနှင့် စည်းရုံးလှုံ့ဆော်ခြင်းပြပွဲကိုလည်း ရွှေမြကွင်းဘောလုံးပွဲ၌ ကပြဖျော်ဖြေနေသော ဖိုးချစ်နိုင် ဇာတ်ပွဲတွင်လည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။

စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များကို တက်ရောက်လာကြသော ပြည်သူများအား မေးမြန်းကာ အဖြေမှန်ဖြေဆိုနိုင်သူများအား စီမံကိန်း အမှတ်တံဆိပ်ပါ တီရှပ်များနှင့် ဦးထုပ်များကို လက်ဆောင်များအဖြစ် ပြန်လည်ပေးအပ်ခဲ့သည်။

**လှမင်းထွန်း(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၂၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၀/၁၀၃၅ ကျပ် | ၁၀၅၀/၁၀၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၅/၈၆၅ ကျပ် | ၉၁၅/၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၉၅/၉၄၅ ကျပ် | ၁၀၀၀/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၂ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၈ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၀ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၇ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၅၂ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၅၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၅၄၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၀ · ၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၉၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ပုသိမ်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

မနေ့က ပုသိမ်ရောက်ခဲ့တယ်။ အခမဲ့စီးပွားရေးဟောပြောပွဲတစ်ပွဲ လုပ်ခဲ့တာ။ အစက နေ့ချင်းပြန်သွားဖို့ စဉ်းစားခဲ့တယ်။ မိုးရာသီကုန်မှာ လမ်းတွေပျက်နေတာမို့ အချိန် ငါးနာရီကျော်မယ်လို့ ပြောကြတယ်။ ဒါနဲ့ စနေနေ့မှာ ထွက်ခဲ့တယ်။ ရန်ကုန်-ပုသိမ် လမ်းကို မသွားဖြစ်တာလည်း နှစ်နှစ်နီးပါးရှိပြီ။ ပန်းလှိုင်အလွန်လမ်းက ဆိုးတယ်။ ကားတွေများသလို လမ်းတွေကလည်း အဆင်မပြေလှဘူး။ အဝေးပြေးကားဂိတ်ကျော်မှ လမ်းကနည်းနည်းကောင်းလာတာမို့ ခရီးတွင်ခဲ့တယ်။ နေ့လယ်စာကို ရှမ်းရွှေ 2 အပန်းဖြေစခန်းမှာ စားဖြစ်တယ်။ အခင်းအကျင်းက အကျယ်ကြီး။ လေကောင်း လေသန့်လည်းရတယ်။ ရေကန်အနီးမှာဖြစ်ပြီး ရေကန်ထဲမှာ ကြာပင်တွေ၊ ကြာပန်းတွေနဲ့။ ခရီးဆက်ထွက်ပြီး ဗိုလ်မြတ်ထွန်းတံတားကနေ ပန်းတနော်-ကျောင်းကုန်းကိုဖြတ်ပြီး ညနေ ၄ နာရီကျော်လောက်မှာ ပုသိမ်ရောက်ခဲ့တယ်။ တည်းခိုမယ့် ဟိုတယ်က မြို့အဝင်က ပုသိမ်ဟိုတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကလည်း ဒီနေရာမှာပဲ ဟောပြောပွဲလုပ်ခဲ့တာ။

### ခြေလှမ်း ၁၀၀၀၀ လျှောက်ဖို့လို

ကျွန်တော့်အခန်းမှာ ခဏနားပြီး ဟိုတယ်အရှေ့မှာရှိတဲ့ ကန်သုံးဆင့်ပန်းခြံထဲ လမ်းလျှောက်ခဲ့တယ်။ ကျွန်တော်က တစ်နေ့အနည်းဆုံး ခြေလှမ်း ၁၀၀၀၀ ရအောင် ကြိုးစားနေတဲ့သူ။ ဆေးပညာအရ ကျန်းမာရေးအတွက် တစ်နေ့ကို အနည်းဆုံး ခြေလှမ်း ၁၀၀၀၀ လျှောက်ဖို့လိုကြောင်း အကြံပြုထားတာ။ လူတိုင်းလုပ်နိုင်တဲ့ အလုပ်တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် စလုပ်ကြတာက ခက်တာ။ အခုလို ကန်နံဘေးမှာ လျှောက်ရင်း ပတ်ဝန်းကျင်က သပ်သပ်ရပ်ရပ်ဖြစ်အောင် စီစဉ်ပေးထားတာကို ကျေးဇူးတင်မိပါတယ်။ ထူးခြားတာက ကျောင်းသူ ကျောင်းသားတွေ စာကျက်နေတာကိုမြင်ရတယ်။ ကျက်ပုံကလည်း အသံအကျယ်ကြီးအော်ပြီး အလွတ်ကျက်မှတ်နေတာ။ တချို့က မြန်မာလို အော်နေသလို တချို့ကျတော့ အင်္ဂလိပ်လိုတွေနဲ့ ကျက်နေကြတယ်။ ဟိုတယ်ရောက်တဲ့အခါ မေးကြည့်တော့ အဝေးသင်တက်နေတဲ့ ကလေးတွေ စာမေးပွဲအတွက် ပြင်ဆင်နေကြတာတဲ့။ အခုလို အလွတ်ကျက်ပြီး ဖြေနေတဲ့ စာမေးပွဲစနစ်ကြီးကို ဘယ်တော့များ ပြင်နိုင်ပါ့မလဲ မသိဘူး။ ပညာရေးဝန်ကြီးဌာနကလည်း ခေတ်အဆက်ဆက် ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့တယ်။ လုပ်နေတယ်။ ဘယ်တော့များပြီးမလဲလို့ မေးခွန်းထုတ်မိတယ်။ ပြင်လို့မပြီးတော့ဘူး ထင်ပါရဲ့။

ကျွန်တော်အခုလို ကန်ပတ်လမ်းလျှောက်ပြီး ဝမ်းနည်းစရာတစ်ခုကြုံခဲ့တယ်။ ဒါကတော့ အမှိုက်တွေ နေရာတိုင်းမှာ ပွနေတာပဲ။ စားသောက်ပြီး လွှင့်ပစ်တာတွေကလည်း အများကြီး။ စည်းကမ်းမဲ့လုပ်နေကြတာ။ ကိုယ့်မှာတာဝန်ရှိတာကို မသိကြတော့ဘူး ထင်ပါရဲ့။ ကိုယ့်ရဲ့အဆင်ပြေမှုတစ်ခုပဲကြည့်ပြီး လုပ်ချင်သလို လုပ်ခဲ့တာ။ တစ်ခုတော့ရှိတယ်။ ကန်ပတ်လည်မှာ အမှိုက်ပုံးတစ်လုံးမှ မတွေ့ရဘူး။ အမှိုက်ပုံးတွေထားဖို့က သက်ဆိုင်ရာဌာနတွေမှာ တာဝန်ရှိတယ်။ အခုတော့ အမှိုက်ပုံး မချတဲ့သူနဲ့ အမှိုက်တွေကို စည်းကမ်းမဲ့ပစ်တဲ့သူတွေပေါင်းလိုက်တော့ အကျည်းတန်မှု တစ်ရပ်ဖြစ်လာတာ။ ကျွန်တော်အခုလို အမှိုက်တွေကိုကြည့်ရင် အမှိုက်အိတ်အကြီးတွေနဲ့ အမှိုက်တွေလိုက်ကောက်နေကြသူတွေကိုလည်း မြင်ရပြန်တယ်။ သူတို့က ပစ်ထားတဲ့အမှိုက်တွေထဲက ရှာဖွေပြီး ပြန်ရောင်းလို့ရမယ့် ဘူးခွံတွေ၊ ပုလင်းခွံတွေကို ကောက်ကြတယ်။ ပြီးတော့ ဒိုင်တွေမှာ သွားရောင်းကြတယ်။ မျက်စိရှင်ရှင်နဲ့ ရှိသမျှတွေကို ရအောင်ကောက်နေကြတာ။ ရောင်းလို့မရတဲ့ အသုံးမဝင်တာတွေတော့ မကောက်ကြဘူး။ ဒါနဲ့ကျွန်တော့်စိတ်ကူးထဲကို တစ်ခုဝင်လာတယ်။ အခုလိုအမှိုက်ကောက်နေတဲ့သူတွေကို ရှိသမျှအမှိုက်တွေကို ကောက်စေပြီး ရတဲ့အမှိုက်တွေကို အလေးချိန်ပြီး ငွေပေးရင် လူတိုင်းကောက်ကြမှာ။ ဝင်ငွေကောင်းတဲ့ အလုပ်တစ်ခုဖြစ်နိုင်မှာ။ ဒီစနစ်ကိုကျင့်သုံးရင် ကျွန်တော်တို့နိုင်ငံမှာ အမှိုက်တစ်စမှ ရှိမှာမဟုတ်တော့ဘူး။

> **“ကျွန်တော်အခုလို ကန်ပတ်ကာ လမ်းလျှောက်ပြီး ဝမ်းနည်းစရာတစ်ခုကြုံခဲ့တယ်။ ဒါကတော့ အမှိုက်တွေ နေရာတိုင်းမှာ ပွနေတာပဲ။ စားသောက်ပြီး လွှတ်ပစ်တာတွေကလည်း အများကြီး။ စည်းကမ်းမဲ့လုပ်နေကြတာ။ ကိုယ့်မှာတာဝန်ရှိတာကို မသိကြတော့ဘူး ထင်ပါရဲ့။ ကိုယ့်ရဲ့ အဆင်ပြေမှုတစ်ခုပဲကြည့်ပြီး လုပ်ချင်သလို လုပ်ခဲ့တာ။ တစ်ခုတော့ရှိတယ်။ ကန်ပတ်လည်မှာ အမှိုက်ပုံးတစ်လုံးမှ မတွေ့ရဘူး။ အမှိုက်ပုံးတွေထားဖို့က သက်ဆိုင်ရာဌာနတွေမှာ တာဝန်ရှိတယ်။ အခုတော့ အမှိုက်ပုံးမချတဲ့သူနဲ့ အမှိုက်တွေကို စည်းကမ်းမဲ့ ပစ်တဲ့ သူတွေ ပေါင်းလိုက်တော့ အကျည်းတန်မှုတစ်ရပ် ဖြစ်လာတာ”**

ညစာကို ပုသိမ်မြို့ခံတွေက ကျွေးတယ်။ ညစာစားပြီး ကမ်းနားဘက် သွားခဲ့တယ်။ စားသောက်ဆိုင်တွေက စုံနေတာပဲ။ မြစ်ကမ်းနားမို့ လေကောင်းလေသန့်ရှူတယ်။ ဒါပေမယ့် တချို့နေရာတွေမှာ မီးတွေမှောင်နေတယ်။ အမှန်တော့ ဒီလိုနေရာမျိုးမှာ မီးတွေထိန်လင်းနေသင့်တာ။ ဒါမှလည်း လုံခြုံမှုရှိမှာ။ ဈေးတန်းနံဘေးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ခဲ့တယ်။

### ကြည်နူးမိပြန်

နောက်တစ်နေ့မနက်စောစောထပြီး လမ်းလျှောက်ဖြစ်တယ်။ လေ့ကျင့်ခန်းလုပ်တဲ့ သူတွေရှိနေသလို စာကျက်တဲ့သူတွေလည်း ရှိတယ်။ ဟိုတယ်မှာ နံနက်စာစားတော့ ဆရာဦးတင်ဇံကျော်နဲ့ဆုံတယ်။ ဟောပြောပွဲကို ကျွန်တော်တို့နှစ်ဦး ပူးတွဲလုပ်ဖို့ စီစဉ်ထားတာ။ သူက မန္တလေးကတစ်ဆင့် ညတွင်းချင်း ရောက်အောင်လာခဲ့တာ။

ပွဲက ၉ နာရီမှာ စပေမယ့် ကျွန်တော်က ၈ နာရီလောက်ကို ကြိုတင်သွားခဲ့တယ်။ တစ်ဝင်းတည်းမှာရှိတော့ အဆင်ပြေလှတယ်။ ခန်းမထဲမှာ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းက ကျွန်တော်ကို စောင့်နေတာ။ သူက ကျန်းမာရေးဝန်ကြီးဌာနတုန်းက ကျွန်တော့်ဦးစီးဌာနမှာပဲ။ နောက်တော့ အဲဒီဌာနမှာပဲ ညွှန်ချုပ်ဖြစ်ခဲ့တယ်။ အခုတော့ ဝန်ကြီးဖြစ်နေပြီ။ ဝမ်းသာစရာပဲ။ ဟောပြောပွဲ မတက်နိုင်တဲ့ အကြောင်းလာပြောတာ။ ငွေဆောင်ကို ခရီးထွက်ရမှာမို့ ကျွန်တော့်ကို နှုတ်ဆက်ပြီးသွားခဲ့တာ။ အခုလို အလိုက်သိတဲ့ တပည့်နဲ့ တွေ့ရပြန်တော့ ကြည်နူးမိပြန်တယ်။

### အားလုံးဟာအလုပ်တွေပဲ

ဟောပြောပွဲကို နှစ်ပိုင်းခွဲပြီးလုပ်တာ။ ပထမပိုင်းမှာ ကျွန်တော်က ဆွေးနွေးပြီး ဒုတိယပိုင်းမှာ ဦးတင်ဇံကျော်က ဟောမှာ။ ပရိသတ်တွေထဲမှာ တိုင်းဒေသကြီး လွှတ်တော်က အမတ်တွေ တွေ့ရတယ်။ အခုလို သူတို့တက်ရောက်တာကို ကြိုဆိုမိတယ်။ တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးက အစိုးရကိုယ်စား တက်ရောက်ခဲ့တယ်။

ကျွန်တော်တို့ နှစ်ယောက် ဟောပြောပွဲရဲ့ခေါင်းစဉ်က " Doing Business Differently " အလုပ်တွေကို ပုံစံပြောင်းပြီး ဆောင်ရွက်ခြင်း။ Business လို့ ပြောရင် ယေဘုယျအားဖြင့် စီးပွားရေးလို့ အဓိပ္ပာယ်သက်ရောက်ပေမယ့် အခုတော့ အလုပ်ကို ရည်ညွှန်းတာဖြစ်တယ်။ စီးပွားရေးလုပ်လုပ်၊ နိုင်ငံရေးလုပ်လုပ်၊ လူမှုရေး လုပ်လုပ်၊ ပညာရေးလုပ်လုပ် အားလုံးဟာ အလုပ်တွေပဲဖြစ်တယ်။

ခေါင်းစဉ်ရဲ့ အနှစ်သာရက မုန့်ဟင်းခါးရောင်းနေတဲ့သူကို အုန်းနို့ခေါက်ဆွဲ ရောင်းဖို့ တိုက်တွန်းတာ မဟုတ်ဘဲ မုန့်ဟင်းခါးကို အရင်ပုံစံနဲ့ မရောင်းဘဲ အသွင် ပြောင်းပြီး ရောင်းဖို့ တိုက်တွန်းခဲ့တာ ဖြစ်တယ်။ အမှန်တော့ လက်ရှိအခြေအနေကို ရောင့်ရဲတင်းတိမ်နေတာမဟုတ်။ ပိုပြီးကောင်းအောင်၊ ပိုပြီးအောင်မြင်အောင် ကြိုးစားနေဖို့လိုတာ။ ကျွန်တော်က ပေးချင်တဲ့အကြောင်းအချက်တွေကို တတ်နိုင်သမျှပြည့်စုံအောင် တင်ပြခဲ့ပါတယ်။

### အခွင့်အရေးတစ်ရပ်

ပြောပြီးချိန်မှာ မေးခွန်းတွေ မေးစေပါတယ်။ တက်ရောက်လာတဲ့ လွှတ်တော် အမတ်တွေက မေးခွန်းတွေမေးကြတော့ အားရကျေနပ်မိတယ်။ ကျေးဇူးလည်း တင်ရပါတယ်။ နိုင်ငံရေးခေါင်းဆောင်တွေ အခုလိုစိတ်ဝင်တစား သိချင်တာရှိတာကို ကြိုဆိုမိပါတယ်။ ကျွန်တော့်အနေနဲ့ အတတ်နိုင်ဆုံး ဖြေဆိုခဲ့တယ်။ အခုလိုအပြန် အလှန် ဆွေးနွေးခွင့်ရတာက အခွင့်အရေးတစ်ရပ်ပါ။ အခုဆို ရန်ကုန်မှာ တစ်ကြိမ်၊ ပုသိမ်မှာတစ်ကြိမ် နှစ်ကြိမ်လုပ်ဖြစ်သွားပြီ။ မန္တလေးနဲ့ တောင်ကြီးမှာလုပ်ဖို့ စီစဉ်ထားတယ်။ ကျွန်တော့်ကို လူတွေက မေးကြတယ်။ ဘာကြောင့်အပင်ပန်းခံပြီး လုပ်နေတာလဲလို့။ ပင်ပန်းတာတော့ အမှန်ပါပဲ။ အချိန်ယူပြီး ပြင်ဆင်ရတယ်။ ပရိသတ်တွေစိတ်ဝင်စားအောင် ကြိုးစားရတယ်။ တင်ပြမှုတွေ ပြည့်စုံလုံခြုံအောင် လုပ်ရတယ်။ ဒါပေမယ့် ကျွန်တော့်အတွက် ပင်ပန်းတယ်လို့ မမြင်မိဘူး။ ကိုယ်လုပ်ချင်တဲ့၊ ကိုယ်ဝါသနာပါတဲ့ အလုပ်တစ်ခုလုပ်နေရတာကိုပဲ ကျေနပ်နေမိတာ။ ကိုယ့်ရဲ့တင်ပြချက်တွေကို လက်ခံတဲ့ ပရိသတ်တွေ၊ ဟောပြောပွဲ လုပ်ဖြစ်အောင် အကူအညီ အထောက်အပံ့ပေးသူတွေ ရှိနေသရွေ့ ဆက်ပြီးလုပ်မှာပါ။

ဟောပြောမှုနဲ့ ပတ်သက်လာရင် အငြိမ်းစားယူခြင်းရှိမှာ မဟုတ်ပါဘူး။ ကိုယ့်အနေနဲ့ လှုပ်ရှားနိုင်သရွေ့၊ ပြောဆိုနိုင်သရွေ့ လုပ်ပေးမှာ။ ကိုယ့်လေ့လာမှုကို ဖြန့်ဝေပေးနိုင်တာဟာ ပညာဒါနလုပ်ပေးနိုင်ခြင်းဖြစ်တယ်။ စေတနာရှေ့ထားပြီး လုပ်ရတဲ့ အလုပ်မို့ ကုသိုလ်ရတဲ့အလုပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ လူငယ်တွေကို အတွေးအမြင် ပြောင်းစေချင်တယ်။ ရှင်သန်တဲ့၊ ထက်မြက်တဲ့သူတွေ ဖြစ်စေချင် တယ်။ လူငယ်တွေကို အားယူပြီး နိုင်ငံရဲ့တိုးတက်မှုကို ဖန်တီးရမှာသာ ဖြစ်ပါတယ်။ ။

---

# ကချင်ပြည်နယ်တွင် ပထမဆုံးအကြိမ် ကျောက်စိမ်းစေတီ တည်ထားကိုးကွယ်မည်

**မိုးညှင်း ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ လွဲခမ်းတောင်ခြေအနီး ရှေးဟောင်းတောရကျောင်း တောင်ထိပ်တွင် ကချင်ပြည်နယ်၌ ပထမဆုံးအကြိမ် တည်ထားကိုးကွယ်မည့် ကျောက်စိမ်းစေတီ မြေနေရာကို စုပေါင်းရှင်းလင်း၍ မြေသန့်အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ပြီး ကျောက်စိမ်းစေတီတော် ဖြစ်မြောက်ရေးအတွက် စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းပိုင်းရှိ မော်ဟန်လွဲခမ်းတောင် အန္တရာယ်ကွေ့နှင့် ပေ ၁၂၀၀၀ ကျော်ခန့်အကွာ အရှေ့ဘက်တောင်ခြေမှ အမြင့်ပေ ၄၀၀ ခန့်ရှိ ရှေးဟောင်းတောရကျောင်း တောင်ကုန်းမြေနေရာတွင် အန္တရာယ်ကင်း ကျောက်စိမ်းစေတီတော်ကို တည်ထားကိုးကွယ်နိုင်ရန်အတွက် မော်ပင့်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ကြီးမှူး၍ မြေနေရာ ရှင်းလင်းချဲ့ထွင်ခြင်းလုပ်ငန်းကို နိုဝင်ဘာလ တတိယပတ်ကစတင်၍ စက်ယန္တရားများဖြင့် လုပ်အားဒါန ပေးလှူကြသူများက ကျောက်စိမ်းစေတီတော် တည်မည့် မြေပြန့်အကျယ် တစ်ဧကကို စုပေါင်းရှင်းလင်းခဲ့ကြောင်း၊ အဆိုပါ ကျောက်စိမ်းစေတီတော်ကို ကချင်ပြည်နယ်တွင် ပထမအကြိမ် စတင်တည်ထားကိုးကွယ်မည်ဖြစ်ပြီး စေတီတော်တည်ထားမည့် အရွယ်အစား ပုံသဏ္ဌာန်နှင့် ပမာဏတို့ကို သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်သံဃနာယကထံသို့ တင်ပြခဲ့ပြီး သာသနာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်၍ ခွင့်ပြုချက်များကို ရယူကာ မကြာမီ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းကျောက်စိမ်းစေတီတော်ကို တည်ထားကိုးကွယ်နိုင်ရန်အတွက် အရည်အသွေးပြည့်မီသော ကျောက်စိမ်းအရိုင်းတုံးများ၊ ကျောက်စိမ်းဖြတ်စများကို မော်ဟန်ကျောက်မျက်လုပ်ငန်းရှင်များက လှူဒါန်းမည်ဖြစ်ပြီး ဖားကန့်ကျောက်မျက်လုပ်ငန်းရှင်ကုမ္ပဏီများကလည်း လိုအပ်သည်များကို ပံ့ပိုးလှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။ **၀၇၈**



---

# အွန်လိုင်းခရီးသွားဝန်ဆောင်မှု မြှင့်တင်မိတ်ဆက်ပွဲ မုံရွာမြို့၌ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် အွန်လိုင်း ခရီးသွားဝန်ဆောင်မှုမြှင့်တင်မိတ်ဆက်ပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲလာသည့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းကို တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ သိရှိစေရန်၊ သမားရိုးကျခရီးသွားလုပ်ငန်းများ လုပ်ဆောင်နေရာမှ လျင်မြန် မြန်ဆန်သည့် အွန်လိုင်းမှတစ်ဆင့် လုပ်ဆောင်ရသည့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကို ခရီးသွား ပြည်သူများ သိရှိစေရန်နှင့် အလွယ်တကူ အသုံးချနိုင်ရန် မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

“လူတွေစိတ်ဝင်စားစရာကောင်းတဲ့ ခရီးသွားနေရာတွေကို ကြည့်လိုက်တဲ့အခါမှာ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် ဇလုံတောင်ကို စတွေ့ပါတယ်။ သဘာဝအလျောက်ဖြစ်နေတဲ့ ဆွဲဆောင်မှုနေရာ ဖြစ်နေပါတယ်။ အဲဒီနေရာကိုလည်း ပြည်တွင်းက ခရီးသွားတွေ၊ ပြည်ပခရီးသွားတွေကို အခုထက်ပိုပြီး သိစေချင်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သဘာဝအရ ဖြစ်တည်နေတဲ့ ခရီးသွားလာလို့ ကောင်းမွန်တဲ့နေရာတွေကို နည်းပညာအကူအညီနဲ့ မိတ်ဆက်ပေးသွားမှာပါ ”ဟု ခရီးသွားဝန်ဆောင်မှု မိတ်ဆက်ပွဲကို ဦးစီးကျင်းပသည့် Oway Travel & Tour Company Limited မှ ဈေးကွက်ရှာဖွေရေးအဖွဲ့ခေါင်းဆောင် ဦးသော်ဇင်က ပြောသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးစီးပြီး တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စစ်ကိုင်း၊ မုံရွာ၊ ကသာ၊ ကလေး၊ ခန္တီး၊ ရွှေဘို စသည့် ခရီးသွားဇုန်များ ဖော်ဆောင်ကာ လုပ်ဆောင်လျက်ရှိရာ ပြင်ပခရီးသွား ကုမ္ပဏီများကလည်း ယခုကဲ့သို့ နည်းပညာအကူအညီများဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## လိုင်လင်းပီမြို့၌ မရာဇံဝေလီအသင်းတော်ဘုရားကျောင်းဖွင့်

**လိုင်လင်းပီ ဒီဇင်ဘာ ၂**

ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ် လိုင်လင်းပီမြို့၌ မရာဇံဝေလီအသင်းတော် ဘုရားကျောင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်က အဆိုပါဘုရားကျောင်း ရှေ့၌ ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် U Au Za က အမှာစကားပြောကြား၍ Rev.Dr.Zo Dong က အဖွင့်ဆုတောင်းပြီး Rev.Dr.LB.Sia Ma နှင့် Rev.Satu Ve U တို့က အသင်းတော်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ဘုရားကျောင်းကို လိုင်လင်းပီမြို့နေပြည်သူများ၏ အလှူငွေများဖြင့် ဘာသာရေးအကြီးအကဲများ၊ သင်းထောက်များက ကြီးကြပ်၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကမ္ဘောဇဘဏ်အား Financial Times မှ Bank of the Year in Myanmar 2018 ဆု ခြောက်နှစ်ဆက်ပေးအပ်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times မှ ပြုလုပ်သည့် ၂၀၁၈ ခုနှစ်အတွက် နိုင်ငံအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဘဏ်ဆု "Bank of the Year Awards 2018"ဆု ချီးမြှင့်ပွဲတွင် ကမ္ဘောဇဘဏ်လီမိတက်က မြန်မာနိုင်ငံ အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံးနှင့် အအောင်မြင်ဆုံး ဘဏ်ဆု "Bank of the Year in Myanmar 2018"ကို ဆဋ္ဌမအကြိမ်မြောက် ခြောက်နှစ်ဆက် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်္ဂလန် နိုင်ငံ လန်ဒန်မြို့ရှိ Sheraton Grand London Park Lane Hotel ခန်းမ၌ ပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်အတွက် နိုင်ငံအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှု အကောင်းဆုံးဆုများ ချီးမြှင့်ရာ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်နှင့်အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ China Construction Bank ၊ ဂျပန်နိုင်ငံမှ Mitsubishi UFJ Financial Group ၊ အမေရိကန်နိုင်ငံမှ Bank of America ၊ အင်္ဂလန်နိုင်ငံမှ Lloyds Banking Group အပါအဝင် နိုင်ငံပေါင်း ၁၄၁ နိုင်ငံ၏ သက်ဆိုင်ရာ ဘဏ်အဖွဲ့အစည်းများလည်း ဆုများအသီးသီးရရှိခဲ့ကြသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ Global Bank of the Year 2018 ဆုကို စင်ကာပူနိုင်ငံမှ DBS Bank ရရှိခဲ့ ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲသို့ နိုင်ငံအလိုက် ဆုရရှိသည့် ဘဏ်အဖွဲ့အစည်းများမှ နာယကများ၊ ဥက္ကဋ္ဌများ၊ CEO များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ အတွက် "Bank of the Year in Myanmar 2018" ဆုကို ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်းက တက်ရောက်လက်ခံရယူခဲ့သည်။

ကမ္ဘောဇဘဏ်သည် ယခုနှစ်အတွင်း KBZPay ကဲ့သို့သော ကမ္ဘာ့အဆင့် Digital Banking Application ကို နည်းပညာအသစ်များဖြင့် မိတ်ဆက်ပေးနိုင်ခဲ့သည့်အပြင် နိုင်ငံ၏ဘဏ္ဍာရေးနယ်ပယ်တွင် အဓိကဦးဆောင်သူဖြစ်သည့်အတွက် ဆဋ္ဌမအကြိမ်မြောက် ခြောက်နှစ်ဆက် နိုင်ငံအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည် အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဘဏ်ဆု ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**





## အော်ဂဲနစ်လက်ဖက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေး သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းသင်တန်းဖွင့်

**သီပေါ ဒီဇင်ဘာ ၂**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းတို့ ပူးပေါင်းလျက် အော်ဂဲနစ်လက်ဖက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် အော်ဂဲနစ်အီးအမ်ဘိုကာရှီ သဘာဝဓာတ်မြေသြဇာပြုလုပ်သုံးစွဲနည်းသင်တန်းကို နိုဝင်ဘာလ နောက်ဆုံးပတ်က ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် လွယ်ကုန်း ရွာခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အစားအသောက် ဘေးကင်းလုံခြုံရေးအတွက် အော်ဂဲနစ်သဘာဝမြေသြဇာများ တွင်ကျယ်စွာ ပြုလုပ်သုံးစွဲလာစေရန်၊ လက်ဖက် သီးနှံကို နိုင်ငံခြားပို့ကုန် အော်ဂဲနစ်သီးနှံအနေဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး ဖြစ်လာစေရန်တို့ကို ဆွေးနွေးတင်ပြသည်။

အဆိုပါသင်တန်းသို့ လက်ဖက်အသင်းကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ လက်ဖက်အသင်းဝင်များ၊ မြို့မိမြို့ဖများ၊ လက်ဖက်တောင်သူများ တက်ရောက် ကြပြီး သင်တန်းသား ၇၅ ဦးတို့က အော်ဂဲနစ်သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်း ပညာပေး လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရော်ဘာဈေးနှုန်း တိုးမြင့်မလာ၍ ရော်ဘာခြံရှင်များ ရော်ဘာလုပ်ငန်းအပေါ် စိတ်ဝင်စားမှု နည်းပါးလာ

**မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ ရော်ဘာခြံရှင်များသည် ရော်ဘာပြားများ ထုတ်လုပ်ရောင်းချရာတွင် ယခုနှစ် ရော်ဘာရာသီ ဈေးနှုန်းဖွင့်ချိန် အောက်တိုဘာလမှ စတင်၍ ဝယ်ယူသည့် ရော်ဘာမှိုင်းကျ တစ်ပေါင် ငွေကျပ် ၈၂၀ နှုန်းထက် တိုးမြင့်မလာဘဲ တဖြည်းဖြည်း ဈေးနှုန်းကျဆင်းနေသည့်အတွက် ရော်ဘာခြံရှင်များသည် ရော်ဘာ ပြားများကို ရော်ဘာကုန်ချောအဖြစ် မှိုင်းမခံ(မှိုင်းကျမပြုလုပ်တော့ဘဲ) နေလှန်းအဖြစ်သာ ရောင်းချနေကြကြောင်း သိရသည်။**

သုဝဏ္ဏဝတီမြို့ရှိ လက်ရှိဝယ်ယူနေသော အဝယ်ဒိုင်များတွင် ရော်ဘာ မှိုင်းကျ တစ်ပေါင်လျှင် ငွေကျပ် ၇၈၀ ဖြင့် ဝယ်ယူနေသော်လည်း နေလွတ် ပြားထက် နေလှန်းပြား၊ အဆုပ်တုံး၊ ခေးစာများကိုသာ အများဆုံး ဝယ်ယူနေရကြောင်း၊ တစ်နေ့လျှင်ပေါင်တစ်သောင်း ခွဲခန့် ဝယ်ယူရရှိကြောင်း သိမ်ဆိပ် ရပ်ကွက်မှ ရော်ဘာရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောသည်။

"မှိုင်းမတင်တော့ဘူး။ မှိုင်းကျဈေးနဲ့ နေလှန်းဈေးက သိပ်မကွာတော့ နေလှန်းပြားပဲ ရောင်းတော့တယ်။ ဈေးမကောင်းတော့ အလုပ်ရှုပ်မခံ တော့ဘူး။ ရသလောက်ပဲ ရောင်းလိုက်တယ်"ဟု ဝင်းပကျေးရွာမှ ရော်ဘာခြံရှင်ဖြစ်သူ ဦးကျောက်ခဲက ပြောသည်။

### ရွှေဖြူဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြ

၂၀၁၀ ပြည့်နှစ်လွန် ကာလက မြန်မာနိုင်ငံတွင် ရော်ဘာစိုက်တောင်သူများအနေဖြင့် ရွှေရောင်လွှမ်းခဲ့သည်ဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်က တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်တောင်သူများ၏ မိသားစုဘဝ၊ စားဝတ်နေရေးအတွက် အဆင်ပြေစေသောကာလ ဖြစ်ခဲ့သည်။ ရော်ဘာဈေးနှုန်း ကောင်းမွန်စွာ ရရှိသောကြောင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းကို တစ်နိုင်ငံလုံးနီးပါး လွှမ်းခြုံစိုက်ပျိုးခဲ့ကြပြီး "ရိုးမကို ရွှေဖြူလွှမ်း ရမည်" ဆောင်ပုဒ်အတိုင်း ရော်ဘာကို ရွှေဖြူဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ယခုအခါ တစ်နိုင်တစ်ပိုင် ရော်ဘာခြံရှင်များသည် စတင်စိုက်ပျိုး၊ ခြံရှင်းထွင်မှုစ၍ သက်တမ်းခြောက်နှစ်မှ ခုနစ်နှစ်၊ ရှစ်နှစ်အထိ ပြုစုပျိုးထောင်၍ ငွေကြေး၊ လူအပင်ပန်းခံ၊ အကုန်အကျခံခဲ့ရသော ရော်ဘာခြံသည် အစေးခြစ်ရာသီကာလရောက်သည့်အခါ ရရှိလာမည့် ရော်ဘာဈေးနှုန်း၊ အလုပ်သမားရှားပါးမှု၊ တိုးမြင့်လာသည့် အလုပ်သမားကုန်ကျစရိတ်များနှင့် လိုက်လျောညီထွေမရှိသည့်အတွက် လည်းကောင်း၊ ထုတ်လုပ်လိုက်သည့် ရော်ဘာအရည်အသွေးမှာလည်း ယခင်နှစ်များစွာကတည်းက လုပ်ကိုင်လာခဲ့သည့် သမားရိုးကျ နည်းလမ်းအတိုင်း ရော်ဘာစေး ခြစ်၊ ခဲ၊ ကြိတ်၊ နေပူလှန်း၊ မှိုင်းတင်ခြင်း ပြုလုပ်သော်လည်း အရည်အသွေးမမီ၍ ဈေးကွက်မကောင်း၊ ဈေးကောင်းမရရှိသောကြောင့် ဖြစ်သည်။

ယခင်က ရော်ဘာအစ မြန်မာပြည်တောင်ပိုင်းကဆိုရမည့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် စီးပွားဖြစ် စတင်စိုက်ပျိုးလာခဲ့ကြောင်း သိရသည်။

### နိုင်ငံခြားပို့ကုန် ရော်ဘာ

ရော်ဘာဈေး ကောင်းမွန်သည့် အချိန်က မြေလွတ်၊ မြေရိုင်းများသာမက လယ်ယာမြေပြန့်၊ တောင်ပေါ်ဒေသ တောင်ကုန်းများပါမချန် မူရင်းလက်ရှိအပင်များကို ခုတ်လှဲ၊ မီးရှို့၍ ရော်ဘာပင်များကို မျိုးကောင်းမျိုးသန့် မခွဲခြားဘဲ စိုက်ပျိုးခဲ့ရာ တချို့လယ်သမားများသည် လယ်ယာမြေများကိုပင် ရောင်းချ၍ ရော်ဘာခြံအလုပ်သို့ ကူးပြောင်းလုပ်ကိုင်သူများပင်ရှိသကဲ့သို့ ရော်ဘာခြံလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အောင်မြင်ပြီး မွန်ပြည်နယ်၏ အကြီးဆုံးဖြစ်သော နိုင်ငံခြားပို့ကုန်အဖြစ် ထင်ရှားခဲ့သည်။ အမြင့်ဆုံးအဖြစ် ရော်ဘာမှိုင်းကျ တစ်ပေါင် ငွေကျပ် ၁၂၀၀ ကျော်အထိ ယခင်က ရရှိခဲ့ကြောင်း သိရသည်။



ရော်ဘာထုတ်လုပ်မှု လုပ်ငန်းခွင်ကို တွေ့ရစဉ်။

### ရော်ဘာဈေးကျဆင်း

လက်ရှိရော်ဘာဈေးကွက် အနေအထားအရ တစ်နိုင်တစ်ပိုင် ရော်ဘာခြံရှင်များသည် ဈေးနှုန်းကျဆင်းခြင်း၊ ကုန်ကျစရိတ်နှင့် အလုပ်သမားလစာများ၊ အချိုးမကျ ညီမျှမှုမရှိခြင်း၊ အလုပ်သမားရှားပါးမှုကြောင့် ကွက်ပြည့် (အပင်အားလုံး)မခြစ်နိုင်ခြင်း၊ ရော်ဘာပြားထွက်ရှိမှု လျော့နည်းလာခြင်း၊ ရော်ဘာဈေးနှုန်း တည်ငြိမ်မှုမရှိဘဲ တစ်နေ့ထက်တစ်နေ့ ဈေးနှုန်းကျဆင်းခြင်း၊ ရောင်းချရာတွင် ရော်ဘာပြားကို မှိုင်းတင်အခြောက်ခံ ကုန်ချောအဖြစ် မထုတ်လုပ်တော့ဘဲ ရော်ဘာပြားကြိတ်ပြီး နေလှန်း၍ တစ်နေလှန်း၊ နှစ်နေလှန်း၊ နေလွတ် (တစ်ပတ်ခန့် အခြောက်ခံ) များကိုသာ ရောင်းချနေကြသောကြောင့် ဝယ်ယူသူက အစို၊ အခြောက်၊ အထူ၊ အပါး အရည်အသွေးကြည့် ဈေးဖြတ်ဝယ်ယူရသောကြောင့် ရရှိသော ရော်ဘာဈေးနှုန်းများ မတူကြပေ။ (ဥပမာ) ရော်ဘာမှိုင်းကျ တစ်ပေါင် ငွေကျပ် ၇၈၀၊ နေလွတ် (အခြောက်) ငွေကျပ် ၇၆၀ ရရှိမည်ဆိုလျှင် နေလှန်းပြားမှာ ၆၈၀ မှ ၇၄၀ခန့်သာရရှိ၍ အထူ၊ အပါး၊ အစို၊ အခြောက်အပေါ် မူတည်ပြီး ၇၀၀ အောက်သာရရှိသည်။

ရော်ဘာစိုက်တောင်သူ အများစု အဓိက တွေ့ကြုံနေရသည်မှာ စတင်စိုက်ပျိုးစဉ်ကာလ ရော်ဘာပျိုးပင်များ ဝယ်ယူရာတွင် ပျိုးပင်အမျိုးအစားများ များပြားပြီး မိမိစိုက်ပျိုးမည့်ပျိုးပင်ကို ရွေးချယ်နိုင်မှု အားနည်းခြင်း၊ ဈေးသက်သာသော ရော်ဘာပျိုးပင်ကိုသာ ဝယ်ယူစိုက်ပျိုးခြင်း၊ မျိုးကောင်းပျိုးသန့်အပင်များဟု ဆိုသဖြင့် ဈေးကြီးပေးဝယ်ယူ စိုက်ပျိုးရာတွင်လည်း မျိုးစေ့မမှန် အပင်မသန်၍ ရော်ဘာစေးအထွက်နှုန်း နည်းခြင်း၊ ရော်ဘာအစေးခြစ်ယူရန် အချိန်ကာလ ခုနစ်နှစ်၊ ရှစ်နှစ်အတွင်း ခြံပြုပြင် ကုန်ကျစရိတ်များရှိကြောင်း သိရသည်။

ထို့အပြင် အရင်းအနှီးများစွာ ကုန်ကျသော်လည်း မျှော်မှန်းသလောက် ရော်ဘာအစေး မထွက်သည့်အပြင် ဈေးနှုန်းကောင်းစွာ မရရှိသည့်အတွက် အလုပ်သမားတောင်းဆိုသည့် လုပ်ခလစာမပေးနိုင် ၍ ကျွမ်းကျင်အလုပ်သမားရှားပါးခြင်း၊ ရရှိသော အလုပ်သမားများမှာလည်း မကျွမ်းကျင်ခြင်းတို့ကြောင့် ရော်ဘာခြစ်ရာတွင် အပင်ပေါက်၍ ရေရှည်မခြစ်နိုင်ဘဲ အပင်သေခြင်းများနှင့် ကြုံတွေ့နေရသည်။

ရရှိသည့် ဝင်ငွေ၊ ထွက်ငွေ မမျှတသောကြောင့် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းကို စိတ်ဝင်စားမှု နည်းပါးလာကြောင်း၊ တချို့ခြံရှင်များသည် ရော်ဘာအစေးထွက် မကောင်းသည့် ခြံများကို ရော်ဘာထင်း အဖြစ်သာ ခုတ်လှဲရောင်းချနေကြကြောင်း သထုံမြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် ရော်ဘာခြံလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

**ခွန်(ဝင်းပ)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လမ်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါ စက်၊ ယန္တရား (၁)မျိုးကို မြန်မာကျပ်ငွေဖြင့် ဌာနကိုဒေါင်အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | Country of Origin | မှတ်ချက် |
|---|---|---|---|---|
| ၁။ | Blow Patcher ($6m^3$) | 2Units | UK, Germany, Italy, USA, Poland | 1 Lot |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁၂-၂၀၁၈ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၇-၁-၂၀၁၉ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ**
**စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ ရုံးအမှတ် ၁၁၀င်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၀၉-၄၂၈၆၁၁၆၂၉၊ ၀၉-၅၅၀၁၈၉၀၊ ၀၉-၄၅၂၉၄၀၀၉၉**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး
## ရခိုင်ပြည်နယ်၊ စစ်တွေမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။
(က) စပါးအခြောက်ခံစက်(၂၀)လုံး မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃-၁၂-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၂-၂၀၁၈ရက်၊ညနေ ၄း၃၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်ဦးစီးမှူးရုံးသို့ စုံစမ်းနိုင်ပါသည်။
၄။ တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။
၅။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပြည်နယ်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၂၁၉၈၊ ၀၄၃-၂၂၉၀၂**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အဆင့်မြင့်ပညာဦးစီးဌာန(ရုံးချုပ်)နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(1) Non Control Item
(2) Machinery & Equipment (Air Cond., LCD Projector, Generator, Pump etc.)
(3) Office Equipment (Computer and accessories, Copier etc.)
(4) Furniture (Combined Desk, Steel Cabinet etc.)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၁၂-၂၀၁၈ရက်တွင် ဤဦးစီးဌာန အင်ဂျင်နီယာဌာနတွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၇-၁-၂၀၁၉ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ အဆင့်မြင့်ပညာဦးစီးဌာန(ရုံးချုပ်)၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)အနီး၊ အုပ်ချုပ်မှု (၃)ထပ်ရုံးအဆောက်အအုံ၊ နေပြည်တော်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၇၂၅၊ ၀၆၇-၃၄၀၇၇၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**အဆင့်မြင့်ပညာဦးစီးဌာန**

---

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါ တည်ဆောက်ရေးလုပ်ငန်းများအား ထည့်သွင်းခွင့်ပြုထားပြီးဖြစ်ပါသည်-
(က) ကရင်ပြည်နယ်ဦးစီးမှူးရုံး(၆၀×၄၀×၂၈)ပေ၊ RCC (၂) ထပ် သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီးအပါအဝင်ဆောက်လုပ်ခြင်းလုပ်ငန်း
(ခ) မြဝတီခရိုင်ရုံးဝန်ထမ်းအိမ်ရာ (၃)ခန်းတွဲ (၇၅×၄၀×၃၆)၊ RCC (၂)ထပ် သွပ်မိုး၊
ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီးအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း
၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၈ရက်မှ ၃-၁-၂၀၁၉ ရက်ထိ
(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၃-၁-၂၀၁၉ရက် ညနေ ၄ နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၂၄၅၁တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့်စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
**တင်ဒါပိတ်မည့်ရက်** - ၆-၁၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - မွန်းလွဲ ၂း၀၀နာရီ
ပစ္စည်းစီမံရေးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်
၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee .gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉ ၊ ၄၁၀၂၈၂**

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables)များနှင့် အောက်ဆီဂျင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁-၂၀၁၉ရက် (ညနေ ၄း၀၀နာရီ)
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် သီးနှံကာကွယ်ရေးဌာနခွဲ(ရန်ကုန်)တွင် ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ (၂)ထပ် RC အဆောက်အအုံ (၁၀၀'×၄၅'×၃၀') ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
(က) **အိတ်ဖွင့်တင်ဒါရောင်းချမည့် ရက်နှင့်ပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၈ မှ ၂၈-၁၂-၂၀၁၈ ရက်ထိ
(ခ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်** - ၇-၁-၂၀၁၉ ရက်
(ဂ) **နေရာ** - သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)၊ ဘုရင့်နောင်လမ်းမကြီး အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
(ဃ) **ဆက်သွယ်ရန်ဖုန်း** - ၀၁-၆၄၀၉၈၄၊ ၀၆၇-၄၁၀၄၉၁
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အထက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ကချင်ပြည်နယ်-မြစ်ကြီးနားမြို့
### စက်မှုကုန်ကြမ်း (သာမန်)သစ်မာသစ်လုံးများ
### ဒေသအိတ်ဖွင့်လေလံကြော်ငြာအမှတ်- ၀၁/၂၀၁၈-၂၀၁၉

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ နန့်စီးအောင်သစ်ဆိပ်ရှိ သာမန်/သစ်မာသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း ဒေသအိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
(က) **ရောင်းချမည့် ရက်နှင့်အချိန်** - ၂၄-၁၂-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀နာရီ
(ခ) **ရောင်းချမည့် အမျိုးအစားနှင့်တန်** - (သာမန်)သစ်မာသစ်လုံး (၂၅၈.၂၂၆)တန်
(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့
၂။ ဒေသအိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်းပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန (ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း၏ Website ဖြစ်သော www.myanma timber Com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဒေသအိတ်ဖွင့်လေလံရောင်းချရေးကော်မတီ၊**
**မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်း
## ရွှေပညာဒါန(အခမဲ့)သင်တန်းဖွင့်လှစ်ခြင်း (၃/၂၀၁၈)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်းမှ ရွှေပညာဒါန (အခမဲ့) သင်တန်းဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ်(၄၂/၅၀) ပထမထပ်၊ ရွှေဘုံသာ(အောက်)လမ်းရှိ အသင်းရုံးတွင် သင်တန်းတက်ရောက်ခွင့်ပုံစံကို (အခမဲ့)တောင်းယူဖြည့်စွက်ပြီး ဓာတ်ပုံ(၃)ပုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလမှာ ၈-၁၂-၂၀၁၈ ရက်မှ ၁၇-၁၂-၂၀၁၈ရက်ထိ (၁၀)ရက်ဖြစ်ပြီး သင်တန်းအချိန်မှာ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖြစ်ပါသည်။ သင်တန်းဖောင်ထုတ်ပေးမည့်ရက်မှာ ၃-၁၂-၂၀၁၈၊ ၄-၁၂-၂၀၁၈၊ ၅-၁၂-၂၀၁၈ရက် နောက်ဆုံးထုတ်ပေးပါမည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၅၀၆၉၉၉၉၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

**သင်တန်းဖြစ်မြောက်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
## ဒုတိယဦးစီးမှူး ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်း ထုတ်ပြန်ခြင်းနှင့်လူတွေ့စစ်ဆေးမည့်ရက်ကြေညာခြင်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၅)နေရာအတွက် ၃-၁၁-၂၀၁၈ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ရေးဖြေစာမေးပွဲ၌ အောင်မြင်သူများ၏ ခုံနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပြီး အောင်မြင်သူများကို ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀နာရီမှစတင်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ၂၁/၂၅၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၌ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းတို့ကို ပြုလုပ်ပါမည်-

| | |
|---|---|
| ခုံအမှတ် -ကမရ | ၁၊ ၂၊ ၃၊ ၈၊ ၁၄၊ ၁၅၊ ၁၆၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၈၊ ၂၉၊ ၃၂ |

၂။ သို့ဖြစ်ပါ၍ လူတွေ့စာမေးပွဲ ဖြေဆိုမည့်သူများသည် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ ၂၆-၁၂-၂၀၁၈ရက် နံနက် ၈း၃၀ နာရီလာရောက်ရန်နှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)၊ အခြားသင်တန်းအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားယူဆောင်၍ ရောက်ရှိကြောင်း အချိန်မီသတင်းပို့ရန် ကြေညာအပ်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၀၁၀၀**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## ပြင်ဦးလွင်မြို့နယ် New Mandalay Resort City စီမံကိန်း
## မြေဧရိယာ ဧက (၁၀၀၀၀)မြေပိုင်ဆိုင်မှုကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂-၈-၂၀၁၆ ရက်စွဲပါ စာအမှတ် ၄၆/၀၀၁-က/အဖရဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်ရှိ New Mandalay Resort City စီမံကိန်းအတွက် မြေဧရိယာဧက(၁၀၀၀၀)အား နိုင်ငံတော်အစိုးရပိုင်မြေအဖြစ် သတ်မှတ်ရန်လိုအပ်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေသိမ်းဆည်းရေးနှင့် မြေလွှဲပြောင်းရယူရေးကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။
၂။ ပြင်ဦးလွင်မြို့နယ်၊ New Mandalay Resort City စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေဧရိယာဧက (၁၀၀၀၀)အား ၂၀၀၆ခုနှစ်တွင် မြေသိမ်းဆည်းခြင်းလုပ်ငန်းများ၊ ဆောင်ရွက်ခဲ့ပြီး မြေသိမ်းဆည်းရာတွင် ပေးလျော်ရမည့်လျော်ကြေးငွေများလည်း ပေးလျော်ခဲ့ပြီးဖြစ်ပါသည်။
၃။ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေသိမ်းအမိန့်ကြော်ငြာစာနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(မြေသိမ်းကော်လိတ္တော်အရာရှိရုံး)တို့၏ မြေသိမ်းအမိန့်ကြော်ငြာစာများဖြင့် အောက်ပါအတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(အစိုးရမြေ) အမည်ပေါက်ရရှိပြီးဖြစ်ပါသည်-

| စဉ် | ဝန်ကြီးဌာန/ဦးစီးဌာန | ရက်စွဲ၊ စာအမှတ် | မြေဧရိယာဧက |
|---|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန | ၂-၁၂-၂၀၁၈ရက်စွဲပါ စာအမှတ်၊ ၃၀၀/ ၁-၅/ဦး ၁(လ/န-၃၉ကျပြီးမြေ) | ၆၆၂ |
| (ခ) | ပြင်ဦးလွင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (မြေသိမ်းကော်လိတ္တော် အရာရှိရုံး) | ၁၅-၁-၂၀၀၉ရက်စွဲပါ စာအမှတ်၊ ၄/၃၁- ၄/ဦး ၁ -တောရိုင်းမြေ ၂၂၀၇ ဧက -စိုက်ပျိုးမြေ ၂၉၇ ဧက | ၂၅၀၄ |
| (ဂ) | ပြင်ဦးလွင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (မြေသိမ်းကော်လိတ္တော် အရာရှိရုံး) | ၁၅-၁-၂၀၀၉ ရက်စွဲပါ စာအမှတ်၊ ၄/၃၁- ၄/ဦး ၁ -သစ်တောကြိုးဝိုင်းမြေ | ၆၈၃၄ |
| | **စုစုပေါင်း** | **မြေဧရိယာ ဧက** | **၁၀၀၀၀** |

၄။ သို့ဖြစ်ပါ၍ ပြင်ဦးလွင်မြို့နယ်New Mandalay Resort City စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သိမ်းဆည်းထားသည့် မြေဧရိယာဧက (၁၀၀၀၀)ပေါ်တွင် ဝင်းခြံခတ်ခြင်း၊ လူနေအိမ်ဆောက်လုပ်ခြင်းများ မပြုလုပ်ကြပါရန်နှင့် (ရောင်းမှား၊ ဝယ်မှား)ဝယ်ယူခြင်းများ မဖြစ်ပေါ်စေရေးနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထိန်းသိမ်းထားသည့် နိုင်ငံတော်အစိုးရပိုင်မြေပေါ်တွင် မည်သူမျှကျူးကျော်ခြင်းမပြုလုပ်ကြပါရန် ထပ်မံသတိပေးကြော်ငြာအပ်ပါသည်။




---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/4448 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ရောဝတီဘဏ်လီမိတက် အကြွေးဝယ်ကတ် ကြွေးငွေပေးသွင်းရန် ကျန်ရှိသူများ သိစေရန်ကြေညာခြင်း

အောက်ပါပုဂ္ဂိုလ်များသည် ၎င်းတို့သုံးစွဲထားသည့်ငွေများနှင့်ပတ်သက်၍ ပေးသွင်းရန် အကြိမ်ကြိမ်ပျက်ကွက်လျက်ရှိသဖြင့် ဧရာဝတီဘဏ်မှအကြိမ်ကြိမ်ဆက်သွယ် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ဧရာဝတီဘဏ်လီမိတက်(ရုံးချုပ်)သို့ လာရောက်ဆွေးနွေးနိုင်ပါကြောင်းနှင့် ပေးသွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။

| စဉ် | ကတ်ကိုင်ဆောင်သူအမည် | အဘအမည် | မှတ်ပုံတင်နံပါတ် | ကတ်နံပါတ် |
|---|---|---|---|---|
| ၁။ | ဒေါ်ထွေးထွေးမိုး | ဦးလှမောင်ကြွယ် | ၁၃/ညရန(နိုင်)၀၀၁၁၆၈ | 6244********7496 |
| ၂။ | ဦးသူအောင်ထွန်း | ဦးမြင့်သိန်း | ၁၂/သကတ(နိုင်)၁၇၉၆၀၁ | 9505********5248 |
| ၃။ | ဦးချမ်းအေးအောင် | ဦးအောင်စိုး | ၁၂/မရက(နိုင်)၁၄၇၁၇၂ | 9505********1539 |
| ၄။ | ဦးဇေယျာထွန်း | ဦးကျော်မြင့် | ၁၂/ပဇတ(နိုင်)၀၃၁၀၆၃ | 9505********2184 |
| ၅။ | ဒေါ်မေသကြိန် | ဦးကျော်ဇော | ၁၂/အစန(နိုင်)၂၀၂၅၀၉ | 9505********1329 |
| ၆။ | ဦးမြတ်သွင် | ဦးငွေးမြင့် | ၁၂/ဥကတ(နိုင်)၀၉၀၁၂၀ | 9505********1024 |
| ၇။ | ဦးဇော်မြင့်ဦး | ဦးမောင်လှ | ၁၁/မဥန(နိုင်)၁၃၂၅၆၀ | 3565********6891 |
| ၈။ | ဦးစည်သူဝင်း | ဦးစိန်ဝင်း | ၁၂/ဒဂန(နိုင်)၀၁၉၃၉၂ | 3565********6656 |
| ၉။ | ဦးသိန်းထိုက်အေး | ဦးအေးမောင် | ၁၂/ဗဟန(နိုင်)၀၀၄၀၇၆ | 9505********4234 |
| ၁၀။ | ဒေါ်ဥမ္မာမော် | ဦးထွန်းရီ | ၁၂/ဒဂန(နိုင်)၀၀၁၂၉၇ | 9505********7914 |
| ၁၁။ | ဦးကျော်နိုင် | ဦးကျော်စိန် | ၁၂/ရကန(နိုင်)၀၁၆၃၆၂ | 9505********8930 |
| ၁၂။ | ဦးအောင်ဇင် | ဦးဝေအောင် | ၁၂/သလန(နိုင်)၁၁၅၉၁၁ | 6244********5319 |
| ၁၃။ | ဦးဝေယံကိုကို | ဦးမြင့်အောင် | ၁၂/စခန(နိုင်)၀၆၅၀၂၂ | 3565********6362 |
| ၁၄။ | ဦးစည်သူ | ဦးကျော်ဦး | ၉/မဟမ(နိုင်)၀၂၉၀၈၈ | 9505********6105 |
| ၁၅။ | ဒေါ်အေးအေးနွယ်ဦး | ဦးဝင်းမြင့် | ၁၂/ရကန(နိုင်)၀၆၈၄၁၂ | 6244********3271 |
| ၁၆။ | ဒေါ်အိအိထွေး | ဦးကျင်မောင် | ၁၄/မအပ(နိုင်)၁၄၃၉၈၀ | 9505********9070 |
| ၁၇။ | ဦးမောင်စိုး | ဦးဘဖုံ | ၁၂/ဗဟန(နိုင်)၀၄၈၆၂၆ | 3565********5299 |
| ၁၈။ | ဦးဘိုဘိုမြင့် | ဦးလှမောင် | ၂/လကန(နိုင်)၀၆၁၂၄၂ | 9505********6284 |
| ၁၉။ | ဦးသန်းဝင်း | ဦးချစ်ဆွေ | ၁၂/လမတ(နိုင်)၀၂၀၇၅၉ | 6244********6147 |
| ၂၀။ | ဒေါ်နှင်းအိဖွေး | ဦးမောင်ဝင်း | ၁၂/ဒဂရ(နိုင်)၀၀၃၅၁၇ | 6244********2084 |
| ၂၁။ | ဒေါ်ဘောက်ထွယ် | ဦးလှဂျာ | ၁/မစန(နိုင်)၀၂၂၅၃၈ | 3565********9321 |
| ၂၂။ | ဒေါ်ဝတ်ရည်နှင်း | ဦးစောဦး | ၁၂/ဥကတ(နိုင်)၁၅၅၄၈၀ | 9505********2270 |
| ၂၃။ | ဒေါ်စောနန်းအေး | ဦးအောင်မောင်း | ၈/မသန(နိုင်)၀၀၀၄၇၄ | 9505********4226 |
| ၂၄။ | ဦးအောင်ဖြိုးကျော် | ဦးတင်ရွှေ | ၁၄/ဟသတ(နိုင်)၂၂၁၉၀၆ | 3565********6418 |
| ၂၅။ | ဒေါ်ဝင်းနုဝါ | ဦးစိုးရွှေ | ၅/အတန(နိုင်)၀၆၄၂၈၆ | 3565********2360 |
| ၂၆။ | ဦးကျော်မင်းအောင် | ဦးအေးကျော် | ၁/မကတ(နိုင်)၀၉၇၆၇၁ | 6244********1224 |
| ၂၇။ | ဒေါ်ခင်နှင်းအေး | ဦးဘိုဘို | ၁၂/ဗဟန(နိုင်)၀၀၂၉၀၃ | 3565********3269 |
| ၂၈။ | ဒေါ်ထွေးထွေးငယ် | ဦးမောင်စိန် | ၁၃/တကန(နိုင်)၃၀၀၁၅၈ | 9505********8655 |
| ၂၉။ | ဦးမျိုးသူရိန်အောင် | ဦးအောင်မြင့် | ၁၃/နခတ(နိုင်)၀၇၄၄၄၉ | 9505********4681 |
| ၃၀။ | ဒေါ်မျိုးပပခိုင် | ဦးလေးခန့် | ၁၂/ဒဂရ(နိုင်)၀၁၈၃၃၈ | 4550********6949 |
| ၃၁။ | ဒေါ်စန်းငယ်ငယ် | ဦးမန်းတင်မောင် | ၁၂/ရကန(နိုင်)၀၀၁၇၂၆ | 4550********4389 |
| ၃၂။ | ဦးနေဦးလှိုင် | ဦးမြင့်မောင် | ၁၃/တကန(နိုင်)၀၀၃၈၆၆ | 9505********3491 |
| ၃၃။ | ဒေါ်နှင်းအိငြိမ်း | ဦးတင်သိန်းမြင့် | ၁၂/မရက(နိုင်)၁၃၈၄၄၇ | 6244********0123 |
| ၃၄။ | ဦးအူမာဖာရွတ် | ဦးအီဆာ | ၁၂/ဗဟန(နိုင်)၀၈၃၁၂၈ | 6244********0682 |
| ၃၅။ | ဦးမင်းမင်းလတ် | ဦးခင်မောင်လတ် | ၉/မနမ(နိုင်)၁၁၁၆၉၆ | 9505********7124 |
| ၃၆။ | ဦးနေဗညားဦး | ဦးနေဝင်း | ၁၂/ဗဟန(နိုင်)၁၀၉၅၇၂ | 3565********8365 |
| ၃၇။ | ဒေါ်ခင်ယုမော် | ဦးဗမော် | ၁၂/ကမရ(နိုင်)၀၃၅၇၁၄ | 9509********3827 |
| ၃၈။ | ဦးချစ်ထွန်း | ဦးကျော်လွင် | ၁၂/သကတ(နိုင်)၁၈၂၃၅၈ | 3565********0442 |
| ၃၉။ | ဦးအောင်ကိုကို | ဦးနန်းမြင့် | ၇/မညန(နိုင်)၀၆၁၀၂၃ | 6244********7156 |
| ၄၀။ | ဒေါ်သူဇာဝင်း | ဦးကျော်ဦး | ၁၂/ဥကတ(နိုင်)၁၉၉၁၄၉ | 3565********9714 |
| ၄၁။ | ဦးပြည့်စိုးအောင် | ဦးအောင်သိန်းစိုး | ၈/မကန(နိုင်)၀၀၆၃၀၈ | 3565********2080 |
| ၄၂။ | ဦးသော်ဇင်ထွန်း | ဦးမြင့်ရွှေ | ၁၂/ကမရ(နိုင်)၀၆၄၉၅၄ | 9505********2810 |
| ၄၃။ | ဒေါ်မိုးသီတာ | ဦးလှမောင်ဦး | ၁၂/လသန(နိုင်)၀၀၇၃၆၂ | 3565********3421 |
| ၄၄။ | ဦးဇော်မော်ဦး | ဦးဇော်မြင့် | ၉/သကတ(နိုင်)၁၉၅၃၅၈ | 3565********4874 |
| ၄၅။ | ဒေါ်အေးအေးသွယ် | ဦးတင်ရှိုင်း | ၅/ဝသန(နိုင်)၀၀၆၉၇၁ | 6244********7386 |
| ၄၆။ | ဦးဇော်သောင်းထွဋ် | ဦးသောင်းတင် | ၉/ပဘန(နိုင်)၀၀၉၁၀၄ | 9505********7386 |
| ၄၇။ | ဒေါ်ယဉ်ယဉ်စိုး | ဦးစိုးသိန်း | ၁/မကန(နိုင်)၁၁၆၅၂၇ | 6244********3039 |
| ၄၈။ | ဦးစံသာအောင် | ဦးငွေးလွင် | ၈/ခမန(နိုင်)၁၃၉၅၃၁ | 4550********1908 |
| ၄၉။ | ဦးသက်မျိုးထွေး | ဦးမျိုးမြင့် | ၇/ရတရ(နိုင်)၀၈၃၄၆၃ | 3565********3555 |
| ၅၀။ | ဦးကျော်ဦး | ဦးမာမတ်ဆတ် | ၁၄/ပသန(နိုင်)၀၀၁၁၅၁ | 6244********7317 |

ကျန်ရှိသူများကိုလည်း ဆက်လက်ကြေညာသွားမည်ဖြစ်ပါသည်။

**ဧရာဝတီဘဏ်လီမိတက်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန်လိုအပ်သည့် အောက်ဖော်ပြပါ ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

(၁) အသိအမှတ်ပြု ဆေးဝါးများနှင့်လူနာသုံးဆေးပစ္စည်းများ
(၂) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
(၃) ဓာတ်ခွဲနှင့်သက်ဆိုင်သောပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၄-၁၂-၂၀၁၈ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဖုန်း-၀၁-၅၂၇၈၀၇၊ ၅၂၇၀၈၈**

---

## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ထားဝယ်မြို့၊ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအတွက် လိုအပ်သည့်ကတ္တရာများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | | အရေအတွက် |
|---|---|---|---|
| (က) | ကတ္တရာ (၈၀/၁၀၀) | | (၁၅၉.၃၃) မက်ထရစ်တန် |
| | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** | - | ၆-၁၂-၂၀၁၈ရက် ၁၀း၀၀ နာရီ |
| | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - | ၁၈-၁၂-၂၀၁၈ရက်၊ ညနေ ၄း၀၀ နာရီ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၁၂-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၄၈၁၊ ၀၅၉-၂၃၄၈၀**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၄၀၉၅ ဟွန်ဒါဒရိမ်း ND 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံမြင့် ၆/ထဝန(နိုင်)၀၀၆၁၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၅၄၂၀၃ ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ထွန်း ၇/ပခန(နိုင်)၃၀၁၀၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (ပဲခူး)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက်၊ နယ်မြေ(၈)၊ အကွက်အမှတ်ရ ၇^N၊ ကုလားကုန်းရပ်၊ ဦးပိုင်အမှတ် ၄၈ရှိ မြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အသစ် သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့် ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်တင်ရီ LPN ·၀၀၇၁၀၅**

---

## အများသိစေရန် အသိပေးကြေညာခြင်း

အမှတ်(၁၄၆၃)၊ စစ်တောင်းလမ်းနှင့် ပဒုမ္မာလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင်နေထိုင်သူ ဒေါ်ယုမွန်အေး (ဘ) ဦးသိန်းငွေ ၅/ဟမလ(နိုင်)၀၇၄၄၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၂၄၆/၂၀၁၈) ဖြင့် ၂၀-၁၁-၂၀၁၈ ရက်တွင် ထိုအမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းပြုလုပ်သုံးစွဲရန် မြွက်ဟကြေညာ မှတ်ပုံတင်သွင်းခြင်းစာချုပ်ကို ကျွန်ုပ်၏မိတ်ဆွေက တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။ ၎င်းကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက GI Pipe အမျိုးမျိုးဖြင့်ပြုလုပ်သော အရပ်(မီးအိမ်)များတွင် ထည့်သွင်းအသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ Internet, Website, E-Mail, Design တံဆိပ်တုံးများ၊ ဘောက်ချာများပေါ်တွင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုရိုက်နှိပ်၍ မြန်မာနိုင်ငံအနှံ့အပြားတွင် လုပ်ကိုင်သုံးစွဲသွားမည်ဖြစ်ပါသည်။ ယင်းကုန်အမှတ်တံဆိပ်အမှတ်အသားနှင့် အမည်ကိုအတုအပပြုလုပ်၍သော်လည်းကောင်း၊ ပုံတူပုံမှားထင်ယောင်ထင်မှားဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း အသုံးပြုခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲပါက ပြုလုပ်သုံးစွဲသူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သတင်းစာတွင်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ယုမွန်အေး**
**၅/ဟမလ(နိုင်)၀၇၄၄၉၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၃၈၈၉**
**အမှတ်(ဥ-၃၂၈၆)၊ ပုဂံ(၁)လမ်း၊ ရတနာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၃၅၉၉၅**

---

### အများသိစေရန်ကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၄၆၈ဧကရှိ မြေကွက်အမှတ် ပ-၁၇၁၅ ၏ နှစ် ၃၀မြေငှားစာချုပ် မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဦးမျိုးမြင့် ၁၃/လခတ(နိုင်)၀၀၀၆၄၁(ဘ) ဦးမြင့်စိုးမှ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးကြောင်းတင်ပြ၍ မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ပါ၍ မူလကထုတ်ထားပေးသည့် မြေငှားစာချုပ်အမှတ် ပုဗ္ဗသီရိ/သစ်-၂၀၄၂/၂၀၁၁-၂၀၁၂ ဦးမျိုးမြင့်အမည်ပေါက် နှစ်၃၀မြေငှားစာချုပ်မူရင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၉၀၂၅၃ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီအေး ၁၀/မလမ(နိုင်)၁၈၇၀၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ် ပ-၂၀၅၄၆၊ ဧရိယာ၀ဒသမ၁၁၀ဧကဦးတင်ရွှေ၊ ၉/ရမသ(နိုင်)၀၄၇၃၀၃ (ဘ)ဦးသံချောင်း အမည်ပေါက်နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၉၂/၂၀၁၈(၁၈-၉-၂၀၁၈) ဖြင့် မြေကွက်အမည်ပေါက်ဦးတင်ရွှေ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နွေမာစိုး ၁၁/ဘသတ(နိုင်)၀၂၁၉၂၄ (ဘ)ဦးမောင်ကျော်နိုင်မှ ဦးဝင်းနိုင် ၉/မထလ(နိုင်)၁၇၆၈၉၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**စာရေးဆရာမြတ်ငြိမ်း (ကွယ်လွန်)ရေးသားခဲ့သော စာမူများနှင့်ပတ်သက်၍**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀-ရပ်ကွက်၊ အမှတ် -၁၁၅၁၊ အောင်သုခလမ်းနေ စာရေးဆရာမြတ်ငြိမ်း(ကွယ်လွန်)၏ ဆက်ခံသူဇနီး ဒေါ်သန်းသန်းအေး ၁၂/မရက(နိုင်)၀၁၇၇၉၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

စာရေးဆရာမြတ်ငြိမ်း၏ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းအေးသည် ကွယ်လွန်သူ ဦးမြတ်ငြိမ်း၏ စာမူများနှင့်ပတ်သက်၍ တစ်ဦးတည်းသော ဆက်ခံခွင့်ရှိသူဖြစ်ပါသဖြင့် ဦးမြတ်ငြိမ်းရေးသားခဲ့သောစာမူများ၊ ထုတ်ဝေခဲ့သောစာအုပ်များအား ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းအေးခွင့်ပြုချက်၊ သဘောတူညီချက်မရှိပါဘဲ မည်သူတစ်ဦးတစ်ယောက်မျှထပ်မံ၍ ပြန်လည်ထုတ်ဝေခွင့်မရှိပါကြောင်းနှင့် ဒေါ်သန်းသန်းအေး သိရှိသဘောတူညီကြောင်း လက်မှတ်မပါရှိဘဲ ထုတ်ဝေခဲ့သည်ကိုတွေ့ရှိပါက သက်ဆိုင်ရာတရားဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန်းမာလာညွန့်**
**(စဉ်-၆၄၆၂/၁၉၉၇)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်မျိုးပပအောင်**
**(စဉ်-၃၉၂၀၁)**
**အထက်တန်းရှေ့နေ**

**အမှတ် ၅၇၊ မြေညီထပ်၊ အင်းဝလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၂၀၂၇၄၀၊ ၀၉-၅၁၅၆၅၁၄၊ ၀၉-၇၉၅၆၁၈၄၀၀**
**Panpansanmarlarnyunt @ gmail.com**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး-ဒေါ်ခိုင်ငြိမ်းအေး (အထပြ-ငြိမ်း)တို့၏ သားကြီး၊
မောင်ရဲထက်အောင် (B.Tech)၊ မလဲ့ရတီလင်းတို့၏အစ်ကို

**ဗိုလ်ကြီးထက်အောင်လင်း**
**M.B.,B.S (D.S.M.A)**

**နှင့်**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နေ ဦးဇော်သိန်းဝင်း-ဒေါ်စုစုလွင်
(ဇော်ကြီး-မွေးမြူရေးအစာနှင့်ဆေးဆိုင်)တို့၏ သမီးငယ်၊
ကိုစိန်မင်း-မချိုလွင်လွင်ဇော်၊ ကိုသီဟဇော်-မအိအိမွေး၊
ကိုအောင်ဘိုဘိုဇော်-မငြိမ်းစုကြည်တို့၏ညီမ

**ဒေါက်တာသိမ့်မို့မို့ဇော်**
**(B.V.Sc,M.VSc, Medicine)**

တို့၏ ၂-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် MICC-2 နေပြည်တော် Banquet Hall ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ ရဲအောင်နှင့်ဇနီး ဒေါ်ခိုင်မေကြူအားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဇေယျာကျော်ထင် စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးနှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့်ဇနီး ဒေါ်ဆွေဆွေမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့်ဇနီး ဒေါ်ခင်လှညွန့်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် ဇနီး ဒေါ်စန်းစန်းထွန်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော MRTV မှ ဦးအောင်အောင်ဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းဖြင့် ဖျော်ဖြေပေးပါသော နိုင်ငံကျော်တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ပေးပါသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေ၊ အပေါင်းအသင်းများ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသောသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးထက်အောင်လင်း-ဒေါက်တာသိမ့်မို့မို့ဇော်**

## တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း၊ သဘာဝခေါ်သံဖောင်ဒေးရှင်း

## ၂၃-ကြိမ်မြောက် ဂုဏ်ထူးဆောင်နာယကကြီးများပူဇော်ပွဲ

**နေ့ရက်** - ၈-၁၂-၂၀၁၈ (စနေနေ့)
**အချိန်** - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီ
**နေရာ** - တက္ကသိုလ်များဓမ္မာရုံကြီး၊ ရန်ကုန်

ခြေလျင်/တောင်တက် မိသားစုဝင်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်။

**(အပူဇော်ခံ နာယက အသက် ၇၂နှစ်မှ ၉၉နှစ်အတွင်း ၂၁ဦး)**

## မြန်မာအဏ္ဏဝါသိပ္ပံအသင်း(MSAM) ကေဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲ

မြန်မာအဏ္ဏဝါသိပ္ပံအသင်း(MSAM) ကေဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေမာလာရိပ်မွန်ရှိ Lion City စားသောက်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျေးဇူးရှင် ဆရာကြီးများ အပူဇော်ကန်တော့ခံကြွရောက်ပါရန်နှင့် အဏ္ဏဝါဇီဝဗေဒ/အဏ္ဏဝါသိပ္ပံကျောင်းနေဖက်သူငယ်ချင်းများ အတူတကွတွေ့ဆုံနိုင်ရေးအတွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မေးမြန်းစုံစမ်းလျှုဒါန်းလိုပါက ဦးထွန်းအေး ဖုန်း-၀၉-၇၉၉၅၆၂၀၀၁၊ ဦးထွန်းရီ ဖုန်း-၀၉-၄၄၈၀၅၀၇၄၃၊ ဦးစိုးလွင် ဖုန်း-၀၉-၅၀၉၄၄၄၃၊ ဦးနေထွန်းတင် ဖုန်း-၀၉-၅၀၉၆၉၅၅၊ ဒေါ်ခိုင်သီထွန်း ဖုန်း-၀၉-၅၁၀၁၄၅၃၊ ဦးစိုင်းအုန်းမြင့် ဖုန်း-၀၉-၅၁၃၁၀၀၉၊ ဦးသိန်းစိုးဝင်း ဖုန်း-၀၉-၉၆၂၀၄၅၈၉၃၊ ဦးမြစိုး ဖုန်း-၀၉-၂၅၂၅၃၈၄၆၄၊ ဦးပီတာ (မော်လမြိုင်) ဖုန်း-၀၉-၄၂၉၈၀၃၆၇၅၊ ဦးဗိုလ်တေဇ(ပဲခူး) ဖုန်း-၀၉-၅၃၀၀၂၀၇၊ ဦးခင်ဇော် (နေပြည်တော်) ဖုန်း-၀၆၇-၂၂၃၂၂၊ ဦးဒါန(မုံရွာ) ဖုန်း-၀၇၁-၂၁၃၀၂၊ ဒေါ်မီမီထွန်း(မြိတ်) ဖုန်း-၀၅၉-၄၂၅၄၇၊ ဒေါ်ထားထားအိ(ထားဝယ်) ဖုန်း-၀၉-၄၉၈၅၁၁၈၆တို့ထံ ဆက်သွယ်လျှုဒါန်းနိုင်ပါသည်။

**မြန်မာအဏ္ဏဝါသိပ္ပံအသင်းအမှုဆောင်ကော်မတီ**

## ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ (ရန်ကုန်)
## ဗောဓိသစ္စာအလုပ်ပေးတရားစခန်း (သတ္တမအကြိမ်)

ဖားအောက်တောရ ဓမ္မအလင်းရောင် ဗုဒ္ဓသာသနာ့ရိပ်သာ (ပေါင်မြို့နယ်)၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပတိမှ အမြတ်ဆုံးမှန်နိဗ္ဗာန်တရားတော်မြတ်သို့ ဧကန်ထုတ်ချောက်ရောက်ခြင်း၏ အကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတည်းဟူသော ရှေးဟောင်းလမ်းမြတ်အတိုင်း သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တို့ကို ပွားများအားထုတ်နိုင်ရန် အလို့ငှာ (၁၅)ရက်တိုင်တိုင် တက်သိနားလည်အောင် စနစ်တကျသင်ကြားပေးမှာ ဖြစ်ပါသည်။

**နေ့ရက်** - ၉-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မှ
၂၃-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ထိ
**အချိန်** - နံနက် ၉နာရီမှ ညနေ ၅နာရီအထိ
**နေရာ** - ဓမ္မဒါယာဒဗိမာန်တော်ကြီး၊ အမှတ် -၉၁/၉၂၊
သုခလမ်း၊ ၅ရပ်ကွက်၊ ကျောက်ရေတွင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
(သဗ္ဗညုပုထိုးတော်ကြီးအနီးကပ်လျက်)
**ဆက်သွယ်ရန် ဖုန်း** -၀၉-၅၁၅၉၁၂၄၊ ၀၉-၅၁၂၈၀၃၆၊
၀၉-၅၀၅၅၂၄၅၊ ၀၉-၂၅၃၀၃၅၀၀၂

## မြောင်းမြဆရာအတတ်သင်မြတ်ဆရာပူဇော်ပွဲ

၁၉၇၃-၇၄/၁၉၇၄-၇၅ ကျောင်းဆင်းများ၏ ကေဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁-၁-၂၀၁၉ ရက် (အင်္ဂါနေ့)
**အချိန်** - နံနက် ၉ နာရီမှ ၁၂ နာရီအထိ
**နေရာ** - ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံးခန်းမ
**ဆက်သွယ်ရန်** - ဦးစိုးသိန်း ဖုန်း-၀၉-၂၆၃၆၅၄၈၂၃
ဦးလှဌေး ဖုန်း-၀၉-၇၆၂၀၁၅၉၃၀
ဦးလွင်ပင် ဖုန်း-၀၉-၇၃၀၁၀၃၈၉

မြောက်ဥက္ကလာအဝိုင်းကြီး KBZ ဘဏ်ခွဲ ၀၇၀-၃၀၁-၀၇၀၀၀၁၈၁၇၀၁ သို့လည်း ပေးပို့လှူဒါန်းနိုင်ပါသည်။

## တောင်ငူမြို့၊ အထက(၂)၊ အမျိုးသားကျောင်း (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

တောင်ငူမြို့၊ အထက(၂) အမျိုးသားကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား တပည့်ဟောင်းများ စုပေါင်း၍ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး/ဆရာမကြီးများနှင့် တပည့်ဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၃-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၈ နာရီ
**နေရာ** - ဆရာကွန်းခန်းမ

ဆက်သွယ်လှူဒါန်းလိုပါက ဦးတင်မောင်လှ ဖုန်း-၀၉-၂၅၃၂၆၇၅၈၆
ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၈၉၆၃၀၀၈၂၇၊ ဦးခင်မောင်ဆွေ ဖုန်း-၀၉-၅၃၅၀၂၄၀

**ညစာစားပွဲအစီအစဉ်**

**နေ့ရက်** - ၂၂-၁၂-၂၀၁၈ ရက် (စနေနေ့)
**အချိန်** - ညနေ ၆ နာရီ
**နေရာ** - အထက(၂) ကျောင်းဝင်း တောင်ငူမြို့

ညစာစားပွဲလက်မှတ်များအား ဦးမောင်မောင်လွင် ဖုန်း-၀၉-၅၃၅၀၆၀၂ နှင့် ဦးညီညီအောင် ဖုန်း-၀၉-၅၃၅၁၀၆၇ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက (အလှပ်) အဋ္ဌမတန်းမှ မစုနှင်းပွင့်၏ ဖခင်အမည်မှန်မှာ မောင်ထွန်းထွန်းနိုင် ၁၀/ပမန(နိုင်)၁၅၂၄၁၁ ဖြစ်ပါသည်။

**မောင်ထွန်းထွန်းနိုင်**

## အမည်မှန်

ဝိုင်းမော်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ရုံးတန်းရပ်၊ အိမ်အမှတ် ၁၀၈နေ ဦးချန်းယော်၏သား မောင်ယော်ဇော်ဒန်၏ အမည်မှန်မှာ မောင်ယော်ဇော်တန် ဖြစ်ပါသည်။

## အမည်ပြောင်းခေါ်ပါရန်

ဦးထွန်းလှိုင်၏သမီး သီရိကလျာမင်း ၁၂/မဂတ(နိုင်)၀၀၂၄၁၉အား ယနေ့မှစ၍ မင်းမင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မင်းမင်းအောင်**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အလယ်ကျွန်းကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာနေ မောင်သိန်းကျော်နိုင်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၁၂-၈-၁၉၉၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

